# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်)ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့။ Monday, 9 October 2017 (၉၀၇၂)




## ရတနာစံကျောင်းတော်ဝင်ပွဲမင်္ဂလာနှင့် အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ ကျင်းပ

**ညောင်ရွှေ စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦး ဘုရားရုပ်ရှင်တော်မြတ်လေးဆူသည် သီတင်းကျွတ်လဆန်း ၁ ရက်မှ စ၍ အင်းလေးဝဲယာ ၂၁ ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိရာ ယနေ့ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်တွင် ရေသာကျေးရွာမှ မူလစံမြန်းတော်မူရာ နမ့်ဟူးရတနာစံကျောင်းတော်သို့ ပြန်လည်ကြွချီ၍ ကျောင်းတော်ဝင်ပွဲမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နမ့်ဟူးရတနာစံကျောင်းတော်မုခ်ဦး၌ ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ဖောင်တော်ဦးဘုရားရုပ်ရှင်တော်မြတ် ပထမအဆူကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများကလည်းကောင်း၊ ဖောင်တော်ဦးဘုရားရုပ်ရှင်တော်မြတ်ဒုတိယအဆူကို **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳**

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံသည့်အနေဖြင့် ပန်းချီ၊ ပန်းပု ပညာရှင်များ အမှတ်တရပန်းချီရေးဆွဲ

**ရန်ကုန် အောက်တိုဘာ ၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေမှုအပေါ် ထောက်ခံကြိုဆိုသည့်အနေဖြင့် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံး(ဗဟို) ပြခန်း၌ ပန်းချီ၊ ပန်းပုပညာရှင်များက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပုံတူပန်းချီကားများကို အမှတ်တရရေးဆွဲကြသည်။

"အမေ ဒေါ်အောင်ဆန်းစုကြည် လျှောက်လှမ်းနေတဲ့ ငြိမ်းချမ်းရေးခရီးစဉ်ကို ကြိုဆိုထောက်ခံတယ်။ နောက်တစ်ချက်ကတော့ အောက်စဖို့ဒ် တက္ကသိုလ်မှာရှိတဲ့ အမေ့ရဲ့ပန်းချီကားကို ဖယ်ရှားခံရတယ်။ ဒီလိုဖယ်ရှားခံရတာဟာ ကျွန်တော်တို့လို ပန်းချီအနုပညာရှင်တွေအနေနဲ့ တိုက်ရိုက်ပတ်သက်တယ်လို့ ယူဆတယ်။ ကျွန်တော်တို့ ရင်ထဲမှာရှိတဲ့ အမေ့အပေါ် ယုံကြည်မှုကိုတော့ ဖယ်ရှားလို့မရပါဘူး။ အမေ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်ပြီး တစ်ပြည်လုံးမှာလည်း ထောက်ခံပွဲတွေလုပ်နေကြတယ်။ ဒါ့ကြောင့် ကျွန်တော်တို့တွေကလည်း အမေ့ကိုထောက်ခံတဲ့အနေနဲ့ အမေနဲ့ အတူရှိနေတယ်ဆိုတာကို ပြသချင်လို့ အခုလိုလုပ်ဖြစ်ခဲ့တာပါ"ဟု မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံး(ဗဟို)မှ ဘဏ္ဍာရေးမှူး ဦးနေအောင်ရှုက ပြောသည်။

အဆိုပါပွဲကို မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံး(ဗဟို)က ကြီးမှူး၍ အနုပညာလှုပ်ရှားမှုအနေဖြင့် ကျင်းပခြင်းဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူပန်းချီကားများကို ပန်းချီ၊ ပန်းပု ပညာရှင် ၁၀၀ ခန့်က နံနက် ၁၀ နာရီမှ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✳**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပုံတူပန်းချီကားများကို ပန်းချီ၊ ပန်းပုပညာရှင်များက အမှတ်တရရေးဆွဲကြစဉ်။

## ချင်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဒေသန္တရစီမံကိန်းရေးဆွဲရာတွင် ပြည်သူများ ပိုမိုပါဝင်နိုင်ရန် ဖိတ်ခေါ်

စာမျက်နှာ » ၁၀

## ကလေးမြို့နယ်မှ ရေတိုက်စားမှုကြောင့် ပေါ်ထွက်လာခဲ့သော ရှေးဟောင်းအုတ်ရိုးတန်းကို စနစ်တကျ တူးဖော်လေ့လာသွားမည်

စာမျက်နှာ » ၁၇




# မာယာထောင်ချောက်အတွင်း မသက်ဆင်း

လိုချင်တပ်မက်မှုသဘောသည် “လောဘ”ဖြစ်သည်။ လိုချင်သည်၊ တပ်မက်သည်ဟုဆိုသော်လည်း ကာမဂုဏ်ဆိုင်ရာ လိုချင်တပ်မက်မှုသာလျှင် “လောဘ”ဟုဆိုသည်။ တရားကိုလိုချင်မှု၊ စာပေဗဟုသုတကို လိုချင်မှု၊ နွမ်းပါးသူကို ပေးကမ်းလို၍ ငွေကြေးဥစ္စာကို လိုချင်မှု စသည့်ကောင်းသောအရာ၌ လိုချင်မှုတို့သည် လောဘမဟုတ်ချေ။ သို့ဖြစ်၍ လောဘအစစ်နှင့် လောဘအစစ်မဟုတ်သည်တို့ကို ခွဲခြားရှုမြင်သင့်သည်။ လောဘစစ်စစ်ကို သရုပ်ခွဲကြည့်လျှင် ‘ပေမ’ ဟု လည်းကောင်း၊ ‘တဏှာ’ဟု လည်းကောင်း၊ ‘ရာဂ’ ဟု လည်းကောင်း၊ ‘သမုဒယ’ ဟု လည်းကောင်း အမျိုးမျိုးအမည်တပ်ခေါ်ဆိုနိုင်သေးသည်။ မည်သို့ပင်ဆိုစေကာမူ လောဘစစ်စစ်ဟူသည် ဒုက္ခဖြစ်စေကြောင်း ‘ဒုက္ခလောင်း’ ဟု ခေါ်ဆိုထိုက်၏။ ပုထုဇဉ်လူသားတို့သည် လောဘနှင့် မကင်းနိုင်သောကြောင့် သံသရာ၌ ဒုက္ခဆင်းရဲနှင့်ယှဉ်တွဲ၍ တဝဲလည်လည် ကပ်ငြိကြရသည်။

ယခုအခါ များသောအားဖြင့် မြင်တွေ့နေကြရသော ဒုက္ခကြီးငယ်အသွယ်သွယ်တို့မှာ တဏှာလောဘ သမုဒယတို့ကြောင့်သာ ဒုက္ခဖြစ်နေကြရသဖြင့် လောဘကြီးလျှင် ဒုက္ခကြီးပြီး လောဘငယ်လျှင် ဒုက္ခငယ်ကာ လောဘမရှိလျှင် ဒုက္ခမရှိဖြစ်ကြရမည်သာ။ ဤတွင် လောဘ၏ အပေါင်းအဖော်၊ လောဘ၏ အဓိကလက်သည် မာယာကိုလည်း သိထားသင့်၏။ မာယာကြောင့် လောဘဖြစ်လာရ၏။ မာယာသည် မျက်လှည့်သည်နှင့်တူ၏။ မျက်လှည့်သမားသည် ကျောက်ခဲကို ရွှေတုံးထင်အောင် လှည့်စားနိုင်သကဲ့သို့ လူတစ်ဖက်သား အထင်မှားအောင် မိမိမှာရှိသောအပြစ်၊ အမှားကို ဖုံးကွယ်တတ်သည်။ အမှားမရှိသကဲ့သို့ ဟန်ဆောင်တတ်သည်။

မျက်မှောက်ကာလတွင် မာယာသဘောအမျိုးမျိုး ပေါများလှသည်။ လူမှုရေးတွင်လည်း မာယာ၊ စီးပွားရေးတွင်လည်း မာယာ၊ နိုင်ငံရေးတွင်လည်း မာယာ စသည်ဖြင့် မာယာအဖုံဖုံပေါများလှသည်။ လောဘ၊ ဒေါသ၊ မောဟများလျှင်များသလို မာယာထောင်ချောက်အတွင်း သက်ဆင်းကြရ၏။ မာယာလောကမှ ရုန်းမထွက်နိုင်အောင် ဖြစ်ကြရ၏။ မာယာလောကအတွင်း ဒုက္ခအမျိုးမျိုး ကြုံတွေ့ကြရ၏။

ယခုတလော စီးပွားရေးလောကအတွင်း လှည့်စားမှုမာယာများကြောင့် လောဘသားကောင်ဖြစ်ပြီး ဒုက္ခရောက်ပုံတို့ကို မြင်တွေ့ကြားသိနေရ၏။ ယခင်က ထိုသို့သောလှည့်စားမှုမျိုးနှင့် ကြုံတွေ့ခဲ့ဖူးသော်လည်း ပုထုဇဉ်လူသားများမှာ လောဘအမှောင်ဖုံးလွှမ်းသောကြောင့် မာယာ၏ လှည့်စားမှု ဒုက္ခတွင်းသို့ သက်ဆင်းကြရ၏။ လူ၏ ရလိုမှုလောဘကို မက်လုံးဖြင့်ဖြားယောင်း၏။ လတ်တလော မြိုးမြိုးမြက်မြက်ရလာရာမှ တဖြည်းဖြည်း လောဘတက်လာ၏။ ဆတိုးရလိုမှုကြောင့် ဆတိုးရင်းနှီးမြှုပ်နှံကြ၏။ အစုအပုံဖြစ်လာသောအခါ အထုပ်ပိုက်ထွက်ပြေးသဖြင့်ရှိသမျှ အသပြာများဆုံးရှုံးကာ ဝမ်းနည်းပက်လက် ပူဆွေးသောကရောက်ကြရ၏။

လောကတွင် တံလျှပ်ကိုရေထင် ရွှေသမင်အလိုက်မှားကာ ကိုယ်ကျိုးနည်းရပုံတို့ အမျိုးမျိုးရှိသည်။ အသိအမြင်နည်းပါးမှု၊ လောဘဖြစ်မှုနှင့် မောဟ အမှောင်ဖုံးလွှမ်းမှုတို့၏ အကျိုးဆက်များဟု ဆိုရမည်ဖြစ်သည်။ လူမှုလောက မာယာများ၊ စီးပွားရေးလောက မာယာများ၊ နိုင်ငံရေးလောက မာယာများ ထူပြောနေသော လောကတွင် အသိအမြင်ဗဟုသုတမများသရွေ့၊ ကျိုးကြောင်းဆင်ခြင် နိုင်စွမ်းမရှိသရွေ့၊ ယောနိသော မနသိကာရ နှလုံးမသွင်းနိုင်သရွေ့ မာယာလောကအတွင်း၌ သံသရာလည်နေဦးမည်သာဖြစ်သည်။

ခေတ်မီတိုးတက်သော ခေတ်ကာလတွင် ရှေးယခင်ကကဲ့သို့ လူချင်းတွေ့မှသာ လှည့်ဖြားမှုမာယာတို့နှင့် ကြုံတွေ့ရသည့် အခြေအနေမဟုတ်တော့ချေ။ မာယာမှာ ကမ္ဘာပတ်ကာ ချက်ချင်းလက်ငင်း လှည့်ဖြားနိုင်သော အခြေအနေကောင်းကို ပိုင်ဆိုင်ထားပြီဖြစ်သည်။ အများသူငါတို့ကလည်း လူမှုကွန်ရက်ကိုသာ အသုံးပြုကြသဖြင့် အလွယ်တကူ ကြုံတွေ့ကြရသည်။ သို့သော် အမှားအမှန်၊ အကောင်းအဆိုး၊ မှန်ကန်ခိုင်မာမှုရှိ၊ မရှိ၊ ဘေးထွက်ဆိုးကျိုးရှိ၊ မရှိ သေချာဆန်းစစ်ကြည့်ဖို့လိုမည်ဖြစ်သည်။

သို့ဖြစ်ရာ လူအများအား ဒုက္ခကြုံတွေ့စေနိုင်သော မာယာထောင်ချောက်အတွင်းသို့ မသက်ဆင်းစေရန်အတွက် ဆင်ခြင်တုံတရား လက်ကိုင်ထားကာ မတော်လောဘ၊ မတော်မောဟ၊ မတော်ဒေါသစိတ်ထားများ မမွေးကြဖို့ အလေးအနက်တိုက်တွန်းချင်ပါသည်။ ။

# မန္တလေးကုန်စည်ပြပွဲ ကျင်းပ၊ ကုမ္ပဏီ ၄၀ ကျော်မှ ပြခန်း ၇၀ ဖွင့်လှစ်၊ အထူးနှုန်းဖြင့် မိတ်ဆက်ရောင်းချ




**မန္တလေး အောက်တိုဘာ ၈**

MANDALAY DISCOUNT FAIR & BRAND NEW CAR SHOW ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ ကုန်စည်ပြပွဲမုခ်ဦးရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောနှင့် ဧည့်သည်တော်များသည် ကုန်စည်ပြပွဲ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုအားပေးကြသည်။

မန္တလေး အထူးကုန်စည်ပြပွဲနှင့် မော်တော်ယာဉ်သစ်များ ပြပွဲတွင် အီလက်ထရွန်နစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အလှကုန်များ၊ အဝတ်အထည်နှင့် အလှဆင်ဖန်စီပစ္စည်းများ၊ တရုတ်နိုင်ငံမှ တင်သွင်းသော မိုဘိုင်းဖုန်းများ၊ စာရေးကိရိယာများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ အုတ်ရိုက်စက်များ၊ အိန္ဒိယနိုင်ငံမှ တင်သွင်းသော HERO ဆိုင်ကယ်များ၊ ဂျပန်နိုင်ငံမှ တင်သွင်းသော မော်တော်ယာဉ်အမျိုးမျိုး၊ ကိုရီယားသမ္မတနိုင်ငံမှ တင်သွင်းသော မော်တော်ယာဉ်များ၊ ယာဉ်အပိုပစ္စည်းများ၊ စက်ဆီ၊ ချောဆီများ အပါအဝင် ကုမ္ပဏီ ၄၀ ကျော်မှ ပြခန်းပေါင်း ၇၀ ကျော် ခင်းကျင်းပြသထားသည်။

ကုမ္ပဏီများက ထုတ်ကုန်များအား အထူးနှုန်းဖြင့် ရောင်းချပေးရာ လာရောက်ဝယ်ယူသူများ၊ လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။ မန္တလေးကုန်စည်ပြပွဲနှင့် နောက်ဆုံးပေါ် မော်တော်ယာဉ်သစ်များ အရောင်းပွဲတော်ကို အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်အထိ နံနက် ၉ နာရီမှ ည ၇ နာရီအထိ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ပဉ္စမအကြိမ် အိမ်ရာနှင့် နေထိုင်မှုပြပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

ပဉ္စမအကြိမ်အိမ်ရာနှင့် နေထိုင်မှုပြပွဲ (The 5th Housing & Living 2017)ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်တိုင်တိုင် အခမဲ့ပြသမည်ဖြစ်သည်။

ပြပွဲတွင် ပြည်တွင်း၊ ပြည်ပမှ ကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာအရောင်းပြခန်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ကွန်ကရစ်လုပ်ငန်းများ၊ အိမ်အမိုးပြားများ၊ အိမ်သုတ်ဆေးများ၊ ကြမ်းခင်းများ၊ ရေချိုးခန်းသုံးပစ္စည်းများ၊ ကြွေပြားကျောက်ပြားများ၊ ခေတ်မီပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တံခါးများ၊ မျက်နှာကြက်များ၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာ ဘဏ်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာ အာမခံလုပ်ငန်းများမှ ဈေးကွက်အတွင်းနှင့် သုံးစွဲသူ ပြည်သူလူထုအတွင်း အရှိန်အဟုန်ပြင်းစွာ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့်ထိုးဖောက်နိုင်စေရန် ရည်ရွယ်၍ စီစဉ်ကျင်းပမည့်ပြပွဲဖြစ်သည်။ တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာတိုက်ခန်းများကို ဘဏ်များနှင့် ချိတ်ဆက်ကာ အထူးဈေးနှုန်းများဖြင့် ကြိုတင်ငွေအနည်းငယ်ပေးသွင်းရုံဖြင့် အရစ်ကျငွေပေးချေခြင်းအစီအစဉ်များဖြင့် ရောင်းချကြမည်ဖြစ်သည်။

“အိမ်ရာနဲ့ ပတ်သက်တဲ့ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲစီမံကိန်းတွေ၊ ပြောင်းလဲလာတဲ့ နေထိုင်မှုဘဝတွေနဲ့အညီ အဆင့်အတန်းမြင့်အသုံးအဆောင်ပစ္စည်းတွေကို စုပေါင်းခင်းကျင်းပြသမှာဖြစ်တဲ့အတွက် အရည်အသွေးပိုင်းကို မျက်မြင်သိရှိပြီး မှန်ကန်စွာရွေးချယ်နိုင်ကြမှာဖြစ်ပါတယ်”ဟု ဈေးကွက်လက်ထောက်မန်နေဂျာ ကိုမြင့်ဇော်က ရှင်းလင်းပြောကြားသည်။

ပြပွဲရက်များအတွင်း လာရောက်လေ့လာသူများ အသိပညာဗဟုသုတများရရှိစေရန် အောက်တိုဘာ ၁၃ ရက်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အောက်တိုဘာ ၁၄ ရက်တွင် “၂၀၁၈ မြန်မာ့စီးပွားရေး”ခေါင်းစဉ်ဖြင့် ဦးကျော်ကျော်လှိုင် (Chairman- Smart Group)၊ ဦးစိုင်းခွန်နောင် (Chairman -ရန်ကုန်တိုင်း အိမ်ခြံမြေလုပ်ငန်းရှင်များအသင်း)၊ ဦးမျိုးမြင့်(Chairman- MKT Construction)တို့က လည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် “အာဆီယံ စီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC)”နှင့် အိမ်ခြံမြေဈေးကွက်ခေါင်းစဉ်ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ Trade Training Institute မှ ဦးသိန်းမြင့်ဝေတို့က အသီးသီးဆွေးနွေးဟောပြောကြမည်ဖြစ်ရာ အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# အမုန်းတရားများ၊ ဖိအားများကို မေတ္တာဖြင့်တုံ့ပြန်ရေး ဘာသာပေါင်းစုံဆုတောင်းပွဲများ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၈**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(မန္တလေးတိုင်းဒေသကြီး)မှ ကြီးမှူး၍ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်တို့တွင် ဘာသာပေါင်းစုံဆုတောင်းပွဲများကို အပတ်စဉ် အင်္ဂါနေ့တိုင်း အောက်တိုဘာ ၁၀၊ ၁၇၊ ၂၄၊ ၃၁ ရက်များတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဘာသာပေါင်းစုံ ချစ်ကြည်ရေးဆုတောင်းပွဲများကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၆၂)လမ်း ပြည်သူ့ရင်ပြင်၌ ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်သည်။ အမုန်းတရားများ၊ ဖိအားများ၊ တွန်းအားများကို ပြည်သူလူထုက မေတ္တာဖြင့်တုံ့ပြန်မည့် ဘာသာပေါင်းစုံဆုတောင်းပွဲသို့ ပြည်သူများ ပူးပေါင်းပါဝင်ကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။ **(မောင်ပြည်သူ)**

# မော်တာစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**သုံးခွ အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အဇန်းတောစွန်းကျေးရွာတွင် ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မော်တာစက်ချုပ်သင်တန်းဆင်းပွဲကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်ဆုရသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **ကိုကျော်(သုံးခွ)**

# မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဒီးမော့ဆို အောက်တိုဘာ ၈**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် မှုခင်းကျဆင်းရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီခွဲတွင် ဆောင်ဒူရွာသစ်ကျေးရွာအုပ်စု ဆီးလီဒုန်းကျေးရွာ ဘုရားကျောင်းခန်းမ၌ ဒေသခံပြည်သူ ၁၇၀ ခန့်အား မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းက ရပ်ကွက်/ကျေးရွာအတွင်းရှိ လူငယ်လူရွယ်များအကြား မူးယစ်ဆေးဝါးအန္တရာယ် ပျံ့နှံ့မှုမရှိစေရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး ရှင်းလင်းပြောကြားပြီး ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူး ဇေယျမင်းက မြို့နယ်အတွင်း ယာဉ်တိုက်မှုမဖြစ်ပေါ်စေရေးအတွက် ယာဉ်မောင်းသူများ လိုက်နာရမည့် စည်းကမ်း၊ လမ်းအသုံးပြုသူများ လိုက်နာရမည့် စည်းကမ်းနှင့် ယာဉ်တိုက်မှုဖြစ်ပွားရသည့် အကြောင်းအရင်းများကို ရှင်းလင်းပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၂ ပါ ဝေဘူဆရာတော်ကြီးရုပ်တု ပင့်ဆောင်အပူဇော်ခံသတင်း စတုတ္ထပိုဒ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ဖျာပုံ၊ ဒေးဒရဲနှင့်ကော့မှူးမြို့နယ်ရှိ ကျောင်းများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကြည့်ရှုစစ်ဆေး



**ရန်ကုန် အောက်တိုဘာ ၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကနိကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ကနိကျေးရွာအခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိမ်းဆွေနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ယူတတ်မြောက်မှုအခွင့်အလမ်းမြင့်မားရေးအတွက် ကျောင်းအသစ်များတိုးချဲ့ဖွင့်လှစ်ပေးခဲ့ရာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း ၄၁၃၆၁ ကျောင်းရှိပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း ၄၆၄၉၃ ကျောင်းအထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ တိုးတက်လာသည့် ကျောင်းသား ကျောင်းသူများကို သင်ကြားနိုင်ရန် ဆရာ ဆရာမ အသစ်များကိုလည်း ခန့်အပ်ပေးခဲ့သည့်အတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ဆရာ ဆရာမဦးရေ ၂၇၇၅၈၄ ဦးရှိရာမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဆရာ ဆရာမဦးရေ ၃၆၉၆၆၁ ဦးအထိ တိုးမြှင့်ခန့်ထားပြီး ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မည်သည့်ခွဲခြားမှုမျှမရှိဘဲ ကျောင်းသား ကျောင်းသူများကို ကျောင်းအပ်လက်ခံခြင်း၊ အခက်အခဲအကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် ဆုံးရှုံးနေသူများကို ပညာသင်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ မည်သည့်ငွေကြေး၊ လက်ဆောင်ပစ္စည်းကိုမျှလက်မခံဘဲ စေတနာ၊ ဝါသနာစိတ်ဓာတ်အပြည့်ဖြင့် အနစ်နာခံ သင်ကြားလေ့ကျင့်ပေးသည့်အတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ရှစ်သန်းရှိသော်လည်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် ကျောင်းသား ကျောင်းသူစုစုပေါင်း ၉ ဒသမ ၁ သန်းထိ တိုးတက်လာခဲ့ကြောင်း။

ယခင်က ၁၁ တန်း အခြေခံပညာရေးစနစ်ကို နိုင်ငံတကာတွင်ကျင့်သုံးနေသည့် KG+12 အခြေခံပညာရေးစနစ်ကို စတင်ကူးပြောင်းနေပြီဖြစ်ပါကြောင်း၊ သူငယ်တန်းနှင့် မူလတန်း သင်ရိုးညွှန်းတမ်းများနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဆရာလမ်းညွှန်စာအုပ်များကို ဂျပန်နိုင်ငံ JICA နှင့်ပူးပေါင်းရေးဆွဲလျက်ရှိပြီး အလယ်တန်း၊ အထက်တန်းသင်ရိုးညွှန်းတမ်းများကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ဥရောပသမဂ္ဂ(EU)တို့နှင့်ပူးပေါင်းရေးဆွဲလျက်ရှိကြောင်း၊ သူငယ်တန်းသင်ရိုးသစ်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် စတင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် Grade-1 သင်ရိုးအသစ်ကို စတင်သင်ကြားနေပြီဖြစ်ကြောင်း၊ Grade-12 အထိ သင်ရိုးညွှန်းတမ်းအသစ်များကို ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ရေးဆွဲပြီးစီးမည်ဖြစ်ကြောင်း၊ ယင်းသင်ရိုးညွှန်းတမ်းအသစ်များတွင် ကျောင်းသားဗဟိုပြု သင်ကြားနည်းစနစ်ကို ဦးတည်ရေးဆွဲထားပြီး ကျောင်းသား ကျောင်းသူများ၏စဉ်းစားဝေဖန်ပိုင်းခြားနိုင်သည့် စွမ်းရည်၊ တီထွင်ဖန်တီးနိုင်သည့် စွမ်းရည်၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်သည့်စွမ်းရည် အစရှိသည့် စွမ်းရည်များကို အသုံးချပြီး လေ့လာသင်ယူနိုင်ရန် ရေးဆွဲလျက်ရှိကြောင်း၊ အလွတ်ကျက်မှတ်သင်ကြားနည်းမှ စဉ်းစားတွေးခေါ်မှုများကို ပိုမိုအားကောင်းလာစေရေးအတွက် ဆရာ ဆရာမအားလုံး စနစ်သစ်သင်ရိုးညွှန်းတမ်းအသစ်များ၏ သင်ကြားနည်းစနစ်များကို သိရှိနားလည်နိုင်ရန် သင်တန်းများပို့ချလျက်ရှိကြောင်း၊ အရည်အသွေးပြည့်ဝသော ပညာရေးကို အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်ချက်၊ အခက်အခဲ၊ စိန်ခေါ်မှုများဖြစ်သည့် ဆရာ၊ ကျောင်းဆောင်၊ စာသင်ခန်း၊ စာသင်ခုံ၊ သန့်စင်ခန်း၊ သန့်ရှင်းသောရေ၊ သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်၊ သိပ္ပံခန်း၊ အားကစား၊ ပန်းချီ၊ ဂီတ၊ အနုပညာ စသည်တို့ကို ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန်အတွက်လည်း အရေးကြီးကြောင်း၊ သို့သော် နိုင်ငံတော်၏ခွင့်ပြုဘဏ္ဍာငွေဖြင့် ဖြည့်ဆည်းပေးရခြင်းဖြစ်သည့်အတွက် ညီတူမျှတ လိုအပ်ချက်များသည့် ဒေသများကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ငြိမ်းချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးများသည် ပညာရေးနှင့်ဆက်စပ်နေ၍ မူလတန်းပညာသင်ယူနေသူအားလုံး မူလတန်းပညာသင်ယူပြီးမြောက်၍ အလယ်တန်း၊ အထက်တန်းအဆင့်များကို ဆက်လက်သင်ယူ ပြီးမြောက်ရေးနှင့် ကျောင်းသား ကျောင်းသူများ၏ ဝါသနာ၊ အရည်အချင်းများအရ အသက်မွေးဝမ်းကျောင်း သင်တန်းများနှင့် အဆင့်မြင့်ပညာရေးတို့ကို ဆက်လက်သင်ယူနိုင်ရန် ပြည်သူနှင့်အတူ ဦးတည်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေမြဲရေးနှင့် ကျောင်းထွက်သူပပျောက်ရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူတာဝန်ခံပြီး တီထွင်ကြံဆနိုင်သော လူသားကောင်းများ ဖြစ်လာစေရေးနှင့် ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးရေး အထောက်အကူပြုဖော်ဆောင်နိုင်မည့် လူငယ်မောင်မယ်များဖြစ်အောင် ပြုစုပျိုးထောင် သင်ကြားသင်ယူလေ့ကျင့်နိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကနိအခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မေငြိမ်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးဦးမျိုးကြိုင်တို့က ကျေးဇူးတင်စကားပြောကြားကြပြီး ဖျာပုံမြို့မှ အလှူရှင်များက ကနိအခြေခံပညာအထက်တန်းကျောင်းသို့ အလှူငွေများ ပေးအပ်ကြရာ ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ဖျာပုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဖျာပုံမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းများသို့ရောက်ရှိပြီး စာသင်ခန်းများ၊ ကျောင်းဆောင်များကို လှည့်လည်ကြည့်ရှုသည်။

ညနေပိုင်းတွင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ကျင်းပသည့် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ဆုရကျောင်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးသင် ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲသို့တက်ရောက်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ရှိ ဘိုကလေးပညာရေးကောလိပ်မှ မူလတန်းဆရာအတတ်စာပေးစာယူ တစ်နှစ်သင်တန်း သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံခဲ့သည်။

အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် သဲကုန်းကလေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ လေးအိမ်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းများသို့ ရောက်ရှိပြီး စာသင်ခန်းများ၊ ကျောင်းဆောင်များအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒေးဒရဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်းနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားသို့တက်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကော့မှူးမြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

❏

# ကျောက်ဆည်ဘိလပ်မြေစက်ရုံနှင့် ကျောက်ဆည်မှန်စက်ရုံတို့ကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် အောက်တိုဘာ ၆ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် စက်မှုနယ်မြေရှိ စက်မှုဝန်ကြီးဌာနမှ Myanmar Conch Co., Ltd. သို့ ငှားရမ်းထားသည့် အမှတ် (၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်ဘိလပ်မြေစက်ရုံ)သို့ရောက်ရှိပြီး ဘိလပ်မြေထုတ်လုပ်ပုံအဆင့်ဆင့်နှင့် လျှပ်စစ်ထုတ်လုပ်ရေးဌာနတို့တွင် စွန့်ပစ်အပူဖြင့် လျှပ်စစ်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် စက်မှုဝန်ကြီးဌာနမှ International Glass Co., Ltd. သို့ ငှားရမ်းထားသည့် အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်မှန်စက်ရုံ) သို့ရောက်ရှိပြီး အရောင်မှန် (Colour Coated Glass) များထုတ်လုပ်နေမှုအခြေအနေ၊ ရိုးရိုးမှန်ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်နှင့် ကုန်ကြမ်းများကို စနစ်တကျထိန်းသိမ်းထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်မှန်စက်ရုံ) အနေဖြင့် ရိုးရိုးမှန် အကြည် (Clear Glass) များအပြင် ဆိုလာမှန်ဟုလူသိများသည့် အရောင်မှန် (Colour Coated Glass) များကို ထပ်မံထုတ်လုပ်လျက်ရှိသည်။ စက်ရုံမှထုတ်လုပ်သည့် ဆိုလာမှန်ဟု လူသိများသည့် အရောင်မှန်များသည် မျက်နှာပြင်ညီညာပြန့်ပြူး၍ လှိုင်းမရှိခြင်း၊ ပြည်ပနိုင်ငံများမှ တင်သွင်းသည့် အရောင်မှန်များထက် ဈေးနှုန်းပျမ်းမျှ ငါးရာခိုင်နှုန်းခန့် သက်သာခြင်း၊ အပူနှင့်အလင်းပေါက်နှုန်း ၆ ဒသမ ၈ ရာခိုင်နှုန်းသာရှိ၍ UV နှင့်အပူကိုကာကွယ်နိုင်ခြင်း စသည့် အရည်အသွေးများနှင့် ပြည့်မီကောင်းမွန်ကြောင်း သိရသည်။ မှန်စက်ရုံများရှိ မှန်ရည်ကျိုမီးဖိုများသည် ရပ်တန့်၍မရဘဲ ၂၄ နာရီ လည်ပတ်ရသော စက်ရုံများဖြစ်ပြီး စက်ရုံမှ အစိမ်းရင့်၊ အပြာနု/အပြာရင့်၊ မိုးပြာရောင်နှင့် ဆီးရောင်မှန်များကို တစ်နေ့လျှင် တန် ၃၀ ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

✪



**ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကျောက်ဆည်မှန်စက်ရုံတွင် Colour Coated Glass ထုတ်လုပ်မှုအား ကြည့်ရှုစစ်ဆေးစဉ်။**

# ကာတာလိုနီးယားဒေသ တစ်ဖက်သတ်လွတ်လပ်ရေးကြေညာပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဆင့်အတန်းကို ပြန်လည်ရုပ်သိမ်းဖွယ်ရှိဟုဆို



စပိန်ဝန်ကြီးချုပ် မာရီယာနိုရေဂွိုင်း။

**ဘာစီလိုနာ အောက်တိုဘာ ၈**

ကာတာလိုနီးယားဒေသသည် လွတ်လပ်ရေးကြေညာမှုကို တစ်ဖက်သတ်ပြုလုပ်ပါက ယင်းဒေသ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်အတန်းကို ပြန်လည်ရုပ်သိမ်းနိုင်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ပိုင်ခွင့်အာဏာများကို အသုံးချကောင်းချရမည်ဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ် မာရီယာနိုရေဂွိုင်း၏ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ကာတာလိုနီးယားဒေသသည် လွတ်လပ်ရေးကြေညာရန် စီစဉ်ထားမှုကို မြန်နိုင်သမျှအမြန်ဆုံး ပြန်လည်ရုပ်သိမ်းစေလိုကြောင်း ဝန်ကြီးချုပ်ရေဂွိုင်းက ပြောကြားသည်။

ကာတာလိုနီးယားဒေသသည် တစ်ဖက်သတ်လွတ်လပ်ရေးကြေညာပါက ယင်းဒေသအား အပ်နှင်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်အတန်းကို ဆိုင်းငံ့ထားရေး နည်းလမ်းအပါအဝင် နည်းလမ်းအားလုံးကို မိမိတို့ စဉ်းစားလျက်ရှိကြောင်း ဝန်ကြီးချုပ် ရေဂွိုင်းက အောက်တိုဘာ ၈ ရက်ထုတ် အယ်လ်ဖိုက်စ်သတင်းစာ၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

ကာတာလိုနီးယားဒေသအရေးနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးနိုင်ဖွယ် ရှိ၊ မရှိ သတင်းထောက်က မေးမြန်းရာတွင် ဝန်ကြီးချုပ် ရေဂွိုင်းက ယင်းသို့ပြောကြားခြင်းဖြစ်သည်။

အောက်တိုဘာ ၁ ရက်တွင် ကာတာလိုနီးယားပြည်သူ့ဆန္ဒခံယူပွဲကျင်းပခဲ့ချိန်နောက်ပိုင်း ဝန်ကြီးချုပ် ရေဂွိုင်းက ပထမဆုံးအကြိမ်အထင်ကရသတင်းစာကြီးတစ်စောင်၏ လူတွေ့မေးမြန်းခန်းတွင် ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။ ကာတာလိုနီးယားဒေသသည် လွတ်လပ်ရေးကြေညာရန် ဦးတည်လှုပ်ရှားရာမှ ဖြစ်ပေါ်လာရသည့် နိုင်ငံရေးအကျပ်အတည်းကို စေ့စပ်ဆွေးနွေးဖြေရှင်းရန် တောင်းဆိုမှုများ ပေါ်ထွက်လာခဲ့ပြီး ဘာစီလိုနာနှင့် မက်ဒရစ်မြို့များ၌ ခွဲထွက်မှုကို ဆန့်ကျင်သော ဆန္ဒပြပွဲများဖြစ်ပွားခဲ့သည်။

တစ်ဖက်သတ်လွတ်လပ်ရေးကြေညာခြင်းကို ပြန်လည်ရုပ်သိမ်းရန် အချိန်ရှိနေဆဲဖြစ်ကြောင်း၊ မက်ဒရစ်ရှိ ဗဟိုအစိုးရအဖွဲ့၏ ပြင်းထန်သောတုံ့ပြန်မှုဖြစ်ပေါ်လာခြင်းမရှိစေရန် ကာတာလိုနီးယားခေါင်းဆောင်များက ရှောင်ရှားကြစေလိုကြောင်း လူတွေ့မေးမြန်းခန်းတွင် ဝန်ကြီးချုပ် ရေဂွိုင်းက ပြောကြားသည်။

ညီညွတ်မှုမပြိုကွဲရေးအတွက် ဗဟိုအစိုးရအဖွဲ့အနေဖြင့် စေ့စပ်ဆွေးနွေးမှုကိုလက်ခံရန် တိုက်တွန်းပြောဆိုမှုများကို ဝန်ကြီးချုပ် ရေဂွိုင်းက ပယ်ချလိုက်ပြီး တစ်စုံတစ်ရာသော ခြိမ်းခြောက်မှုအောက်တွင် ဆွေးနွေးမှုပြုလုပ်နိုင်မည်မဟုတ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ရိုက်တာ။**

# ကာလီနင်ဂရက်၌ စစ်လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်



**မော်စကို အောက်တိုဘာ ၈**

ရုရှားနိုင်ငံ ဘောလ်တစ်ကမ်းခြေ ကာလီနင်ဂရက်ဒေသရှိ စစ်ဘက်ဆိုင်ရာလေယာဉ်ကွင်းကို အကြီးစား မွမ်းမံပြင်ဆင်လျက်ရှိပြီး လေယာဉ်ကွင်း အဆင့်မြှင့်တင်ရေး ပထမအဆင့်မှာ ယခုနှစ်ကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

စစ်လေယာဉ်ကွင်းတိုးချဲ့တည်ဆောက်မှု ပြီးစီးသည့်အခါ မည်သည့်အမျိုးအစားလေယာဉ်မဆို ဆင်းသက်နိုင်သည့် လေယာဉ်ပြေးလမ်းတစ်ခု ရှိလာမည်ဖြစ်ကြောင်း အောက်တိုဘာ ၇ ရက် ကြေညာချက်တွင် ဖော်ပြသည်။

ရုရှားနိုင်ငံ၏ ဘောလ်တစ်ရေတပ်ဌာနချုပ် တည်ရှိရာ ကာလီနင်ဂရက်ဒေသ၌ ဒုံးလက်နက်များ၊ ရေတပ်သုံးလက်နက်များနှင့် အမြောက်လက်နက်များအား သိုလှောင်ထားနိုင်မည့် စစ်ဘက်ဆိုင်ရာ သိုလှောင်ရုံများကိုလည်း တည်ဆောက်လျက်ရှိကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# ကမ္ဘာ့ဆိုလာကားမောင်းပြိုင်ပွဲဝင်ကားများ သြစတြေးလျနိုင်ငံ ဒါဝင်မြို့မှ စတင်ထွက်ခွာ

**ဒါဝင် အောက်တိုဘာ ၈**

၂၀၁၇ ခုနှစ် ကမ္ဘာ့နေရောင်ခြည်စွမ်းအင်သုံး ကားမောင်းပြိုင်ပွဲ(ဆိုလာကားမောင်းပြိုင်ပွဲ)တွင် နေရောင်ခြည်စွမ်းအင်သုံး ကားစီးရေ ၃၈ စီးပါဝင်ပြီး ပြိုင်ပွဲအစီအစဉ်အရ အဆိုပါကားများသည် သြစတြေးလျနိုင်ငံ မြောက်ပိုင်းဒါဝင်မြို့မှနေ၍ အက်ဒီလိတ်မြို့သို့ အောက်တိုဘာ ၈ ရက်တွင် စတင်ထွက်ခွာသွားကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့နိုင်ငံများနှင့် ဒေသပေါင်း ၁၉ ခုမှ ပြိုင်ပွဲဝင်အသင်းများသည် ခရီးဆုံးပန်းတိုင် အက်ဒီလိတ်မြို့သို့ ရောက်ရှိရန် ကီလိုမီတာ ၃၀၀၀ အကွာအဝေးရှိ သဲကန္တာရကိုဖြတ်သန်း၍ ခရီးကြမ်းမောင်းနှင်ရမည်ဖြစ်ပြီး နေရောင်ခြည်စွမ်းအင်သုံး ကားများ၏စွမ်းပကားနှင့် ယာဉ်မောင်းများ၏ ကြံ့ကြံ့ခံနိုင်မှုတို့အရ အောင်ပွဲခံနိုင်မည်ဖြစ်သည်။

သြစတြေးလျနိုင်ငံ တောင်ပိုင်းရှိ အက်ဒီလိတ်မြို့ရှိ ပန်းဝင်ရန် သတ်မှတ်ထားသော နေရာအရောက် ယှဉ်ပြိုင်မောင်းနှင်လျက်ရှိကြသော နေရောင်ခြည်စွမ်းအင်သုံးကားပြိုင်ပွဲဝင် အသင်းများတွင် ဂျပန်နိုင်ငံမှ အသင်းလေးသင်းပါဝင်ကြောင်း နာဂိုယာ နည်းပညာတက္ကသိုလ်မှ ပြိုင်ပွဲဝင်အသင်း၏ အသင်းခေါင်းဆောင် ဟီရိုကီ တာနာကာက ကျိုဒိုသတင်းဌာနသို့ ပြောကြားသည်။

ယခုနှစ်၏ ကမ္ဘာ့နေရောင်ခြည်စွမ်းအင်သုံးကားမောင်းပြိုင်ပွဲအတွက် မိမိတို့တက္ကသိုလ်က ကားဒီဇိုင်းပုံစံကို အမျိုးမျိုးပြင်ဆင်ပြောင်းလဲခဲ့ပြီး ဆန်းသစ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်က ရရှိခဲ့သော စွမ်းဆောင်ရည်ထက် သာလွန်အောင် ကြိုးပမ်းနိုင်မည်ဟု မိမိမျှော်လင့်ကြောင်း တာနာကာက ပြောကြားသည်။ မိမိတို့အသင်း၏ ပြိုင်ပွဲဝင်ဆိုလာကား၏ လေကြောင်းဒိုင်းနမစ်နှင့် စွမ်းအင်စွမ်းဆောင်ရည်ကောင်းမွန်စေရေးအတွက် မိမိတို့ လုပ်ဆောင်ခဲ့ကြောင်း အသက်(၂၀)အရွယ်ရှိ တာနာကာက ပြောကြားသည်။

ဆိုလာကားမောင်းပြိုင်ပွဲတွင် တိုကိုင်းတက္ကသိုလ်မှ 'တိုကိုင်း ချဲလင့်ဂျာ' အမည်ရှိ ဆိုလာကားတစ်စီးလည်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ တိုကျို အခြေစိုက် တိုကိုင်းတက္ကသိုလ်မှ ဆိုလာကားသည် ယခုနှစ်တွင် ရေပန်းစားနေသော ပြိုင်ပွဲဝင်ဆိုလာကားများတွင် ပါဝင်သည်။




မိမိ၏ပြိုင်ပွဲဝင်ကားကို နောက်ယောင်ခံကြည့်ရှုနိုင်ရန် ဆက်သွယ်ရေးဂြိုဟ်တု ပုံရိပ်ဖော်နည်းပညာကို အသုံးပြုမည်ဖြစ်ကြောင်း၊ ခရီးလမ်းတစ်လျှောက် တွေ့ကြုံနိုင်ဖွယ်ရှိသော ရာသီဥတုအခြေအနေ၊ ဖြစ်ပေါ်လာနိုင်သော ခရီးလမ်းပန်းအခြေအနေတို့နှင့်ပတ်သက်၍ ဆက်သွယ်ရေးဂြိုဟ်တုကို အသုံးပြုကာ ပြိုင်ပွဲဝင်သွားမည်ဖြစ်ကြောင်း အသင်းခေါင်းဆောင်ပါမောက္ခ ဟိုင်ဒဲကီ ကီမူရာက ပြောကြားသည်။

**ကျိုဒို။**



## တဂေါင်းမဟာစေတီတော်(၁၂၄)ကြိမ်မြောက် ဗုဒ္ဓပမုခသံဃိတ ဆွမ်းလောင်းပွဲကျင်းပ

**ပုသိမ် အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသောပုသိမ်မြို့ အမှတ်(၈)နယ်မြေ သမိုင်းဝင် တဂေါင်း မဟာစေတီတော်ကြီး၏ (၁၂၄)ကြိမ်မြောက် ဗုဒ္ဓပမုခသံဃိတ ဆွမ်းလောင်းပွဲတော်ကို ယနေ့နံနက် ၇ နာရီက အဆိုပါ စေတီတော် ရင်ပြင်ပေါ်၌ကျင်းပသည်။ နိုင်ငံတော် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တဝိလာသ(ကုန်းသာဆရာတော်)အမှူးပြုသော တိုင်းဒေသကြီး ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီး ၁၀၈ ပါးတို့အား အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် တေဇကျော်နှင့် ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် အောင်ကျော်စိုးနှင့် ဇနီးနှင့်အတူ တိုင်းရဲတပ်ဖွဲ့မှူးနှင့် ဇနီး၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးနှင့် ဇနီး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများက ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**

## သီပေါမြို့၌ ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြို့နယ်လုံးကျွတ် သံဃာ့ဒါန ဆွမ်းကြီးလောင်းလှူပွဲကျင်းပ

**သီပေါ အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၏ အထင်ကရဘာသာရေးပွဲတော်တစ်ခုဖြစ်သည့် ရှေးနှစ်ပေါင်း ၁၅၀ ကျော်က အစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၂၂) ကြိမ်မြောက် မြို့နယ်လုံးကျွတ်သံဃာ့ဒါန ဆွမ်းကြီးလောင်းလှူပွဲကို သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နှင့် ၄ ရက်အထိကျင်းပသည်။ လောင်းလှူပွဲတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ မိလိန္ဒနှင့် ဆရာတော်သံဃာတော်များက အောက်တိုဘာ ၈ ရက် နံနက်အရုဏ်တက်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြပြီး မြို့နယ်လုံးကျွတ် သံဃာ့ဒါန ဆွမ်းကြီးလောင်းလှူပွဲကို စတင်ဖွင့်လှစ် ပေးတော်မူကြသည်။

မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြို့နယ်လုံးဆိုင်ရာဆွမ်းကြီးလောင်းလှူပွဲသို့ သီပေါမြို့နယ်အတွင်းမှ ဗုဒ္ဓနွယ်ဝင် တိုင်းရင်းသားပြည်သူများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ပဒေသာပင်များပြုလုပ်၍ တုံစင့်ဘိုးဘိုးကြီး(စဝ်ပုစဝ်နိုင်း)ဒေဝါနန်းမှ ပင့်ဆောင်ကြပြီး မိုင်းပွန်လမ်းတစ်လျှောက် မဟာမြတ်မုနိဘုရားကြီးအထိ မြို့တွင်းသို့ လက်ယာရစ်လျက် ရှမ်းရိုးရာယဉ်ကျေးမှုအကအလှများ၊ ပဒေသာအကများ၊ အတီးအမှုတ်များဖြင့် ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် ပါဝင်ဆင်နွှဲကြသည်။**(ယာပုံ)**

အဆိုပါ ဆွမ်းကြီးလောင်းလှူပွဲကို သီပေါမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၈၄ ကျောင်းတို့မှ ရဟန်းတော် ၄၄၆ ပါးနှင့် ရှင်သာမဏေ ၁၁၄၇ ပါးတို့ကို ပင့်လျှောက်၍ နံနက်အရုဏ်တက်တွင် မဟာမြတ်မုနိဘုရားကြီးတန်ဆောင်းတော်အတွင်း၌ စာရေးတံမဲ(မဟာဒုက်)မဲဖောက်ကာ ဆွမ်းနှင့် ဆွမ်းဟင်းလျာများ လောင်းလှူကြသည်။

သီပေါမြို့နယ်တွင် သီတင်းကျွတ်ဆွမ်းကြီးလောင်းလှူပွဲတော်၊ ကျောက်မဲမြို့နယ်တွင် ဝါဆိုပန်းကပ်လှူပွဲတော်၊ လားရှိုးမြို့နယ်တွင် ရှန်ခိုက်ဘုရားပွဲတော်နှင့် တောင်ကြီးမြို့နယ်တွင် ဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီကြွချီအပူဇော်ခံပွဲတော်အပြင် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်တို့မှာ ကြက်ပျံမကျအထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသည့် ပွဲတော်များဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**





## ဗဟန်းမြို့နယ်အတွင်းရှိ သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန် အောက်တိုဘာ ၈**

သီတဂူဆရာတော်အားအမှူးထား၍ ကိုးကြိမ်မြောက် ဗိုလ်စိန်မှန် သီတဂူဝါတွင်းဆွမ်းလောင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ဝါတွင်းစုပေါင်းအရုဏ်ဆွမ်း အလှူတော်အောင်ပွဲ၊ သီလရှင် ဆရာကြီး၊ ဆရာလေးများအား သီလရှင်ဝတ်စုံနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်ဗထူးလမ်းတွင် ကျင်းပသည်။

လောင်းလှူပွဲတွင် ဗဟန်းမြို့နယ်အတွင်းရှိ သက္ကနိမ္မိတာရုံ၊ ခေမာရာမ၊ မြန်အောင်၊ သမိဒ္ဓေါဒယ၊ အလယ်တောရ၊ ဟဿာတ၊ ပညာရာမ၊ သာရဝေါ၊ ကျောက်တန်း၊ မော်လမြိုင်စသည့် သီလရှင်စာသင်တိုက်ကြီးများမှ ပင့်လျှောက်ထားသည့် သီလရှင် ဆရာကြီး၊ ဆရာလေး အပါး ၃၆၀ ကျော်တို့အား သီလရှင်ဝတ်စုံအပါအဝင် လှူဖွယ်ပစ္စည်း ၄၀ ခန့်နှင့် အလှူငွေများကို စုပေါင်းလှူဒါန်းခဲ့ကြသည်။

**သတင်း- နေသန်**
**ဓာတ်ပုံ- မင်းသော်**

■

## မြသလွန်ဘုရားပွဲတော်၌ မြန်မာ့ရိုးရာခြင်းပွဲများထည့်သွင်း

**မကွေး အောက်တိုဘာ ၈**

မကွေးမြို့၏ အထင်ကရ သမိုင်းဝင် မြသလွန်ဘုရားပွဲတော်ကြီး၌ မြန်မာ့ရိုးရာခြင်းပညာကို တိမ်ကောပျောက်ကွယ်သွားခြင်း မရှိစေရေးအတွက် မကွေးမြို့ပေါ်ရှိ ရပ်ကွက် ၁၅ ရပ်ကွက်မှ ခြင်းခတ်အဖွဲ့ ၃၁ ဖွဲ့နှင့် အာဆီယံဆီးဂိမ်းတွင် ရွှေတံဆိပ်ဆုရခဲ့သည့် ရန်ကုန်၊ ပဲခူး၊ မန္တလေး တိုင်းဒေသကြီးတို့မှ ခြင်းခတ်ပညာရှင်များက ခြင်းကြီး ၁၀ မျိုး၊ ခြင်းလတ် ၁၀ မျိုးနှင့် ခေတ်ဆန်းခြင်းပညာ ၁၀ မျိုးတို့ကို ထည့်သွင်းခတ်ပြနေသည်ဟု ဦးကြည်ဝင်း(နာယက)က ဆိုသည်။

အဆိုပါ ဘုရားပွဲကြီးတွင် သီတင်းကျွတ်လပြည့်နေ့မှ လပြည့်ကျော် ၁၄ ရက်နေ့ထိ မြန်မာ့ရိုးရာခြင်းပညာများအပြင် ခေတ်ဆန်းခြင်းပညာများကို ၁၅ ရက်ကြာ ထည့်သွင်းခတ်ပြနေသည်ဟု မြန်မာ့ရိုးရာခြင်းပွဲဖြစ်မြောက်ရေးကော်မတီနာယကထံမှ သိရသည်။

မကွေးမြို့မှ အသက်(၆၅)နှစ်ရှိ ခြင်းဝါသနာရှင် ဦးမြင့်သန်းက "ခြင်းအစ ခြေဖျားကနှင့် ခြေခွင် ခြေဖျား၊ ဒူး၊ ဖဝါး၊ ဖနောင့်၊ ဖမျက်၊ ထိခြောက်ချက်၊ သွက်လက်ကြည်သာ မြန်မာ့ရိုးရာခြင်းပညာကို အပေးအယူ၊ ချစ်ကြည်ဖြူ၍ ခြင်းမူစာဂ မျှစိတ်ဓာတ်ဟု ဆိုကြသလို မဟာဒူးအကျ ညွှန့်ဒူးခံ၊ စလွယ်ရံ တည့်ဖဝါး၊ အနားသပ်မှာ တည့်ဖနောင့်တင်၊ ရင်လိမ်ဖဝါးနဲ့ တွဲလျက်ဖနောင့်၊ အသာစောင့်ခတ် ညွှန့်မဟာ၊ အကွန့်မပါ၊ မဟာကြီးကဲလို့ ဝိုက်ကြီးနဲ့ပဲ ပွဲသိမ်းမယ်ဆိုတာကို ကဗျာအလင်္ကာရှင်တွေက ရေးသားခဲ့တယ်"ဟု ပြောသည်။

ခေတ်ဆန်းခြင်းခတ်နည်းများမှာ လျှပ်စစ်၊ လျှပ်နွယ်၊ ခြင်းဆင့်ခတ်ခြင်း၊ ပုလင်းပေါ်တက်၍ ခြင်းခတ်ခြင်း၊ မီးကွင်းစွပ်ခတ်ခြင်းနှင့် ကြိုးခုန်ခတ်ခြင်းများပါဝင်သည်ဟု သိရသည်။

မြန်မာ့ရိုးရာ ခြင်းအလှခတ်ခြင်းကို မြသလွန်ဘုရားပွဲတော်ကြီးတွင် (၂၇) ကြိမ်မြောက်ဖြစ်ပြီး မြန်မာ့ရိုးရာခြင်းအလှခတ်စွမ်းရည်ပြ ကော်မတီမှ ရဝေ၊ မြေလတ်သူ တင်တင်လင်း၊ သန်းစိုးအောင်၊ အောင်ဝင်းဇော်၊ သော်ဝေဇင်နှင့် ဖြိုးကျော်၊ ကျောင်းတော်ရာ လှမျိုးမင်း အာဆီယံဆီးဂိမ်း ရွှေတံဆိပ်ဆုရ ခြင်းပညာရှင်များကို ဖိတ်ခေါ်ကျင်းပခဲ့သည်။

မြန်မာ့ရိုးရာ ခြင်းပညာပြန့်ပွားရေးအတွက် မြသလွန်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ခြင်းခတ်ရုံကို တာဝန်ယူ ဆောက်လုပ်ပေးသည့်အပြင် ခြင်းခတ်အဖွဲ့များအတွက် ငွေကျပ် ၂၃ သိန်း လှူဒါန်းသည်ဟု မြသလွန်ဘုရားဂေါပက ဘဏ္ဍာတော်ထိန်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ယင်းခြင်းကော်မတီကို ၂၂ ဦးဖြင့် ဖွဲ့စည်းထားပြီး သီတင်းကျွတ်လပြည့်နေ့တွင် (၂၇)ကြိမ်မြောက်ဖွင့်လှစ်၍ အခြားအလှူရှင်များနှင့် အောင်အောင်စက်မှုလယ်ယာသုံးပစ္စည်း၊ ထွန်စက်နှင့် ကားအရောင်းအဝယ်မှ ခြင်းခတ်အဖွဲ့ ၃၁ ဖွဲ့စာ ဝတ်စုံများ ထောက်ပံ့လှူဒါန်းပေး ခဲ့ကြောင်း ဦးကြည်ဝင်းကပြောသည်။ **(ဟံသာလင်း)**



# ဖန်ခါးမြေ မကွေးမြသလွန် မြစ်ကမ်းဘေး၌ပွဲရှိသည်

ဇေယျတု(မကွေး)

ဘီလူးဟုကြားလိုက်သည်နှင့် အစွယ်ဖွေးဖွေး၊ မျက်လုံးပြူးပြူး၊ သန်လျက်ကိုင်ထားသော ကြောက်စရာပုံရိပ်တစ်ခုကို မျက်လုံးအိမ်ထဲ မြင်ယောင်မိကြပေလိမ့်မည်။ ရာဇဝင်နှင့် ပုံပြင်များထဲ၊ ဇာတ်နိပါတ်တော်များထဲ၌ လူသားစားပြီး ဒေါသ၏စရိုက်လက္ခဏာ အဖြစ် ဖော်ကျူးတတ်သော၊ အကောင်းထက် အဆိုးစရိုက်လွှမ်းမိုးသော ဇာတ်ကောင် အဖြစ်လည်း သူကကျော်ကြားလှသည်။

သို့သော်လည်း တရားဓမ္မပီတိဖုံး၍ ဘီလူးပြုံးသော မြို့လေးတစ်မြို့က မြန်မာပြည်အလယ်ပိုင်း ဧရာဝတီမြစ်ကမ်းဘေး၌ လှပစွာတည်ရှိနေသည်။ “မင်းတို့မြို့သားတွေက လူလည်တွေ၊ ဘုရားကို ဖန်ခါးသီးလေးနည်းနည်းလောက်လှူပြီး မြသလွန်ရအောင် တောင်းတဲ့သူတွေ”ဟု ခင်မင်စွာ စနောက်ခြင်းခံရသောသူများ သည်မြို့တွင် နေကြသည်။

သူတို့ပြုံးသည့်အခါ ပါးစောင်နှစ်ဖက်မှ သွားစွယ်လေးများ မြင်ကြရတတ်သည်။ မကွေးသူ၊ မကွေးသားမှန်လျှင် ဘီလူးနွယ်၊ ဘီလူးမျိုးမို့ သွားစွယ်လေးများပါတတ်ကြသည်ဟု ဆိုကြ၏။ သည်မြို့သားတို့၏ ခေတ်ကာလ စီးမျောမှုအစတွင် ဘီလူးတို့၏ ကုသိုလ်တရားကို မြင်ရသည်။ ရက်စက်ကြမ်းကြုတ်လှပါသည်ဆိုသော ဘီလူးက သူ့ပြယုဂ်ကိုသွေဖည်ကာပြုံး၍ အဆန်းတကျယ်ရှိလှသည်။

မြတ်စွာဘုရားရှင် ဝါတော်(၂၀)ကျော်ကာလ (အဥ္စနမင်းကြီး သက္ကရာဇ် ဖြိုပြီး ၁၂၃ ခုနှစ်)တွင် စန္ဒကူးကျောင်းတော်လှူဒါန်းမှုကို လက်ခံပြီး ယခုမင်းဘူးမြို့ စက္ကတိန်းတောင်ထိပ်၌ သီတင်းသုံးခဲ့သည်။ ဘုရားရှင်အဆက်ဆက် ဤတောင်တော်ကို ကြွချီလာတိုင်း သိကြားမင်းသည် ရတနာသလွန်တော်ကို လှူဒါန်းမြဲဖြစ်သည်နှင့်အညီ မြသလွန်တော်ကို ပူဇော်လှူဒါန်း၏။ များမကြာမီ ဧရာဝတီမြစ်ကမ်းအရှေ့ခြမ်းမှ ဘီလူးမောင်နှမခြောက်ဖော်အနက် ဘီလူးညီနောင်လေးယောက်တို့သည် ကြစုဖန်ခါးသီးများဆောင်ယူပူဇော်ပြီး ကိုးကွယ်ရာလျှောက်တောင်းရာ ဘုရားရှင်က မြသလွန်ကို ပေးခဲ့သည်။

ဘီလူးညီနောင်တို့ မြသလွန်ကို သယ်ဆောင်ပြီး ၎င်းတို့နေရပ်တောအုပ်၌ စေတီတည်ထားကိုးကွယ်ရာ သိကြားမင်းက ဘုရားဗျာဒိတ်တော်နှင့်ညီသော အရပ်သို့ ပြောင်းရန် ရည်ရွယ်၍ စေတီကိုဖြိုဖျက်လိုက်သည်။ ရှေးအတိတ်က ကဿပဘုရားရှင်၏ ရွှေသလွန်ဌာပနာထားရာ နဂုတ္တမတောင်ထိပ်၌ စက်ယန္တရားများ တပ်ဆင်၍ မြသားသလွန်အား ဌာပနာခဲ့သည်။ သလွန်တော် သယ်ဆောင်ခဲ့သော ဘီလူးညီနောင်တို့ လူဝင်စားမှသာ စေတီတည်ရန်သင့်တော်သည့်အတွက် တောင်တော်မြတ်တွင် သီတင်းသုံးနေသော ဆရာရှင်ရသေ့များထံ သိကြားမင်းက အပ်နှံခဲ့သည်။

ဘောသော၊ ဘောကျော်ညီနောင် လူဝင်စားပြီးနောက် ကုန်သည်ဘဝရောက်ကာ လှည့်လည်သွားရင်း သုဘောဂသူဌေးကြီးသမီး ပုဏ္ဏဝတီ၏ ပန်းကုံးနှင့် စာခွေကို တွေ့ရာမှတစ်ဆင့် သာသနာသက္ကရာဇ် (၂)ခုနှစ်တွင် မြသလွန်စေတီတော်မြတ်ကြီးအား လူ၊ နတ်၊ ပြဟ္မာသုံးပါးအားဖြင့် စတင်တည်ထားကိုးကွယ်နိုင်ခဲ့သည်။

ကာလရွေ့လျား အမိုက်တရားတို့၏ ဖုံးလွှမ်းမှုကြောင့် အနော်ရထာမင်းမတက်မီ ကာလက စေတီတော်ကြီးမှာ စောင့်ရှောက်သူမဲ့ကာ ပျက်စီးခဲ့ရသည်။ စောလူးမင်းလက်ထက်(စောရဟန်း သက္ကရာဇ်ဖြိုပြီး မြန်မာသက္ကရာဇ် ၄၁၂ ခုနှစ်)တွင် ရှင်မြတ်အရဟံ၏ မိန့်ကြားချက်ဖြင့် ပညာရှိများနှင့် တိုင်ပင်ကာ “မြသလွန် စေတီတော်ကြီးတစ်ဆူ၊




ပန်းရစ်တောင် စေတီ၊ ဆုတောင်းပြည့်စေတီ၊ ရသေ့ကျောင်းနေရာ၌ ကျောင်းသုံးဆောင်၊ စေတီသုံးဆူ၊ သိမ်တော်ကြီးတစ်ဆောင်၊ သိကြားမင်းနတ်ကွန်း တစ်ဆောင်၊ လင်လျာမျှော်စေတီတစ်ဆူနှင့် မကွေးမြို့”ဟူသော ရှစ်ဌာနကို တစ်ပြိုင်နက်တည်း နာရီအမြောက်သံပေး၍ တည်တော်မူခဲ့သည်။

ကျန်စစ်သားမင်းကြီးနှင့် အလောင်းစည်သူမင်းကြီးတို့လက်ထက်တွင် စေတီတော်ကြီးအတွက် ထိန်းသိမ်းလှူဒါန်းမှုများ အစဉ်အဆက်ဆောင်ရွက်ခဲ့သော်လည်း ကောဇာသက္ကရာဇ် ၁၂၀၉ ခုနှစ်(သာသနာနှစ် ၂၃၉၁)တွင် ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး ပျက်စီးခဲ့ရသည်။ မကွေးမြို့ သူကြီးမင်း မင်းထင်မင်းလှကျော်ခေါင်၏ လျှောက်ထားမှုဖြင့် မင်းနှင့် ပြည်သူကြည်ဖြူစွာ စေတီတော်ကြီးအား တတိယအကြိမ်အဖြစ် ခိုင်မာသထက်ခိုင်မာစွာ ပြန်လည်တည်ထားကိုးကွယ်ခဲ့ကြပြန်သည်။ ၁၂၁၄ ခုနှစ်တွင် သတိုးမင်းကြီး မဟာမင်းလှသီဟသူ တံဆိပ်နာမဘွဲ့ခံ အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် မကွေးမြို့စားမင်းကြီးသည် မင်းတုန်းမင်းထံ လျှောက်ထား၍ နိဗ္ဗာန်သို့ရည်စူးကာ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့သည်။

ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းပူဇော်လာခဲ့သော စေတီတော်မြတ်ကြီး၏ ခေါင်းလောင်းတော်နေရာတွင် ဘီလူးရုပ် ၂၁ ရုပ်ကို ထည့်သွင်းထုဆစ်ထားပြီး မြောက်ဘက်မျက်နှာပြု အလယ်တွင် ပြုံးနေသော ဘီလူးရုပ်တစ်ရုပ် ပါဝင်နေခဲ့သည်။ ကာလသုံးပါးတွင် နွေ၏လောကဓံကို ခါးစည်းခံရမှုများပြီး အဖြူနှင့်အဝါတို့ကြား အညိုစွက်မှုများသော အသားအရောင်ပိုင်ဆိုင်သူ လူသားများ နေထိုင်ရာ သည်မြို့လေးက အပူဒဏ်ကြောင့် ဒေါသစရိုက် လွှမ်းခြုံဟန်ရှိသော်လည်း ဘာသာတရား၏ ရစ်ခြုံသိုင်းဖွဲ့မှုဖြင့်အခိုင်အမာနေရာရကာ အေးချမ်းလှသည်။ ဘီလူးများပင် စိတ်ကောင်းဝင်သည့် မြို့ကလေးမဟုတ်ပါလား။

လတ်တလောတွင် မြသလွန်စေတီတော်မြတ်ကြီး၏ ၂၅၈၁ ကြိမ်မြောက်ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့မှ သီတင်းကျွတ်လကုန်သည်အထိ ရက်၂၀ ကြာကျင်းပလျက်ရှိသည်။ အငွေ့တထောင်းထောင်းထနေသော မုန့်သိုင်းခြုံ ၊ မုန့်လင်မယား၊ ရေမုန့်များကို ပွဲတော်မုခ်ဦးအဝမှစ၍ မြင်တွေ့ရသည်။ မြင်နေကျဖြစ်သည့် ဒေါ်အမာတင် ထမနဲဆိုင်နား၌ လူတွေဝိုင်းနေကြသည်။ ဒေါ်လှစိန်မုန့်ဟင်းခါးဆိုင်ထဲတွင်လည်း “အိုးဘဲဥနဲ့တစ်ပွဲဗျို့” ဆိုသော မှာသံတွေ စီညံနေသည်။

အမယ်အိုတစ်ဦးက နံ့သာဖြူ ကရမက်တုံးများကို နမ်းရှူရင်း “ဒါ ဘယ်ဈေးတုန်း” ဟု မေးသံကြားရသည်။ သေနတ်ဝယ်ပေးရန် ပူဆာနေသောကလေးကို မိခင်ဖြစ်ဟန်တူသူက “နှစ်တိုင်းသေနတ်ပဲဝယ်နေတာပဲ၊ ဘောလုံးယူပါ သားရဲ့”ဟု ချော့နေ၏။ ဘေးကလူတစ်ဦးက ကလေးကို ပြုံးပြုံးကြီးကျေနပ်စွာကြည့်ရင်း “ယူပါစေကွာ”ဟု ဝင်ပြောသည်။ ဘုရားပွဲ အဓိကလမ်းမကြီးထက် လက်ချင်းယှက်၍ ကြွကြွရွရွ လမ်းလျှောက်နေသူ စုံတွဲတွေရှိသည်။ ကလေးများတစ်အုံတစ်မဖြင့် ချီသူကချီ၊ ဆွဲသူကဆွဲကာ လွန်းထိုးယက်တင် လူသားပင်လယ်ကြီးကို လှိုင်းကြက်ခွပ်များ အစီအရီထနေသည့်နှယ် မြင်ရသည်။

အထည်ဆိုင်၊ ဖန်စီဆိုင်၊ နာရီမျက်မှန်ဆိုင်၊ မွေ့ရာ ခေါင်းအုံးဆိုင်၊ စတီးနှင့်အိုးခွက်ပန်းကန်ဆိုင်၊ ကလေးကစားစရာအရုပ်ဆိုင်များက ဘယ်နေရာကြည့်ကြည့် သူတို့ချည်းဟု ထင်ရပြန်သည်။ အဓိကလမ်းမကြီးမှ လက်ဝဲဘက်အတွင်း ကွေ့ဝင်လိုက်လျှင် တစ်မျှော်တစ်ခေါ် နီးချောသင်ဖြူးဖျာဆိုင်များ မြင်ရမည်။ ဝါးထည်၊ ကြိမ်ထည် လက်မှုပညာလက်ရာ အသုံးအဆောင်ပစ္စည်းများက လိုချင့်စဖွယ်ဖြစ်သည်။ မလှိုင်သီတာ အလှဓာတ်ပုံဆိုင်ကြီးကလည်း ပွဲတော်တွင် မပါမဖြစ် အမှတ်တရ တစ်ခုလည်းဖြစ်နေသည်။

ချားရဟတ်များ၊ ပင်လယ်ဓားပြလှေကြီး၊ ရထားတွဲနှင့် ပတ်လည်စီးဆိုင်ကယ်၊ကားကစားစရာများ စုံလင်လှသည်။ ပင်လယ်ဓားပြလှေကြီးလေပေါ်တွင် မြောက်တက်သွားစဉ် ဟေးခနဲ၊ ဝါးခနဲ အော်သံဟစ်သံတွေ လျှံတက်လာသည်။ စီးလည်းစီးချင်၊ အကြောက်လည်းကြီးဖြစ်နေသူများက ခေါင်းကိုငုံ့ကာ ဘေးမှတစ်စုံတစ်ဦးကို ဖက်ထားကြပြန်သည်။ ကစားပြီးလျှင် အမောပြေ၊ အပန်းပြေသောက်ရန် အအေးဆိုင်များရှိနေသည်။ အကင်ဆိုင်နှင့် စားဖွယ်များကလည်း စုံလှသည်။ ကျန်းမာရေး၊ လုံခြုံရေး အစောင့်အရှောက်ဝန်ဆောင်မှုများကိုလည်း တွေ့နေရသည်။

အဓိကလမ်းမကြီးမှ လက်ယာအထက်ဘက်သို့တက်လိုက်လျှင် ချားရဟတ်နှင့်ကစားစရာများထပ်မံမြင်ရမည်ဖြစ်ပြီး “ဘယ်ရုံမှာ ဘာပွဲပြမှာလဲ” စနည်းနာ၍ ရမည်ဖြစ်သည်။ လေ့လာလိုလျှင် ရုံမခါမီ ရုံထဲဝင်စပ်စု၍ ရသည်။ ယခုနှစ်တွင် ပွဲကန်ထရိုက်ယူသူမရှိ၍ ဂေါပကအဖွဲ့မှ ငှားရမ်းပြပေးရသည်ဟု သိရသည်။ လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုခန့်က ဘုရားပွဲလှည်းဝိုင်းများ လာကြသေးသော်လည်း ယာထဲတောထဲထိ ဆိုင်ကယ်ရောက်သောယနေ့ခေတ်၌ ဤဓလေ့က ပျောက်သွားသည့်ဟန်ရှိနေသည်။

ဖျော်ဖြေရေးခေတ်ကြီးထဲတွင် တောရောမြို့ပါမကျန် မျက်စိ၊နား၊ နှာ၊လျှာ၊ ကိုယ်၊ စိတ် လိုတာမှန်သမျှ စားသုံးနိုင်ခွင့်ရနေခြင်းက ဘုရားပွဲတော်ကိုမထိခိုက်သော်လည်း ဇာတ်သဘင်အပေါ် အနည်းငယ်ရိုက်ခတ်ဟန်ရှိသည်။ အနယ်နယ်အရပ်ရပ်မှ ဆယ့်နှစ်ပွဲဈေးသည်များမှာမူ လာမြဲ၊ ရောင်းမြဲ၊ ဖွင့်နေကျနေရာတွင် ၎င်းတို့ကိုတွေ့ရမြဲ ဖြစ်သည်။ သံထည်၊ကြေးထည် ၊စဉ့်အိုး၊ ကျောက်ပြင်နှင့် နိဗ္ဗာန်ကုန်ဆိုင်များကလည်း စည်ကားမြဲဖြစ်သည်။ ညနေ ၅ နာရီမှ ည ၁၁ နာရီအတွင်း ဆိုင်ကယ်များ ဖြတ်သန်းမောင်းနှင်ခွင့်မရှိသည့်အတွက် ပွဲဈေးလျှောက်သူများ အန္တရာယ်ကင်းစွာ လည်ပတ်ခွင့်ရနေသည်။ သီတင်းကျွတ် လပြည့်နေ့ရောက်လျှင် ဆီမီး(၉၀၀၀)၊ ပန်း(၉၀၀၀)၊ နံ့သာ(၉၀၀၀) ပူဇော်ပွဲကြီး ကျင်းပကြသည်။

ဘီလူးများကအစပြုသည့် မြသလွန်စေတီတော်ကြီးတွင် တန်ဆောင်းနှင့် ဓမ္မာရုံ ၁၅ နေရာခန့်၌ ဘုရားဖူးဦးရေ တစ်ထောင်နီးပါး အခမဲ့ညအိပ်ဘုရားဖူးနိုင်ကြောင်း သိရသည်။ ဂေါပကရန်ပုံငွေဖြင့် ဆောက်ထားသော တည်းခိုဆောင်နှစ်ခုရှိပြီး မိသားစုခုနစ်ဦးခန့် တည်း၍ရသော အခန်းများရှိသည်။ ယင်းတည်းဆောင်များတွင်မူ မတော်တဆ အင်္ဂါရဝမဖြစ်စေရန် တည်းခဟု အမည်တပ်ကာ တစ်ခန်းလျှင်ငွေတစ်ထောင်ကျပ်သာ ပေးရသည်။

ဘုရားဖူးယာဉ်ဝင်ခ မကောက်ခြင်း၊ အခမဲ့တည်းခိုနိုင်ခြင်း၊ နိုင်ငံခြားသားဝင်ကြေးကောက်ခံမှုမပြုခြင်း၊ ဧည့်မှတ်တမ်းစာရွက်စာတမ်းကြေးမကောက်ခြင်း စသည့် အချက်များကလည်း ဘုရားဖူးများကိုဝန်ထုပ်ဝန်ပိုးနည်းစေသည်။ အခမဲ့ တည်းခိုနိုင်သောကြောင့် ရွှေစက်တော် ဘုရားဖူးကာလသုံးလ၌ ညအိပ်ဘုရားဖူးဦးရေ ငါးသောင်းခန့်လာရောက်လေ့ရှိကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

ဒီမြို့က ထူးဆန်းသည်။ ဘီလူးက ဘုရားတည်သည်။ ဂေါပကများက လုပ်ခ၊ လစာတစ်ပြားတစ်ချပ်မျှမယူဘဲ သာသနာ့ဝန်ထမ်းကြသည်။ “မြသလွန်ဂေါပက မှန်ရင် တွင်းရေအဝသောက်ခွင့်၊ လေအဝရှူခွင့်ပဲ ရမယ်”ဆိုသော စကားက မှာတမ်းသဖွယ်ဖြစ်နေပြီး ဂေါပကများ ဘုရားလာလျှင် အိမ်ကထမင်းချိုင့်ထုပ်၍ လာရသည်။ ရေသန့်၊ ကွမ်းယာနှင့် ခံတွင်းမြိန်စရာ ပဲကြော်လက်ဖက်ကအစ စားချင်သောက်ချင်၊ ကိုယ့်အိတ်သာပြင်ရသည်။ ဘုရား ဘဏ္ဍာ တစ်စိုးတစ်စိ ထိခွင့်မရ။

ဂေါပကအဆက်ဆက် ဘဏ္ဍာတော်များ ထိန်းသိမ်းလာရာ ဘဏ္ဍာတော်ငွေကျပ်သိန်းပေါင်း ၃၅၀၀၀ ကျော်ကို မြန်မာ့စီးပွားရေးဘဏ်၌ အပ်နှံထားရှိလျက်ရှိပြီး လက်ရှိဘဏ်တိုးရငွေမှာ တစ်နှစ်လျှင် ကျပ်သိန်း ၂၂၀၀ ရှိကြောင်း သိရသည်။ ဂေါပကအဖွဲ့တွင် ဌာနဆိုင်ရာဝန်ထမ်းခြောက်ဦးပါဝင်ပြီး အရပ်သားကုသိုလ်ဖြစ် ဂေါပက ၁၁ ဦး၊ ဥပဋ္ဌာက (ဂေါပကအကူ) ၁၀ဦး ရှိသည်။ ဂေါပကများထဲတွင် စေတီတော်မြတ်အတွက် လိုအပ်သော ရွှေ၊ လျှပ်စစ်နှင့် အခြားပညာရှင်များကိုလည်း ထည့်သွင်းဖွဲ့စည်းထားလေ့ရှိကြသည်။

ဘီလူးနက္ခတ်ကြုံပါလျက် မကွေးမြို့က သာသနာစည်ပင် ထွန်းကားရာအရပ်ဖြစ်၍နေသည်။ အုန်းမောင်း ခေါက်သံ၊ ကြေးစည်သံ၊ ပဋ္ဌာန်းဒေသနာရွတ်ဆိုသံ၊ အလှူခံမဏ္ဍပ်မှ နှိုးဆော်သံ၊ အလှူပွဲလှည့်သံ တညံညံကြားရသော မြို့ကလေးဖြစ်သည်။ ဘုရားရှင်ခြေတော်ရင်းမှ ဘီလူးရုပ်ကြီးများကိုသာမက ကင်းရပ်ကွက်၊ကမ်းနားလမ်းမကြီးပေါ်တွင် ဘီလူးညီနောင်ရုပ်တုကြီးများကို မြို့၏အထိမ်းအမှတ်အဖြစ် ထုဆစ်ထားရှိသည်။

ပေါရာဏကထာအဆိုအရ ပါဠိဘာသာ ဘိရုမှ မြန်မာလို ဘီလူးဖြစ်လာကြောင်း သိရသည်။ ဘီလူးကို ယက္ခ၊ ရက္ခသ၊ ရက္ခိုသ်၊ ဒါနဝ၊ ပေတ၊ ပိသာစ ၊ အမနုဿ၊ ဥပါ စသည့်အမည်အမျိုးမျိုး ခေါ်ကြပြီး အမျိုးအစားအရ ကုန်းနေဘီလူး၊ ရေနေဘီလူးဟူ၍ နှစ်မျိုးသာရှိသည်။ ကုန်းဘီလူးသည် တော၊တောင်၊သစ်ပင်၊ အဆောက်အုံ၊ မြေကွင်းပြင်များတွင် နေကြပြီး ရေဘီလူးသည် သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေကန်များတွင် နေကြ၏။

အချို့ဘီလူးများမှာ နတ်မင်းများနှင့် ဘုရင်တို့ထံမှ နေရာဒေသပိုင်းခြားပြီး သတ္တဝါများ၏အပြုအမူအရ သတ်ပြီး စားခွင့်အားအပိုင်စားရကြသည်။ အချို့မှာ ထူးထူးခြားခြား နတ်၌ဖြစ်သည့်အစာ(သို့) လူများက ပူဇော်ပသသော အစာများကို စားခွင့်ရကြသည်။ အချို့မှာ လက်နက်ကိုင်၍ အချို့မှာမကိုင်ကြ။ အချို့တန်ခိုးကြီး၍ အချို့က တန်ခိုးမကြီးကြပါ။

ဘုံဖြင့်ခွဲလျှင် နတ်ပြည်၌ ဖြစ်သော ဘီလူးများ၊ လူ့ပြည်၌ဖြစ်သောဘီလူးများ ဟုခွဲနိုင်ပြီး နတ်ပြည်မှာဖြစ်သော ဘီလူးများက ဝိရူဠှကနတ်မင်းကြီး၏ အခြံအရံအလုပ်အကျွေးဖြစ်ကြသည့် ကုမ္ဘဏ်များ၊ ကုဝေရ နတ်မင်းကြီး၏ အခြံအရံအလုပ်အကျွေးများ ဖြစ်ကြသည့် ဣန္ဒာသောမ စသော ဘီလူးစစ်သည်များ၊ တလောလော၊ တတ္ထလောလော စသော အစောင့်အရှောက် ကိုယ်ရံတော်ဘီလူးများနှင့် သာမန်ဘီလူးများဖြစ်ကြသည်။ လူ့ပြည်တွင်ဖြစ်သော ဘီလူးများမှာ ရက္ခိုသ်၊ တစ္ဆေ၊ ပြိတ္တာ ၊ ဖုတ် ၊ ဒါနော စသည်တို့ဖြစ်သည်။

ဘီလူးရာဇဝင်ကား များမြောင်လှသည်။ များမြောင် ကျယ်ဝန်းလှသည်ဟု ဆိုသော်လည်း မကွေးမြို့သားတို့အတွက် ပြောစရာဘီလူးကား နည်းလှသည်။ သူတို့ပြောလျှင် သာသနာပြုဘီလူးများ အကြောင်း၊ လူဝင်စားဘီလူးများ အကြောင်းသာ ဖြစ်ခြေမည်။ သူတို့ကိုယ် သူတို့လည်း ဘီလူးမျိုးနွယ်များဟု ဆိုကောင်းဆိုလိမ့်မည်။ အမျိုးဘာသာ၊ သာသနာကိုထိပါးလျှင် သူတို့က လူ့ဘီလူးများအမှန်ပင်ဖြစ်ပြီး တစ်ဖက်တွင်လည်း သာသနာပြု ဘီလူးစိတ်ရှိသူများဟုလည်း ဆိုချင်ပါသည်။

မည်သို့ဆိုစေကာမူ ဘီလူးပင်လျှင် ဒေါသရန်စွယ်၊ မာန်စွယ်ချိုး၍ တရားဓမ္မ၏ မွန်မြတ်မှုကိုဦးခိုက်တတ်သော တစ်ခုတည်းသောနေရာမှာ ဖန်ခါးဌာနေ မကွေးမြေဖြစ်ပါသည်။ သို့ဖြစ်၍လည်း အလည်လာစေချင်သည်။ ဒေါသနှင့်အမိုက်တရားတို့ ချုပ်ငြိမ်းစေရာ မြသလွန်စေတီတော်မြတ်ကြီးကို ဦးခိုက်ခွင့်ရစေချင်ပါသည်။ သာသနာတော် စည်ပင်ဖွံ့ဖြိုးရာ အထောက်အပံ့ဖြစ်သော ဘုရားပွဲတော်ကြီးတွင်လည်း လာရောက်လည်ပတ်စေချင်ပါသည်။

လူမှုဘဝဒုက္ခအပူများကို ငြိမ်းသတ်ခွင့်ရလိုကြောင်း စိတ်ရင်းအမှန်ဖြစ်ပေါ်နေပါသလား။ ဘီလူးပြုံးသော ငြိမ်းချမ်းရေးမြို့တော်၏ရင်ခွင်တွင် ဧရာဝတီမြစ်မင်းသံစဉ်ကိုနားဆင်ရင်း စေတီအမွန် မြသလွန်ခြေတော်ရင်းသို့ ဦးခိုက်ရန် လာခဲ့ကြပါ။

“ဘီလူးပြုံးတဲ့မြို့လေး မြစ်ကမ်းဘေး၌ပွဲရှိသည်” ဟု စကားလက်ဆောင်ပါးလိုက်ရပါသည်။ ။

# ရန်ကုန်မြို့နေပြည်သူများ စိတ်ဝင်စားမှုမြင့်တက်နေသည့် Yangon Water Bus ရေလမ်းကြောင်းခရီးစဉ်သစ်



ရန်ကုန်မြို့နေပြည်သူများအတွက် ထူးခြားသည့် ရေလမ်းကြောင်းပို့ဆောင်ရေးစနစ် Yangon Water Bus ကို အောက်တိုဘာ ၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အောက်တိုဘာ ၈ ရက်တွင် အခကြေးငွေယူ၍ စတင်ပြေးဆွဲခဲ့ရာ မြို့နေပြည်သူများအနေဖြင့် စိတ်ဝင်တစားလိုက်ပါစီးနင်းခဲ့ကြသည်။

ဘတ်စ်ကားများ ယာဉ်ကြောကျပ်တည်းမှုကို ရင်ဆိုင်နေရချိန်တွင် ယခုကဲ့သို့ ရေကြောင်းလမ်းမှနေ၍ သွားလာခြင်းကြောင့် ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုအတွက် အနည်းငယ်ဖြေလျှော့ပေးနိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက Yangon Water Bus ဖွင့်ပွဲအခမ်းအနားတွင်ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောကျပ်တည်းမှုကို ကူညီဖြေလျှော့သည့်အနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် Yangon Water Bus ကို တင့်တင့်မြန်မာကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တင့်တင့်မြန်မာကုမ္ပဏီအုပ်စု(စီအီးအို) ဒေါ်တင့်တင့်လွင်က "Yangon Water Bus ပြေးဆွဲတဲ့နေရာမှာ လူကြောင့်၊ စက်ကြောင့်၊ ရာသီဥတုကြောင့်ဖြစ်လာခဲ့ရင် အချိန်နဲ့တစ်ပြေးညီထိန်းချုပ်လို့ရအောင် ထိန်းချုပ်စင်တာ(Control Center)တစ်ခုထားရှိပါတယ်။ နည်းစနစ်တွေကို ဟန်ဂေရီနိုင်ငံကကုမ္ပဏီနဲ့ဆက်သွယ်ပြီး ရယူထားတာပါ"ဟု Yangon Water Bus ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

Yangon Water Bus ရေယာဉ်များပြေးဆွဲရာတွင် ကပ္ပတိန်များကို ရေယာဉ်အုပ်အတွေ့အကြုံ ၁၀ နှစ်ရှိ ပထမတန်းရေယာဉ်အုပ်လက်မှတ်ရရှိထားသူများကိုသာ ခန့်ထားသည်ဟု ဒေါ်တင့်တင့်လွင်က ပြောကြားသည်။ Yangon Water Bus စီးနင်းရာတွင် ရေယာဉ်စီးနင်းသူခရီးသည်များ အဆင်ပြေစေရန်အတွက် အနည်းဆုံးငွေကျပ် ၅၀၀ မှ စတင်ဖြည့်သွင်းစီးနင်းနိုင်သည့် ကြိုတင်ငွေပေးရေယာဉ်စီးနင်းခွင့်ကတ်(Anypay)စနစ်ကိုပါ ထည့်သွင်းထားသည်။

"အခုပြေးဆွဲနေတဲ့ Water Bus က ကမ်းစပ်နဲ့နီးတဲ့ ပြည်သူတွေအတွက် အဆင်ပြေမယ်လို့တော့ထင်တယ်။ ရေလုပ်ငန်းလုပ်ကိုင်နေတဲ့သူတွေအတွက်လည်း အနှောင့်အယှက်မရှိနိုင်ပါဘူး။ YBS နဲ့သွားရင် ယာဉ်ကြောကျပ်တဲ့အချိန်ရှိနိုင်တယ်။ အဆင့်ဆင့်စီးရတာမျိုးတွေရှိတယ်။ အခု Water Bus ကတော့ ဒါမျိုးတွေမရှိတော့ ပိုအဆင်ပြေမှာပါ။ နောက်ပိုင်းဆိုရင် အစင်းရေများများနဲ့ မှတ်တိုင်များများထားပြီးပြေးဆွဲပေးရင် အားလုံးအတွက် ပိုကောင်းပါတယ်"ဟု အင်းစိန်ဆိပ်ကမ်းမှ မြို့တွင်းသို့ Water Bus လိုက်ပါစီးသူ ကိုသီဟထွန်းက ပြောသည်။

လက်ရှိပြေးဆွဲပေးနေသည့် Yangon Water Bus များကိုအင်းစိန်ဆိပ်ကမ်း၊ ရွှေပြည်တောက် လှိုင်ဘူတာရုံလမ်းဆိပ်ကမ်း၊ ကြည့်မြင်တိုင် ညဈေးပန်းခြံ(ဈေးကြီးတံတား)ဆိပ်ကမ်း၊ လမ်းသစ်(မော်တင်မှတ်တိုင် လူကူးခုံးကျော်တံတား)ဆိပ်ကမ်း၊ ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းနှင့် ဗိုလ်တထောင်ဘုရားဝင်းအတွင်းရှိ ဗိုလ်တထောင်ဆိပ်ကမ်းဂိတ်ဟူ၍ မှတ်တိုင်ခြောက်ခုထားရှိပေးထားသည်။

တင့်တင့်မြန်မာကုမ္ပဏီ Project Manager ကိုထွန်းနိုင်လင်းက "Yangon Water Bus က တင့်တင့်မြန်မာကုမ္ပဏီရဲ့ လုပ်ငန်းခွဲတစ်ခုပါ။ ခရီးသည်တွေအကုန်လုံးဟာ ပန်းဆိုးတန်း နန်းသီတာဆိပ်ကပဲလာလာ၊ ဘယ်ကပဲလာလာ၊ အင်းစိန်ရောက်ရင် ခရီးစဉ်ကဂိတ်ဆုံးသွားပြီ။ အဲဒီတော့ ခရီးစဉ်ဆုံးပြီဖြစ်တဲ့အတွက် ခရီးသည်တွေအကုန်လုံးက ကုန်းပေါ်ကိုအကုန်တက်ပေးရပါတယ်။ တစ်ယောက်တောင် အပိုမတင်ပါဘူး။ ကုန်းပေါ်မှာ မဟုတ်ဘဲ ရေထဲမှာမောင်းတာဖြစ်တဲ့အတွက် ခုံပြည့်ပဲလက်ခံတယ်။ ဝန်ပိုစေမယ့် Over Load လက်မခံပါဘူး။ တချို့ခရီးသည်တွေက အသွား၊ အပြန် ပတ်ပြီးစီးချင်တယ်။ ပြန်မဆင်းချင်ဘူး။ ဒါပေမယ့် ကျွန်တော်တို့က အများနဲ့လုပ်တာကြောင့် အများကိုပဲဦးစားပေးပြီး ဆင်းခိုင်းပါတယ်။ လက်ရှိဆိပ်ကမ်းကို ခြောက်ခုလုပ်ထားပေမယ့် နောက်ပိုင်း ပန်းလှိုင်အိမ်ရာမှာလည်း ကပ်ပါမယ်။ ဆိပ်ကမ်းတွေ ဆက်လက်ပြီးတိုးချဲ့ဖို့ရှိပါတယ်" ဟု ပြောသည်။

Yangon Water Bus ကိုအပိုင်းသုံးပိုင်းဖြင့် တိုးချဲ့ပြေးသွားရန် ဆောင်ရွက်လျက်ရှိပြီး လှိုင်သာယာနှင့် ရွှေပြည်သာအထိခရီးစဉ်ကိုလည်း ထပ်တိုးပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ကိုထွန်းနိုင်လင်းက ဆိုသည်။

Yangon Water Bus စတင်ပြေးဆွဲသည့် လက်ရှိအပိုင်း(၁)ခရီးစဉ် ဗိုလ်တထောင်-အင်းစိန် မြစ်ကြောင်းခရီးစဉ်တစ်လျှောက်အတွက် ငွေကျပ် ၃၀၀ ဖြင့် ပြေးဆွဲပေးနေပြီး ဒုတိယပိုင်းအနေဖြင့် ညောင်တန်း-မြောက်ဒဂုံမြစ်ကြောင်း၊ တတိယပိုင်းအနေဖြင့် Star City သန်လျင်အတွက်ကို ချဲ့ထွင်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)အတွင်းရေးမှူး ဒေါက်တာမောင်အောင်ထံမှ သိရသည်။



ဒေါက်တာမောင်အောင်က "Yangon Water Bus က ကျွန်တော်တို့ YRTA ရဲ့ ထိန်းချုပ်မှုအောက်မှာပဲရှိပါတယ်။ အခု သူတို့စပြေးဆွဲနေတဲ့ အင်းစိန်က ပထမခရီးစဉ်ပေါ့။ ဒုတိယခရီးစဉ်အနေနဲ့ မြောက်ဒဂုံ ငမိုးရိပ်အထိဆက်သွားဖို့ရှိမယ်။ တတိယခရီးစဉ်က Star City အိမ်ရာ သန်လျင်ဘက်ကိုကူးမှာပေါ့။ လှိုင်သာယာ၊ ရွှေပြည်သာပါဆွဲပေးမယ်။ ဆိပ်ကမ်းကလုပ်နေတယ်။ ကျွန်တော်တို့ တင်ဒါခေါ်ပြီးစရွေးတုန်းက တင့်တင့်မြန်မာပဲအောင်တာ။ ပြိုင်တဲ့ကုမ္ပဏီနှစ်ခုမှာ အခြားတစ်ခုက အတွေ့အကြုံမရှိဘူး။ တင့်တင့်မြန်မာက ရေနဲ့ပတ်သက်ပြီး အတွေ့အကြုံရှိတယ်။ ဒါကြောင့် သူ့ကိုရွေးခဲ့တာ" ဟု ပြောသည်။

Yangon Water Bus စီးနင်းလိုက်ပါမည့် ခရီးသည်များအတွက် စည်းကမ်းများသတ်မှတ်ပေးထားပြီး ရေလမ်းခရီးဖြစ်ခြင်းကြောင့် စည်းကမ်းကို ပိုမိုအလေးပေးထားခြင်းဖြစ်ကြောင်း တင့်တင့်မြန်မာကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကိုထွန်းနိုင်လင်းက "စည်းကမ်းချက်အနေနဲ့ကတော့ သင်္ဘောပေါ်မှာကွမ်းစားလို့မရပါဘူး။ ဆေးလိပ်သောက်လို့မရပါဘူး။ ကွမ်းစားပြီးတော့လည်း သင်္ဘောပေါ်ကို တက်ခွင့်မပေးပါဘူး။ ရေယာဉ်မောင်းနေစဉ်မှာလည်း အားလုံးကခုံမှာပဲထိုင်ပေးရပါမယ်။ မတ်တတ်ရပ်လို့မရပါဘူး။ ကျွန်တော်တို့အနေနဲ့ စည်းကမ်းကို စတင်အကောင်အထည်ဖော်နေသလို ပြည်သူတွေအနေနဲ့လည်း စည်းကမ်းကို လိုက်နာစေချင်ပါတယ်"ဟု ပြောသည်။

Yangon Water Bus ကို လက်ရှိတွင် ရေယာဉ်ငါးစင်းဖြင့် စတင်ပြေးဆွဲနေသော်လည်း လိုက်ပါစီးနင်းသည့် ခရီးသည်အပေါ်မူတည်၍ ရေယာဉ်များကို နေ့စဉ်တိုးမြှင့်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုးသန်းက "အင်းစိန် Water Bus ဆိပ်ကမ်းဆောက်တဲ့အခါမှာလည်း ဒေသခံအခြေခံလူတန်းစားတွေ အလုပ်ရကြတယ်။ အခုလိုစတင်ပြေးဆွဲတဲ့အခါမှာတော့ စီးတဲ့လူတော်တော်များတယ်။ အခက်အခဲအနေနဲ့ကတော့ ကျွန်တော်တို့ရပ်ကွက်တွေမှာက လက်လုပ်လက်စားတွေများတဲ့အတွက် ဒီနေရာမှာ ဈေးရောင်းချင်တဲ့သူတွေရှိနေတယ်။ ဒါပေမယ့်လည်း ဒီနေရာက နိုင်ငံတကာအဆင့်မီလုပ်ထားတဲ့အတွက် သက်ဆိုင်ရာက ဒီနေရာကို ဆက်လက်ပြီးသာယာအောင် ဘယ်လိုလုပ်ဆောင်မလဲဆိုတာကိုတော့ မသိသေးပါဘူး။ အဲဒီတော့ ဒီနေရာကို ဈေးသည်တွေလာရောက် ဈေးရောင်းချမှုမျိုးမရှိအောင် စောင့်ကြည့်တားမြစ်ပြီး သက်ဆိုင်ရာ အထက်အဖွဲ့အစည်းကို တင်ပြနေပါတယ်။ ဒေသခံ အခြေခံလူတန်းစားတွေအတွက် ဈေးရောင်းချဖို့ စနစ်တကျလေး ဖော်ဆောင်ပေးရင် ကောင်းတာပေါ့"ဟု ပြောသည်။

အင်းစိန်ကမ်းနားတွင်နေထိုင်သူ ဒေသခံ ဒေါ်မြမြခင်က "အရင်ကစက်ချုပ်လုပ်ငန်းလုပ်တာပါ။ ရတဲ့လစာနဲ့ သိပ်အဆင်မပြေတော့ ဈေးရောင်းရင်အဆင်ပြေမယ်ထင်လို့ ထွက်ရောင်းတာပါ။ အခုလောလောဆယ်တော့ သက်ဆိုင်ရာကဈေးမရောင်းခိုင်းလို့ ဟိုပြေးဒီပြေးနဲ့ ရောင်းနေရတာပါ။အခုလို Water Bus ပြေးဆွဲတဲ့အတွက် ပြည်သူတွေ အဆင်ပြေမယ်လို့ထင်တယ်။ ကျွန်မတို့လို အခြေခံလူတန်းစားတွေအတွက်ကိုလည်း ဂိတ်ဝန်းရဲ့ အပြင်ဘက်တစ်နေရာရာမှာ နေရာလေးတစ်ခုလောက် အတည်တကျသတ်မှတ်ပေးပြီး ဈေးရောင်းချခွင့်ပြုရင်တော့ ကောင်းတာပေါ့"ဟု ပြောသည်။

Yangon Water Bus ဂိတ်များတွင် ရေယာဉ်ထွက်ခွာချိန်နှင့် ဆိုက်ရောက်ချိန် ခရီးစဉ်များကို ခရီးသည်များ အလွယ်တကူသိရှိနိုင်စေရန် ကပ်ထားပေးသည်ကို တွေ့ရသည်။

စမ်းချောင်းမှနေ၍ Water Bus လိုက်ပါစီးနင်းသူ ဦးနေဝင်းအောင်က "ဒီနေ့ကအလုပ်နားတော့ မိသားစုလိုက် လာစီးဖြစ်တာပါ။ လာတာကအဆင်ပြေတယ်။ အခုမြို့ထဲကိုပြန်သွားဖို့ကျတော့ စီးတဲ့သူကများတဲ့အတွက် အခေါက်ရေစောင့်ရတာပေါ့။ အခုတောင် နှစ်စီးစာလူပြည့်နေပြီပြောတယ်။ သင်္ဘောအစင်းရေတိုးလာရင် အဆင်ပြေမယ်။ အစဆိုတော့ ဒီလိုပဲပေါ့။ အခုလို Water Bus ပေါ်လာတော့ ရန်ကုန်မှာနေတဲ့သူတွေအတွက်က အခုဆိုအင်းစိန်အထိဆိုတော့ အဲဒီကလူတွေ အဆင်ပြေမယ်ထင်တယ်။ YBS ကားက ကျပ်တယ်။ Water Bus က တော်တော်လေး ချောင်ချောင်ချိချိသက်သောင့်သက်သာစီးရတယ်။ ကြည့်မြင်တိုင်ကနေ အင်းစိန်ကို စီးလာတာ တစ်နာရီနီးပါးလောက်စီးရတယ်"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)သည် လက်ရှိတွင် တင့်တင့်မြန်မာကုမ္ပဏီထံမှ ငွေကြေးကောက်ယူခြင်း မရှိသေးသော်လည်း နောက်ပိုင်းရေရှည်အတွက် ပြန်လည်ညှိနှိုင်းသွားမည်ကြောင်း သိရသည်။

ဒေါက်တာမောင်အောင်က "ရရှိတဲ့ဝင်ငွေကို ခွဲယူဖို့အတွက်တော့ လက်ရှိမှာ ကျွန်တော်တို့ YRTA အနေနဲ့ မပြောရသေးပါဘူး။ သူတို့ရဲ့ အရင်းအနှီးကများတယ်။ အဲဒီလိုအရင်းအနှီးများတဲ့အပြင် ကောက်ခံတဲ့ငွေကြေးကျပ် ၃၀၀ ဆိုတာကလည်း နည်းပါတယ်။ လောလောဆယ်တော့ သူတို့ဆီက ပိုက်ဆံကောက်ဖို့ မရှိသေးပေမယ့် ရေရှည်အတွက်တော့ ပြန်ညှိရဦးမှာပါ။ သူတို့ တိုးချဲ့ဖို့အစီအစဉ်ကခရီးသည်ပေါ်မူတည်ပြီး ဆက်လုပ်သွားမှာပါ"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေ ၆ သန်းကျော်နေထိုင်လျက်ရှိပြီး ခရီးသွားလာရာတွင် အများစုမှာ ဘတ်စ်ကားများကိုသာ အားထားနေကြရာမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏စီစဉ်မှုဖြင့် စတင်ပြေးဆွဲလျက်ရှိသည့် ရေလမ်းသယ်ယူပို့ဆောင်ရေး ယာဉ်လိုင်းစနစ်သစ် Yangon Water Bus သည် ရန်ကုန်မြို့နေ ခရီးသွားပြည်သူများအတွက် သက်သောင့်သက်သာရှိသော ဝန်ဆောင်မှုကိုပေးနိုင်မည့် ရေလမ်းကြောင်းခရီးစဉ်သစ်တစ်ခုအဖြစ် မျှော်လင့်လျက်။ ။

**ဆောင်းပါး- ဇော်ကြီး**
**ဓာတ်ပုံ- ဖေဇော်**

# မောင်တောဒေသလုံခြုံတည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းခရီးစဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ
# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ကယ်ဆယ်ခဲ့သည့် ဟိန္ဒူမိသားစုဝင်များအား အလှူငွေများထောက်ပံ့ပေးအပ်

**မောင်တော အောက်တိုဘာ ၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများအဖွဲ့သည် မောင်တောဒေသ၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုခံရပြီးနောက် ဆောင်ရွက်လျက်ရှိသည့် မောင်တောဒေသလုံခြုံတည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းခရီးစဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဝန်ကြီးချုပ် ဦးညီပုက ရှေ့လုပ်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မှား၍မရကြောင်း၊ လက်တလောတွေ့ရှိချက်များနှင့် ဆွေးနွေးတိုင်ပင်ထားသည်များကိုပေါင်းစပ်ညှိနှိုင်းကာ အကောင်းဆုံးဖြစ်အောင် ပြည်နယ်အစိုးရအဖွဲ့ အသီးသီးအနေဖြင့် ညီညီညွတ်ညွတ်ဖြင့် စေတနာထားကာ ရေရှည်ဖွံ့ဖြိုးရေးကို လုပ်ဆောင်စေလိုကြောင်း၊ ပြည်နယ်အရေး၊ နိုင်ငံအရေး၊ အမျိုးသားရေးကို ဦးတည်ကာ ဆောင်ရွက်စေလိုကြောင်း၊ ရှေ့လုပ်ဆောင်မည့်လုပ်ငန်းများမှာ ပိုပြီးအရေးကြီးကြောင်းနှင့် မှန်မှန်ကန်ကန် လုပ်ဆောင်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက လုံခြုံတည်ငြိမ်အေးချမ်းရေး၊ ပြန်လည်တည်ဆောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းတံတား၊ ဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ အိမ်ရာတည်ဆောက်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အပါအဝင် ကဏ္ဍအလိုက် လတ်တလောဆောင်ရွက်ချက်များ၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများက ဌာနဆိုင်ရာအသီးသီး၏ တင်ပြချက်များအပေါ် ရေတိုနှင့်ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လုပ်ဆောင်ရသည့်နေရာတွင် အခက်အခဲများ ရှိနိုင်သော်လည်း တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပေါင်းစပ်ကာ လုပ်ဆောင်စေလိုကြောင်း၊ ပြည်သူအတွက် အလုပ်လုပ်ခြင်းဟု ခံယူစေလိုကြောင်း၊ စပါးရိတ်သိမ်းရေး၊ စာရင်းဇယားကောက်ယူရေး၊ မောင်တောဖြစ်စဉ်နှင့်ပတ်သက်၍ ပြန်လည်နေရာချထားရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားလုံးပူးပေါင်းလုပ်ဆောင်စေလိုကြောင်း၊ ဒေသတစ်ခုလုံးအတွက် လုပ်ဆောင်သင့်သည်များနှင့်ပတ်သက်၍ အားလုံးစဉ်းစားလုပ်ဆောင်သင့်ကြောင်း၊ ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့် လုပ်ငန်းစဉ်များလည်းရှိကြောင်း ပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ဘဏ္ဍာရေးစီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များသည် မောင်တောဒေသဘက်စုံဖွံ့ဖြိုးရေး၊ စီးပွားရေးအခွင့်အလမ်းများနှင့်ပတ်သက်၍ ယနေ့တွင် တောင်ဘဇာနှင့် ခမောင်းဆိပ်ကျေးရွာများမှ ဒေသခံများအား တွေ့ဆုံအားပေးစကားပြောကြားရာ နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ မောင်တောဒေသဘက်စုံဖွံ့ဖြိုးရေးကွင်းဆင်းခရီးစဉ်အတွင်း ကျေးရွာများမှ မိသားစုဝင်များအတွက် ထောက်ပံ့ငွေများပေးအပ်စဉ်။**

ထို့နောက် မောင်တောဒေသရှိ တိုင်းရင်းသားများက လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများအား တင်ပြရာ လတ်တလောလိုအပ်ချက်များကို ဝန်ကြီးချုပ်နှင့်အဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဒေသစီးပွားရေးဖွံ့ဖြိုးရေးအတွက် ကော်မတီများဖြင့် ရေတို၊ရေရှည်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ လျှပ်စစ်မီးရရှိရေး၊ လမ်းတံတား၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုံခြုံရေးအခြေအနေ စိုးရိမ်စရာမရှိတော့ကြောင်း၊ တောင်ယာနှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရေးနှင့် ဒေသခံများအနေဖြင့်လည်း ကြိုးစားလုပ်ဆောင်စေလိုကြောင်း၊ အခက်အခဲရှိပါက ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြစေလိုကြောင်းနှင့် ပြန်လည်တည်ဆောက်ရေးအပိုင်းတွင် ဒေသခံများ၏လိုအပ်ချက်များကိုမေးမြန်းပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယနေ့တွင် တောင်ဘဇာနှင့် ခမောင်းဆိပ်ကျေးရွာတို့ရှိ စုရပ်များသို့ သွားရောက်ကာ ကွင်းဆင်းတွေ့ဆုံဆွေးနွေးခဲ့ပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုခံခဲ့ရသော်လည်း နေရပ်မစွန့်ခွာဘဲ မိမိရပ်ရွာတွင်နေထိုင်လျက်ရှိသည့် အိမ်ထောင်စုများအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောက်တိုဘာ ၆ ရက်မှ ၈ ရက်အထိ မောင်တောဒေသဘက်စုံဖွံ့ဖြိုးရေးကွင်းဆင်းခရီးစဉ်အတွင်း ကျေးရွာများမှ မိသားစုဝင်များကို တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၉၃၃၀၀၀၀ ကို ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်(မြောက်ပိုင်း) မောင်တောဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာန ဝန်ထမ်းမိသားစုများအား လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးနှင့် ဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများက ကူညီထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့တွင် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကူညီထောက်ပံ့ငွေကျပ် ၁၇၁၈၄၀၀၀ ကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ပြည်နယ်ဦးစီးဌာနမှူး ဦးကျော်ငြိမ်းက ပေးအပ်ရာ မောင်တောဒေသရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများကိုယ်စား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများက လက်ခံရယူသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ကယ်ဆယ်ရောက်ရှိလာခဲ့သည့် ဟိန္ဒူဘာသာဝင်မိသားစုများအား အောက်တိုဘာ ၇ ရက် ညပိုင်းက မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံနှစ်သိမ့်အားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ခမောင်းဆိပ်ကျေးရွာ၌ နေထိုင်သည့် ဟိန္ဒူမိသားစုဝင်များအား ARSA အစွန်းရောက်အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားကာ ရဲဘော်ကျကျေးရွာအနီးတွင် အမျိုးသားများအား သတ်ဖြတ်ပြီး အမျိုးသမီးရှစ်ဦးနှင့် ကလေးငယ်ရှစ်ဦး စုစုပေါင်း ၁၆ ဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခေါ်ဆောင်သွားခဲ့ခြင်းကြောင့် သံတမန်လမ်းကြောင်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက တစ်ဖက်နိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသည့် အဆိုပါ ဟိန္ဒူဘာသာဝင်မိသားစုများအတွက် ငွေကျပ်သိန်း ၆၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သန့်ဇင်ဝင်း၊ နိုင်လင်းကြည်)**



**တစ်ဖက်နိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသည့် ဟိန္ဒူဘာသာဝင် မိသားစုများအတွက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ထောက်ပံ့ငွေများ ပေးအပ်စဉ်။**

---

# ကိုယ်ဝန်ဆောင်မိခင်များ လိုက်နာဆောင်ရွက်ရန်

- ကိုယ်ဝန်ရှိသည်ဟုသံသယရှိလျှင် နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများတွင် ကိုယ်ဝန်အပ်ပါ။
- ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုကို ကျွမ်းကျင်သူကျန်းမာရေးဝန်ထမ်းထံတွင် အနည်းဆုံး (၄)ကြိမ်ခံယူပါ။
  - ပထမအကြိမ် - ကိုယ်ဝန်(၄)လအတွင်း (စောနိုင်သမျှစောစော)
  - ဒုတိယအကြိမ် - ကိုယ်ဝန်(၆) လမှ (၇) လအတွင်း
  - တတိယအကြိမ် - ကိုယ်ဝန်(၈) လအတွင်း
  - စတုတ္ထအကြိမ် - ကိုယ်ဝန်(၉) လအတွင်း
- ကိုယ်ဝန်ဆောင်မိခင်များ အာဟာရပြည့်ဝမျှတရန် အစားမရှောင်ပါနှင့်။ ကိုယ်ဝန်ဆောင်စဉ် အစားပိုစားပါ။
- မေးခိုင်ကာကွယ်ဆေး (၂) ကြိမ်ထိုးပါ။
- တတ်ကျွမ်းသောကျန်းမာရေးစောင့်ရှောက်မှုပေးသူမှ ညွှန်ကြားသော ဆေးဝါးများမှအပ အခြားဆေးများ မသောက်ပါနှင့်။
- နေ့စဉ် သင့်တော်သောကိုယ်လက်လှုပ်ရှားမှု အသင့်အတင့် ပြုလုပ်ပါ။ အိပ်ရေးဝအောင်အိပ်ပါ။ နေ့လယ်ပိုင်းတွင် အနားယူပါ။ အလေးအပင်မသောအလုပ်များ မလုပ်ပါနှင့်။
- သံဓာတ်ဖောလိတ်ကိုယ်ဝန်ဆောင်အားဆေးကို စောနိုင်သမျှစောစောသောက်ပါ။ ကိုယ်ဝန်(၇)လကျော်လျှင် မနက်တစ်လုံး၊ ညတစ်လုံးသောက်ပါ။
- သန့်ရှင်းပေါ့ပါးချောင်ချိ၍ ရာသီဥတုနှင့်ကိုက်ညီသော အဝတ်အစားများကို ဝတ်ဆင်ပါ။
- ဆေးလိပ်၊ အရက်မသောက်ပါနှင့်။ ကွမ်းမစားပါနှင့်။ ဆေးလိပ်အငွေ့အစရှိသည့် ညစ်ညမ်းသော လေထုပတ်ဝန်းကျင်မှ ရှောင်ရှားပါ။
- ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရန်အတွက် မည်သည့်အချိန်အိပ်အိပ် ဆေးစိမ်ခြင်ထောင်ဖြင့်အိပ်ပါ။
- မွေးဖွားရန် ကြိုတင်အစီအစဉ် ရေးဆွဲထားပါ။
- တစ်ခါသုံးမွေးဖွားအိတ်ငယ်ကို အသုံးပြုပါ။

**ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့်**

- ခေါင်းပြင်းထန်စွာကိုက်ပြီး အမြင်မှုန်ဝါးခြင်း
- အသက်ရှုမြန်ခြင်း၊ အသက်ရှုခက်ခြင်း
- အန်ခြင်း၊ ရင်ညွန့် (သို့) ညာဘက် နံရိုးအောက် အောင့်ခြင်း
- ဝမ်းဗိုက်အလွန်အမင်းဆက်တိုက်နာခြင်း
- မိန်းမကိုယ်မှ ရေဆင်း၊ သွေးဆင်းခြင်း
- ဖျားပြီးအိပ်ရာမှ မထနိုင်လောက်အောင် အားနည်းခြင်း
- တက်ခြင်း၊ သတိလစ်ခြင်း

စသည့် အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသွားရောက်ပြသကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ခုံတိုင်(မြို)ရွာ မီးရှို့ အကြမ်းဖက်သတ်ဖြတ်ခံရမှု ကမ္ဘာကိုသိစေချင်

နိုင်ငံခြားသံတမန်တွေကို အဖြစ်မှန်ရှင်းပြဖို့ ခုံတိုင်ကျေးရွာခေါင်းဆောင် ဦးမောင်လှနဲ့အတူ ရောက်ရှိနေတဲ့ ခုံတိုင်ရွာသူ ရွာသားတွေဟာ သူတို့(မြို) မျိုးနွယ်စုတွေ စုဝေးနေထိုင်ခဲ့ရာ ခုံတိုင်(မြို)ရွာဟောင်းနေရာကို ဝမ်းနည်းပူဆွေးမှုတွေအပြည့်နဲ့ ငေးကြည့်နေကြပါတယ်။

"ဒီနေရာကို မလာချင်ဘူး။ ဒီနေရာရောက်ရင် စိတ်ထိခိုက်ရတယ်"လို့ မြိုတိုင်းရင်းသားတစ်ဦးဖြစ်သူ ခုံတိုင်ကျေးရွာခေါင်းဆောင် ဦးမောင်လှက ပြောပါတယ်။

တောင်များပတ်လည်ဝိုင်းရံထားတဲ့ တောင်တန်းတွေကြားထဲမှာ အေးချမ်းစွာနဲ့ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို လုပ်ကိုင်စားသောက်နေထိုင်ကြတဲ့ မြိုတိုင်းရင်းသားတွေရဲ့ ခုံတိုင်ရွာလေးဟာ ARSA အစွန်းရောက် အကြမ်းဖက်သမားတွေကြောင့် အခုအခါမှာတော့ မီးလောင်ပြင်ဖြစ်နေပြီး လူသူကင်းမဲ့နေတဲ့ ရွာပျက်တစ်ခုဖြစ်နေပါပြီ။

ယောကျ်ား၊ မိန်းမနဲ့ ကလေးများအပါအဝင် လူဦးရေ ၂၄၇ ဦးနေထိုင်တဲ့ အိမ်ထောင်စု ၃၀ သာရှိတဲ့ ခုံတိုင်(မြို)ရွာလေးဟာ (ဩဂုတ်လ ၂၅ ရက်၊ မောင်တောဒေသတွင် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့ရဲ့ အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်စဉ်ဖြစ်ပွားပြီး လေးရက်မြောက်နေ့) မွန်းတည့် ၁၂ နာရီခန့်မှာ တုတ်၊ ဓား၊ သေနတ်တွေကိုင်ဆောင်ထားတဲ့ အကြမ်းဖက်သမား ၅၀၀ ခန့်က ရွာကိုမီးရှို့ကာ ရွာသူ ရွာသားတွေကို သတ်ဖြတ်ခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်ခြင်းကို ခံခဲ့ရပါတယ်။

"ရွာမှာရှိတဲ့ ကင်းသမားက အချိန်မီအချက်ပေးလို့ တချို့ထွက်ပြေးကြတယ်။ ထွက်မပြေးနိုင်တဲ့ သူတွေကိုတော့ အကြမ်းဖက်သမားတွေက သတ်ပစ်လိုက်ကြတယ်" လို့ ခုံတိုင်ကျေးရွာခေါင်းဆောင် မြိုတိုင်းရင်းသား ဦးမောင်လှက စကားသံခပ်ဝဲဝဲတွင် မချိတင်ကဲနာကျင်ခံစားမှုများရောစွက်ကာ စကားဆိုပါတယ်။

အစွန်းရောက်အကြမ်းဖက်သမားများက ၎င်းတို့ရဲ့ ဘာသာစကားနဲ့ "ရွာကို မီးရှို့၊ အသေသတ်" ဆိုတဲ့ ကြိမ်းမောင်းအော်ဟစ်သံတွေ၊ ရွာရဲ့ နှစ်လမ်းတည်းသာရှိတဲ့ အရှေ့ဘက်သွားတဲ့လမ်း၊ အနောက်ဘက်သွားတဲ့လမ်း နှစ်လမ်းစလုံးကို အင်အားအလုံးအရင်းနဲ့ ပိတ်ဆို့ကာ ရွာကိုဝိုင်းပြီး ထွက်မပြေးနိုင်တဲ့သူတွေကို အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခဲ့တဲ့ပုံရိပ်တွေက ဦးမောင်လှအတွက် စိတ်ထဲမှာ တစ်သက်မမေ့နိုင်စရာ ပုံရိပ်ဆိုးတွေ ဖြစ်ခဲ့ပါပြီ။

ARSA အစွန်းရောက် အကြမ်းဖက်သမားတွေရဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် ခုံတိုင်(မြို)ရွာက အသက်(၇၅)နှစ်၊ အသက်(၆၅)နှစ်အရွယ် အမျိုးသမီးနှစ်ဦး၊ အသက်(၆၅)နှစ်၊ အသက်(၂၇)နှစ်၊ အသက်(၁၆)နှစ်အရွယ် ယောကျ်ား သုံးဦးနှင့် အသက် (၅)နှစ်အရွယ် ယောကျ်ားလေး ကလေးငယ်တစ်ဦးတို့ သေဆုံးခဲ့ရပြီး အမျိုးသား၊ အမျိုးသမီးနဲ့ ကလေးငယ် ခုနစ်ဦး ဓားခုတ်ဒဏ်ရာတွေရရှိခဲ့ပါတယ်။

အခုလို အကြမ်းဖက်သမားတွေ လက်ကလွတ်မြောက်ဖို့ အသက်လုထွက်ပြေးရတဲ့အခါမှာ ခုံတိုင်ရွာအရှေ့ဘက် မေယုတောင်တန်းဘက်ကို တောလမ်းကနေထွက်ပြေးခဲ့ပြီး ည ၈ နာရီခန့်မှာ ဘူးသီးတောင်မြို့နယ်ထဲမှာရှိတဲ့ တောင်ပေါ် မြိုတိုင်းရင်းသားတွေနေတဲ့ ပန်စေရွာကို ရောက်ခဲ့ကြတယ်လို့ ကျေးရွာသားတွေထံမှ သိရပါတယ်။

ပန်စေ(မြို)ရွာမှာ ရက်ပေါင်း ၂၀ ခန့် ပုန်းခိုနေထိုင်ခဲ့ရပြီး စက်တင်ဘာ ၁၇ ရက်မှ မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာအုပ်စု လောင်းဒုံကျေးရွာကို ရောက်ရှိကာ ၎င်းတို့ရဲ့ မျိုးနွယ် မြိုတိုင်းရင်းသားတွေနဲ့အတူ သွားရောက်ပြီး စုပေါင်းနေထိုင်ကြတယ်လို့ ကျေးရွာသားတွေထံမှ သိရပါတယ်။

"ပစ္စည်းတွေလည်း သယ်ချိန်မရဘူး။ အသက်လုပြီး ထွက်ပြေးခဲ့ရတယ်။ အိမ်မှာမွေးထားတဲ့ ကြက်တွေ၊ ဝက်တွေလည်းကျန်ခဲ့တယ်။ တောင်ယာမှာ စိုက်ပျိုးထားတဲ့ စပါးတွေလည်း အခုချိန် ဘယ်လိုဖြစ်နေတယ်ဆိုတာ မသိတော့ဘူး"လို့ ဦးမောင်လှက ပြောပါတယ်။



သံတမန်များ၊ UNRC၊ UNHCR၊ WFP၊ World Bank(Myanmar)၊ UNODC မှ တာဝန်ရှိသူများက ခုံတိုင်ကျေးရွာမှ ရွာသူ ရွာသားများနှင့် အောက်တိုဘာ ၂ ရက်က တွေ့ဆုံမေးမြန်းစဉ်။



ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခံရသည့် ခုံတိုင်ကျေးရွာ။

မောင်တော၊ ဘူးသီးတောင်ဒေသမှာ နေထိုင်ကြတဲ့ မြိုတိုင်းရင်းသားတွေဟာ တောတောင်နဲ့နီးတဲ့နေရာတွေမှာ နေထိုင်ကြပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ခုံတိုင်ကျေးရွာမှာရှိတဲ့ မြိုတိုင်းရင်းသားတွေအနေနဲ့လည်း ရွှေ့ပြောင်းတောင်ယာလုပ်ငန်းနဲ့ အဓိက အသက်မွေးဝမ်းကျောင်းပြုကြပြီး အေးချမ်းစွာနေထိုင်ကြသူတွေပါ။

"မောင်တောမြို့ကို ခုံတိုင်ရွာကနေ သွားမယ်ဆိုရင် ကားလမ်းမကိုရောက်ဖို့ ခြေကျင်တစ်နာရီခန့် လမ်းလျှောက်ရမယ်။ အဲဒီကမှတစ်ဆင့် မော်တော်ယာဉ်နဲ့ နှစ်နာရီကျော် မောင်းနှင်ပြီးမှ ရောက်တယ်"လို့ ရွာသားတစ်ဦးက ပြောပါတယ်။

လူနည်းစု မြိုတိုင်းရင်းသားတွေနေထိုင်တဲ့ ခုံတိုင်ကျေးရွာရဲ့ ရွာနီးချုပ်စပ်မှာ ရခိုင်တိုင်းရင်းသားကျေးရွာတွေနဲ့ အလှမ်းကွာဝေးလွန်းနေပြီး ဘင်္ဂါလီရွာတွေရဲ့ အနီးဆုံးနေရာမှာ တည်ရှိနေတဲ့အတွက် "လုံခြုံရေးမရှိရင် လက်ရှိလူဦးရေနဲ့ ရွာမှာပြန်မနေရဲသေးဘူး"လို့ ကျေးရွာသားတွေက တညီတညွတ်တည်း ပြောပြကြပါတယ်။

နိုင်ငံတော်အစိုးရရဲ့စီစဉ်ပေးမှုနဲ့ ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ARSA အစွန်းရောက် အကြမ်းဖက်သမားတွေ တိုက်ခိုက်ဖျက်ဆီးခဲ့သည့် နေရာတွေကို သွားရောက်ကြည့်ရှုဖို့ ရန်ကုန်မြို့ အခြေစိုက်နိုင်ငံခြားသံရုံးတွေက သံအမတ်ကြီးတွေနဲ့ သံရုံးများမှ တာဝန်ရှိသူတွေ၊ UNRC၊ UNHCR၊ WFP၊ World Bank (Myanmar)၊ UNODC က တာဝန်ရှိသူတွေဟာ မောင်တောဒေသကို အောက်တိုဘာ ၂ ရက်က သွားရောက်ခဲ့ကြပါတယ်။

ခုံတိုင်ကျေးရွာ မီးလောင်ပြင်နေရာကိုရောက်လာတဲ့ သံတမန်အဖွဲ့တွေကို ARSA အစွန်းရောက်အကြမ်းဖက်သမားတွေရဲ့ လူသတ်၊ ရွာလုံးကျွတ်မီးရှို့၊ လူသားမဆန်တဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အကြမ်းဖက်လုပ်ရပ်တွေအကြောင်းကို အသက်မသေဘဲ ကျန်ခဲ့တဲ့ ခုံတိုင်ကျေးရွာ မြိုတိုင်းရင်းသားတွေက "ဖြစ်ရပ်မှန်တွေကို ရှင်းပြခဲ့တယ်"လို့ ဒေသခံတွေထံမှ သိရပါတယ်။

လူနည်းစုဖြစ်တဲ့ ခုံတိုင်(မြို) ကျေးရွာသားတွေနည်းတူ ARSA အစွန်းရောက် အကြမ်းဖက်သမားတွေရဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် သေဆုံးသွားကြတဲ့ ရခိုင်၊ မြို၊ သက်၊ ဒိုင်းနက်နဲ့ ဟိန္ဒူဘာသာဝင်တွေရဲ့ ကျန်ရစ်သူမိသားစုဝင်တွေနဲ့ သံတမန်အဖွဲ့တွေ တွေ့ဆုံပြီး အသတ်ခံရတဲ့ အကြောင်းအရင်းကို မေးမြန်းခဲ့တယ်လို့ ကျန်ရစ်သူမိသားစုတွေက ဆိုပါတယ်။

မောင်တော၊ ဘူးသီးတောင်ဒေသမှာ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်မှ စက်တင်ဘာလ ၂၆ ရက်အထိ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက် သတ်ဖြတ်တိုက်ခိုက်ခဲ့မှုကြောင့် ဟိန္ဒူဘာသာဝင်များ၊ ရခိုင်၊ မြို၊ ဒိုင်းနက် တိုင်းရင်းသားတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ အပြစ်မဲ့ပြည်သူတွေ အပါအဝင် ၈၄ ဦး သေဆုံးခဲ့ပြီး အကြမ်းဖက်သမားတွေရဲ့ ဖမ်းဆီးခေါ်ဆောင်သွားမှုကြောင့် အပြစ်မဲ့ပြည်သူ ၅၄ ဦးဟာလည်း ပျောက်ဆုံးနေတယ်လို့ သတင်းထုတ်ပြန်ချက်တွေအရ သိရပါတယ်။

မီးလောင်ဒဏ်ကြောင့် တွန့်လိမ်ကောက်ကွေးနေတဲ့ လယ်ယာသုံးဓားတွေ၊ တစ်စစီ ကြဲပြန့်နေတဲ့ အိုးခွက်ပန်းကန်တွေ၊ အကောင်းအတိုင်းမရှိတော့တဲ့ အသုံးအဆောင်ပစ္စည်းတွေကို ပြန်သုံးလို့ရလိမ့်နိုးနိုးဖြင့် ရွာသားတချို့ လိုက်လံကောက်ယူနေတဲ့ မြင်ကွင်းကို ငေးကြည့်ရင်း ဦးမောင်လှက "ခုံတိုင်(မြို)ရွာ မီးရှို့ခံရပြီး ရွာသားတွေ အကြမ်းဖက်သတ်ဖြတ်ခံရတာတွေကို ကမ္ဘာက သိစေချင်တယ်" လို့ ဆို့နင့်ကြေကွဲစွာ စကားဆိုခဲ့ပါတယ်။

(သတင်းဆောင်းပါး - သီသီမင်း၊ မင်းသစ်(MNA)၊ ဓာတ်ပုံ - နေလင်း)

## ရခိုင်ပြည်နယ်လုံးဆိုင်ရာ လူမှုအဖွဲ့အစည်းများ အစည်းအဝေးတက်ရောက်ရန် ကိုယ်စားလှယ်များရွေးချယ်

**စစ်တွေ အောက်တိုဘာ ၈**

ရခိုင်ပြည်နယ်လုံးဆိုင်ရာ လူမှုအဖွဲ့အစည်းများ၏ အစည်းအဝေးသို့ တက်ရောက်ရန် စစ်တွေမြို့နယ်ကိုယ်စားပြုကိုယ်စားလှယ်များရွေးချယ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ မြို့ပေါ်ရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ရွေးချယ်ခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ ဦးမောင်ဗသိန်းက အမှာစကားပြောကြားပြီး စစ်တွေမြို့နယ် လူမှုအသင်းအဖွဲ့များ ကိုယ်စားပြုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ကော်မတီဝင်များက ရှင်းလင်းတင်ပြကြပြီး ကော်မတီသို့ လှူဒါန်းထောက်ပံ့ခဲ့သည့် စေတနာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ရခိုင်ပြည်နယ်လုံးဆိုင်ရာ လူမှုအဖွဲ့အစည်းများ၏ အစည်းအဝေးသို့တက်ရောက်ရန် စစ်တွေမြို့နယ် လူမှုအဖွဲ့အစည်းများမှ တတ်သိပညာရှင်နှစ်ဦး အပါအဝင် ကိုယ်စားလှယ်ခုနစ်ဦးကို ရွေးချယ်တာဝန်ပေးကြသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**

■



## ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ သတ်ဖြတ်ခြင်းခံရသည့် ဟိန္ဒူဘာသာဝင်များနှင့် ဒေသခံတိုင်းရင်းသားများအတွက် ဟိန္ဒူရိုးရာဓလေ့အရ ဆုတောင်းပွဲ ပြုလုပ်



**ကျောက်တံခါး အောက်တိုဘာ ၈**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဩဂုတ် ၂၅ ရက်မှ စ၍ဖြစ်ပွားခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်သမားများက ဒေသခံတိုင်းရင်းသားများနှင့် ဟိန္ဒူလူမျိုးများကို သတ်ဖြတ်ခဲ့ခြင်းကြောင့် သေဆုံးသူများအတွက် ဝမ်းနည်းကြေကွဲခြင်းနှင့် ဟိန္ဒူရိုးရာဓလေ့အရ ဆုတောင်းခြင်းနှင့် အကြမ်းဖက်မှုအား ပြင်းထန်စွာရှုတ်ချခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခန့်က ကျောက်တံခါးမြို့ သနန္တနဓမ္မရိပ်သာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဟိန္ဒူမျိုးနွယ်စုများ တက်ရောက်ခဲ့ကြပြီး ဂါယာတြိမာန်ဒရမ် သုံးကြိမ် စုပေါင်းရွတ်ဆိုကာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် သုံးမိနစ်ခန့် ငြိမ်သက်ဆုတောင်းခဲ့ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ်၌ အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့သူများနှင့် ဒုက္ခသည်များအား ကူညီကယ်ဆယ်ထောက်ပံ့ရေး ပြုလုပ်နေမှုလုပ်ငန်းများကို မြန်မာနိုင်ငံဟိန္ဒူဘာသာရေးအဖွဲ့ခွဲ ကျောက်တံခါး မြို့နယ်ဒုတိယဥက္ကဋ္ဌ ဦးကံသီလာက ရှင်းလင်းဖတ်ကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးအဖွဲ့ချုပ်၏ ကြေညာချက်အမှတ်(၁/၂၀၁၇) သဘောထားကြေညာချက်ကို မြို့နယ်ဟိန္ဒူဘာသာရေးဥက္ကဋ္ဌ ဦးမြင့်အောင်က ဖတ်ကြားထုတ်ပြန်ခဲ့ပြီး ဒီပါဝလီအကြိုနေ့ ရှရီလက္ခ်ချမီးမယ်တော် ရုပ်ပွားတော်ကြီးအား လှည့်လည်ပူဇော်ခံမှုကို ပြုလုပ်ရန် ကြေညာခဲ့သည်။

ရခိုင်ပြည်နယ်ရှိ ဟိန္ဒူဘာသာဝင်များအား ကျောက်တံခါးမြို့နယ် ဟိန္ဒူဘာသာရေးအဖွဲ့ခွဲမှ စုပေါင်းကာ စက်တင်ဘာ ၂၄ ရက်တွင် အလှူငွေ ၄၃၅၀၆၁၃ ကျပ်နှင့် ဆာရီအထည် ၁၅၀ ကို ပေးအပ်လှူဒါန်းခဲ့ပြီး ထပ်မံလှူဒါန်းရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## မန္တလေးမြို့၌ စတုတ္ထအကြိမ် မြန်မာနိုင်ငံနှလုံးအထူးကုဆရာဝန်များ ဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပ



**မန္တလေး အောက်တိုဘာ ၈**

စတုတ္ထအကြိမ် မြန်မာနိုင်ငံနှလုံးအထူးကုဆရာဝန်များ ဆေးပညာနှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မြို့ပတ်လမ်းရှိ ရွှေပြည်သာ ဟိုတယ်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာရဲမြ၊ မြန်မာနိုင်ငံနှလုံးအထူးကုဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဝင်းဝင်းကျော်တို့ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌက မြန်မာနိုင်ငံဆရာဝန်အသင်း၏ ဆောင်ရွက်ချက်များနှင့် ဆေးပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံနှလုံးအထူးကုဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌက ကမ္ဘာ့နိုင်ငံအသီးသီးနှင့် မြန်မာနိုင်ငံတို့တွင် နှလုံးရောဂါခံစားနေရသူများ အခြေအနေနှင့်ဆေးဝါး၊ နည်းပညာကုထုံးသစ်ဆိုင်ရာများ၊ ခေတ်မီကုသနည်းစနစ်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် နှလုံးရောဂါကုသမှုဆိုင်ရာများ၊ ကုထုံးများ၊ဆေးဝါးများအကြောင်းကို ပြည်တွင်းပြည်ပပညာရှင်များက အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်များသည် နှလုံးကုသမှုပစ္စည်းများနှင့် ဆေးဝါးဆိုင်ရာပြခန်းများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

## ချင်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဒေသန္တရစီမံကိန်းရေးဆွဲရာတွင် ပြည်သူများပိုမိုပါဝင်နိုင်ရန် ဖိတ်ခေါ်

**ဟားခါး အောက်တိုဘာ ၈**

ချင်းပြည်နယ်အစိုးရ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းလျာထားချက်(မူကြမ်း) ရေးဆွဲပြုစုခြင်းကို စက်တင်ဘာလဆန်းမှ စတင်ကာ မြို့နယ်အဆင့်တွင် သက်ဆိုင်ရာ မြို့နယ်မှလွှတ်တော်ကိုယ်စားလှယ်များပါဝင်၍ မြို့နယ်ဒေသန္တရစီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဝင်များက စတင်စုစည်း ဆောင်ရွက်ခဲ့ကြသည်။ ပြည်သူလူထုပိုမို၍ ပါဝင်နိုင်ရန် ဖိတ်ခေါ်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာများမှ ယခင်တင်ပြခဲ့သော တင်ပြချက်များကို အခြေခံ၍ စုစည်းထားကြောင်း ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။



ပြည်နယ်အဆင့် စာရင်းချုပ်စုစည်းရေးဆွဲခြင်းကို အောက်တိုဘာ ၃ ရက်မှစ၍ ဟားခါးမြို့တွင် သက်ဆိုင်ရာ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ (မြို့နယ်အုပ်ချုပ်ရေးမှူး)များ၊ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူး(မြို့နယ်စီမံကိန်းဦးစီးမှူး)များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်တာဝန်ခံဝန်ကြီးများက စုစည်းညှိနှိုင်းရေးဆွဲ ဆောင်ရွက်ခဲ့ကြသည်။ ယင်းနောက် ချင်းပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးတွင် တင်ပြအတည်ပြုကာ ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အောက်တိုဘာ ၁၆ ရက်အရောက် ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

လာမည့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်ကာ ဘဏ္ဍာနှစ်အပြောင်းအလဲပြုလုပ်မည်ဖြစ်ပြီး ဧပြီ၊ မတ်လများအစား အောက်တိုဘာ၊ စက်တင်ဘာလအဖြစ် ပြောင်းလဲဆောင်ရွက်မည်ဖြစ်သည့်အပြင် ယခုနှစ်အတွက် ဒေသန္တရ စီမံကိန်းရေးဆွဲရာတွင် ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာ (၆လစာ)အထိနှင့် ၂၀၁၈ ခုနှစ် အောက်တိုဘာမှ ၂၀၁၉ စက်တင်ဘာအထိ (၁၂ လစာ) စုစုပေါင်း ၁၈ လစာရေးဆွဲသွားရမည် ဖြစ်သည်။

ဒေသန္တရစီမံကိန်းလျာထားချက်ကိုအခြေခံကာ ဘဏ္ဍာငွေခွဲဝေချထားပေးမှု ဆောင်ရွက်မည်ဖြစ်သဖြင့် ချင်းပြည်နယ်ရှိမိဘပြည်သူများအနေဖြင့် မိမိတို့မြို့နယ်အလိုက် ဦးစားပေးဆောင်ရွက်စေလိုသော လုပ်ငန်းများအတွက် သက်ဆိုင်ရာမြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီမှတစ်ဆင့်၊ မြို့နယ်၏ လွှတ်တော် ကိုယ်စားလှယ်များမှတစ်ဆင့်၊ မြို့နယ်တာဝန်ခံဝန်ကြီးများထံမှတစ်ဆင့်ဖြင့် ဆက်သွယ်ဆောင်ရွက်ကြရန် ချင်းပြည်နယ်အစိုးရအဖွဲ့က အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **(ဇိုဟောဆာ)**

## အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ ကျင်းပ

**ဂန့်ဂေါ အောက်တိုဘာ ၈**

ဂန့်ဂေါမြို့နယ်တွင် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို အောက်တိုဘာ ၇ ရက် ညနေတွင် မြို့မရပ်ကွက်အသင်းနှင့် ကျောတိုက်ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြို့မရပ်ကွက်အသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပြုံးလွင်၊ ဂန့်ဂေါခရိုင် အားကစားနှင့် ကာယပညာဦးစီးမှူး ဦးဇော်ဝင်းကိုနှင့် တာဝန်ရှိသူများက ဆုဖလား၊ ပထမဆု၊ ဒုတိယဆု၊ နေရာအလိုက် အကောင်းဆုံးဆု၊ ဒိုင်လူကြီးဆုများကို ချီးမြှင့်ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ အားကစားအသင်း ၃၂ သင်းတို့ ယှဉ်ပြိုင်ခဲ့ကြ၍ ပြိုင်ပွဲကာလမှာ ဩဂုတ် ၅ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ **(၄၆၅)**



မော်လမြိုင်မြို့ တောင်ဝိုင်းရပ်ကွက် ကုသိနာရုံဘုရားဝင်းအတွင်းရှိ အများပြည်သူသုံး ထရန်စဖော်မာတစ်လုံးတွင် ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်လျက်ရှိသည်ကို အောက်တိုဘာ ၃ ရက်က မြင်တွေ့ရစဉ်။ **(၁၉၇)**

## အောက်တိုဘာ ဒုတိယ ၁၀ ရက်ပတ်အတွင်း မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အတွင်း မြန်မာတစ်ပြည်လုံးမှ ဆုတ်ခွာသွားနိုင်သည်။

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် တစ်ရက်မှ လေးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် အောက်တိုဘာလ ဒုတိယ ၁၀ ရက်ပတ်အတွင်း မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် တစ်ပေမှ သုံးပေခန့် မြင့်တက်လာနိုင်ပြီး ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် အောက်တိုဘာလ ဒုတိယ ၁၀ ရက်ပတ်အတွင်း ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် လေးပေမှ ငါးပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# ကျောက်ဖြူမြို့နယ် မဲဆန္ဒရှင်ပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

**ကျောက်ဖြူ အောက်တိုဘာ ၈**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မဲဆန္ဒရှင်ပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံကာ ပြည်သူ့လွှတ်တော် အတွေ့အကြုံများ၊ ပြည်နယ်လွှတ်တော်၏ အတွေ့အကြုံများ ရှင်းလင်းတင်ပြဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကျောက်ဖြူမြို့ သာသနာ့ဗိမာန်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိ/မြို့ဖ များနှင့် မဲဆန္ဒရှင်ပြည်သူများက ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင် မြို့နယ်တို့၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများကြောင့် အသက်ဆုံးရှုံးခဲ့ရသော ပြည်သူ့ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် တစ်မိနစ်ငြိမ်သက်သည်။

ယင်းနောက် အမှတ်(၂)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးစံက ပြည်နယ်လွှတ်တော်၏အတွေ့အကြုံများကို လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်က ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မြို့နယ်တို့၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများကြောင့် မိမိတို့တိုင်းရင်းသားမျိုးနွယ်စုများ၏ ဒုက္ခဆင်းရဲမှုများကို ဝိုင်းဝန်းကူညီဖေးမကြရန်၊ ရခိုင်ပြည်သူများ ငြိမ်းချမ်းသာယာဖွံ့ဖြိုးသောအနာဂတ် ပေါ်ထွန်းလာပလာရေးအတွက် မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ဆွေးနွေးတင်ပြသွားမည်ဖြစ်ရာ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ စီမံကိန်းစီမံချက်များကို ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လမ်း၊ တံတားများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူများ၊ မြို့မိ မြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များက မိမိတို့ရပ်ကွက်၊ ကျေးရွာများ၏ လိုအပ်ချက်များ၊ တင်ပြချက်များကို အသီးသီးဆွေးနွေးခဲ့ကြကာ လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများ၏တင်ပြချက်များကို မှတ်တမ်းတင်ကာ လွှတ်တော်တွင် တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျောက်ဖြူ (ပြန်/ဆက်)**




ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( မုံရွာမြို့ )

၂၀၁၇ ခုနှစ် ၊ အောက်တိုဘာလ (၁၃၊ ၁၄၊ ၁၅)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

မုံရွာတက္ကသိုလ်၊ မုံရွာမြို့။

Gold Sponsors
PREMIER WELLNESS Full Cream Milk Powder

Silver Sponsors
Nutroplex

Organized by
VI mix

# ဒုတိယအကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူပွဲနှင့် ဆွမ်းသိမ်းအောင်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ ရွာမပရိယတ္တိ၊ သဒ္ဓမ္မပါလ၊ ညောင်ပင်သာနှင့် သစ်စက်ပရိယတ္တိ စာသင်တိုက်တို့မှ စာချ/စာသင်သံဃာတော်များ စုစုပေါင်း သံဃာအပါး ၂၀၀ ကျော်တို့အား ဒုတိယအကြိမ်မြောက် ဝါတွင်းသုံးလကာလများ၌ အသားထုတ်လုပ်ရေး (ဝက်) (ရွာမ)ရှိ လိုင်စင်စီ အလုပ်အမှုဆောင်အဖွဲ့ မိသားစုများနှင့် ရွာမအနောက်ရပ်ကွက် ဝက်ရုံဝန်းကျင် ရပ်ကွက်သူ ရပ်ကွက်သားများ စုပေါင်း၍ အရုဏ်ဆွမ်းများ လောင်းလှူခဲ့ကြသည်။

ထို့နောက် အောက်တိုဘာ ၆ ရက် နံနက် ၅ နာရီတွင် ရွာမအနောက်ရပ်ကွက် လိုင်စင်စီ အလုပ်အမှုဆောင်အဖွဲ့ ရုံးခန်းရှေ့၌ ဆွမ်းလောင်းလှူမှုအောင်ပွဲအဖြစ် သံဃာတော် အပါး ၂၀၀ ကျော်တို့အား ဆွမ်းများလောင်းလှူခဲ့ကြသည်။ ကြွရောက်လာကြသည့် ဆရာတော်သံဃာတော်များထံမှ တိရစ္ဆာန်ဆေးကုသရေးနှင့် သားသတ်ရုံများဌာန လက်ထောက်ဌာနမှူးနှင့် တာဝန်ရှိသူများ၊ လိုင်စင်စီ အလုပ်အမှုဆောင်အဖွဲ့နှင့် ရပ်ကွက်ပြည်သူများက ငါးပါးသီလခံယူဆောက်တည်ကြ၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းများ ဆပ်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

■

**✻ ရတနာစံကျောင်းတော်မှ**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်းနှင့် တပ်မတော်အရာရှိကြီးများကလည်းကောင်း၊ ဖောင်တော်ဦးဘုရားရုပ်ရှင်တော်မြတ် တတိယအဆူကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများကလည်းကောင်း၊ ဖောင်တော်ဦးဘုရားရုပ်ရှင်တော်မြတ် စတုတ္ထအဆူကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များကလည်းကောင်း ရတနာစံကျောင်းတော်ပေါ်သို့ အသီးသီးပင့်ဆောင်၍ ဆွမ်း၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဖောင်တော်ဦးမြတ်စွာဘုရား ဩဝါဒါစရိယဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တ ဝေပုလ္လာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များအား ပူဇော်ကန်တော့၍ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေခဲ့သည်။

ယင်းနောက် အင်းသားရိုးရာ တစ်ဦးချင်းလှေလှော်ပြိုင်ပွဲ၊ နှစ်ဆယ့်ခြောက်တက်(အမျိုးသမီး)လှေလှော်ပြိုင်ပွဲ၊ လေးဆယ့်ခြောက်တက် လှေလှော်ပြိုင်ပွဲ၊ ရာကျော်လှေလှော်ပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပရာ ဆုရရှိကြသည့်အသင်းများအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ(ညောင်ရွှေ)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိရေး ကနီမြို့၌ဆန္ဒဖော်ထုတ်

**ကနီ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိစေရန် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် မြို့ပေါ်ရပ်ကွက်များ၌ လှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။




အဆိုပါ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ပွဲတွင် "အဂတိလိုက်စားသူများကို ပြည်သူနှင့်အတူ ဖော်ထုတ်ကြပါစို့၊ ကနီမြို့နယ်အုပ်ချုပ်ရေးမှူးကို ထိရောက်စွာအရေးယူပေးပါ၊ အစိုးရနှင့် ပြည်သူကို သွေးခွဲသူ ဒို့ရန်သူ"စသည်ဖြင့် ဆိုင်းဘုတ်များကိုင်ဆောင်၍ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

ယင်းသို့ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ရာတွင် ဆန္ဒဖော်ထုတ်သူ စုစုပေါင်းအင်အား ၃၀၀ ကျော်ဖြင့် ကနီမြို့နယ်ခန်းမရှေ့မှ ကမ်းနားလမ်းအတိုင်းနှင့် မြို့လယ်လမ်း သီတာဦးရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်များကိုပတ်၍ မြို့နယ်ခန်းမရှေ့နှင့် ရွှေမြင်းဖြူဘုရာမုခ်ပေါက်ထိ စီတန်းလှည့်လည်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အရိုးကျီးပေါင်းအကြောင်း သိကောင်းစရာ ဟောပြော

**ရန်ကုန် အောက်တိုဘာ ၈**

လူ့ခန္ဓာကိုယ်တွင် အရိုးကျီးပေါင်းတက်ခြင်းနှင့် အရိုးအတက်(အစွယ်) ထွက်ခြင်းကို အခြားအဆစ်များထက် ဒူးဆစ်တွင် ပို၍အဖြစ်များသည်ကိုတွေ့ရကြောင်း ရွှေဘုန်းအထူးကုဆေးခန်း အကြောအဆစ်နှင့် ပြန်လည်သန်စွမ်းရေးစင်တာတွင် ယနေ့ပြုလုပ်သည့် "အရိုးကျီးပေါင်းအကြောင်းသိကောင်းစရာ" ကျန်းမာရေးအသိပညာပေး ဟောပြောပွဲမှသိရသည်။

အရိုးကျီးပေါင်းတက်ခြင်းနှင့် အရိုးအတက်(အစွယ်) ထွက်ခြင်းသည် အခြားသောနေရာများထက် ဒူးဆစ်တွင်အဖြစ်များရခြင်းမှာ ခုံညင်းရိုး၏ အရိုးနုအမာစားသည်ပျော့၍ စောစီးစွာ သိမ်ဖျင်းသည့် ရောဂါမျိုးဖြစ်ပြီး အဆစ်မှာ ကိုယ်အလေးချိန်ကို သယ်ပိုးရသော်လည်း ခိုင်ခံ့မှုနည်းသဖြင့် ဒဏ်ရာများကို လွယ်ကူစွာရရှိနိုင်ခြင်းကြောင့်ဖြစ်ကြောင်း မြောက်ဥက္ကလာပဆေးရုံကြီး အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဌာနမှ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်စောဦးထံမှ သိရသည်။

ယနေ့ပြုလုပ်သည့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ပြည်သူများအား ကျန်းမာရေးအသိပညာ အချက်အလက်များ ဖြန့်ဖြူးပေးရန်ရည်ရွယ်၍ ရွှေဘုန်းအထူးကုဆေးခန်းကကျင်းပခဲ့ခြင်းဖြစ်ပြီး မြောက်ဥက္ကလာပဆေးရုံကြီး အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဒေါ်ခင်စောဦးက ဟောပြောခဲ့သည်။

"ကြိုတင်ကာကွယ်တာကတော့ အကောင်းဆုံးပါပဲ။ နာကျင်တဲ့နေရာတွေကို ဝန်မပိအောင် နေထိုင်ဖို့ နေထိုင်မှုပုံစံတွေကို တတ်နိုင်သမျှ ပုံစံမှန်မှန် နေထိုင်ဖို့လိုတယ်။ ဖြစ်လာပြီဆိုရင် ဆေးမြီးတိုနဲ့မကုဘဲ တတ်ကျွမ်းတဲ့ ဆရာဝန်တွေနဲ့ သေသေချာချာ ကုသမှုခံယူရမယ်။ လိုအပ်ရင် စက်ကိရိယာတွေနဲ့ လေ့ကျင့်ခန်းတွေလုပ်ပြီး ကုသကြပါလို့ ပြောချင်ပါတယ်"ဟု မြောက်ဥက္ကလာပဆေးရုံကြီး အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဌာနမှ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်စောဦးက ပြောသည်။

ကျီးပေါင်းဖြစ်ရသည့် အကြောင်းရင်းများမှာ အသက်အရွယ်ကြီးရင့်လာခြင်း၊ နေ့စဉ်လှုပ်ရှားသွားလာမှုပုံစံမမှန်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ ပုံမှန်ထက် ပိုအသုံးပြုခြင်း၊ အဝလွန်ခြင်း၊ မျိုးရိုးလိုက်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

**(သီသီမင်း)**

## ယနေ့ မိုးလေဝသအခြေအနေ

**နေပြည်တော်နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

# အကြီးဆုံးကျွန်းပင်ကြီးများ ရေရှည်တည်တံ့စေရေး သစ်တောဦးစီးဌာနက စောင့်ကြည့်



**မုံရွာ အောက်တိုဘာ ၈**

အကြီးဆုံးကျွန်းပင်ကြီးများ ရေရှည်တည်တံ့စေရေးနှင့် မူလအနေအထားမပျက်တည်ရှိနေသော သဘာဝသစ်တောကြီး၏ဇီဝမျိုးစုံမျိုးကွဲများ တည်တံ့စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးသစ်တောဦးစီးဌာနက အကြီးဆုံးကျွန်းပင်ကြီးများပေါ်ရှိ နွယ်ပင်နှင့်ညောင်ပတ်ပင်များ ထပ်မံရှင်သန်မလာအောင်စောင့်ကြည့်ရှင်းလင်းခြင်းနှင့် အတူ ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်းပင်ကြီးတွေပတ်လည်မှာ ပိုမိုတောင့်တင်းသပ်ရပ်တဲ့ စည်းရိုးနဲ့ပြောင်းလဲကာရံတာတွေဆောင်ရွက်နေသလို ကျွန်းပင်ကြီးတွေရဲ့အခြေအနေကိုမှတ်တမ်းထားပြီး လိုအပ်တဲ့ပြုစုစောင့်ရှောက်မှုတွေကို မျက်ခြည်မပြတ်ဆောင်ရွက်ဖို့စီစဉ်ထားပါတယ်။ဒါ့အပြင် ကျွန်းပင်ကြီးတွေပတ်လည်မှာရှိတဲ့ အခြားကျွန်းပင်တွေမှာလည်းနွယ်နဲ့ ညောင်ပတ်ပင်ရှင်းတာတွေလုပ်နေပါတယ်။ ကျွန်းမျိုးဆက်ပင်နည်းပါးတဲ့နေရာတွေမှာ ကျွန်းပင်တွေဖြည့်စွက်စိုက်ပျိုးပြီး မူလကျွန်းတောရဲ့တန်ဖိုးပြန်မြင့်လာစေဖို့ လုပ်ဆောင်နေပါတယ်။ အဲဒါတွေနဲ့အတူတောရိုင်းတိရစ္ဆာန်တွေရှင်သန်ဖို့ အလွန်အကျွံအမဲလိုက်တာတွေ၊သမားရိုးကျမဟုတ်တဲ့ငါးဖမ်းတာတွေမရှိဖို့ဒေသခံတွေနဲ့ပေါင်းစပ်ဆောင်ရွက်နေသလို ကျွန်းပင်ကြီးတွေအပါအဝင် သဘာဝသစ်တောကြီးတွေရဲ့အရေးပါတာ၊ ဂုဏ်ယူနိုင်တာကို ဒေသခံတွေပိုသိပြီး ပြုစုထိန်းသိမ်းရေးလုပ်ငန်းတွေမှာ လက်တွဲပါဝင်လာစေဖို့ တိုးမြှင့်ဆောင်ရွက်နေပါတယ်။ သစ်တောဥပဒေ၊ ထိရောက်တဲ့အရေးယူမှုတွေနဲ့ လက်ရှိသဘာဝတောကိုကာကွယ်သွားရမှာဖြစ်ပြီး ဥရုကြိုးဝိုင်းကို သဘာဝနယ်မြေအဖြစ်ပြောင်းလဲသတ်မှတ်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်တဲ့လုပ်ငန်းတွေဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီးသစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်နှင့်ဟုမ္မလင်းမြို့နယ်ဆက်စပ်ရာဒေသတောနက်အတွင်း ကမ္ဘာ့အကြီးဆုံးကျွန်းပင်ဖြစ်လာမည့် ကျွန်းပင်ကြီးကို ယခုနှစ် ဩဂုတ် ၂၀ ရက်တွင် အတည်ပြုနိုင်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်တာဝန်ပေးသောကွင်းဆင်းအဖွဲ့ဝင် ၃၂ ဦးက ဩဂုတ် ၂၈ရက်တွင် ကျွန်းပင်ကြီးတွေ့ရှိပြီး အတည်ပြုမှတ်တမ်းတင်နိုင်ခဲ့ကြောင်းသိရသည်။

အကြီးဆုံးကျွန်းပင်ကြီးများတည်ရှိရာ ဥရုကြိုးဝိုင်းအကွက်အမှတ်(၇၈)နှင့်(၇၉)တို့တွင် ရင်စို့လုံးပတ် ၁၀ ပေအထက် ကျွန်းပင်အများအပြားနှင့် ရင်စို့လုံးပတ်ပေ ၂၀ ဝန်းကျင်ရှိ ကညင်ပင် အများအပြားတွေ့ရကြောင်း သိရသည်။ ရင်စို့လုံးပတ် ၂၇ပေ၅လက်မရှိ ကျွန်းပင်ကြီးကို ဟုမ္မလင်း(၁)၊ ရင်စို့လုံးပတ် ၂၇ ပေရှိ ကျွန်းပင်ကြီးကို ဟုမ္မလင်း(၂)ဟုအမည်ပေးသတ်မှတ်ထားပြီး တစ်ပင်နှင့်တစ်ပင်သည်တစ်မိုင်ခန့်အကွာတွင်တည်ရှိပြီး အမြင့်ပေ ၁၉၀၀ ခန့်ရှိသော တောင်ကြောတစ်ခု၏ ထိပ်နှစ်ဖက်စွန်းတွင် ရှိနေကြောင်း တွေ့ရှိမှတ်တမ်းတင်ထားမှုအရ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၆၇ စီး၊ သွင်းကုန် ၃၇၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၂၈စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ရင်းတိုက်သစ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်။**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၃၃၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၇၁၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၀၅၀ သန်းခန့်) သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် အောက်တိုဘာ ၇ ရက်တွင် သတင်းအရ မူဆယ်သို့ သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ်(၁၉၄/၃) မိုင်းလီကျေးရွာအနီး၌ ဒိုင်နာခြောက်ဘီးယာဉ်တစ်စီး ရပ်တန့်ထားသည်ကို တွေ့ရှိရ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ရင်းတိုက်သစ် ၄၈တုံး (သုည ဒသမ ၈၉၄၀ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁၃ ဒသမ ၇၈၈ သန်းခန့်ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမြန်လမ်းမကြီးတွင် စက်တင်ဘာလအတွင်း ယာဉ်မတော်တဆမှု ၃၄ ကြိမ်ဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး ၂၅ ဦး ဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၈**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် စက်တင်ဘာလအတွင်း ယာဉ်မတော်တဆမှု ၃၄ ကြိမ် ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ကိုးဦးနှင့် ဒဏ်ရာရရှိသူ ၂၅ ဦး ရှိခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါ ဖြစ်စဉ်များတွင် ယာဉ်မောင်းများ မဆင်မခြင် မောင်းနှင်မှုကြောင့်လည်းကောင်း၊ အမြန်လမ်းပေါ်သို့ တက်ရောက်မောင်းနှင်ခွင့်မရှိသော အနှေးယာဉ်များဖြစ်သည့် ထော်လာဂျီ၊ သုံးဘီးယာဉ်၊ ဆိုင်ကယ်များကြောင့်လည်းကောင်း၊ ကျွဲ၊ နွား၊ ဆိတ်တိရစ္ဆာန်များ တက်ရောက်၍ လည်းကောင်း၊ လမ်းဖြတ်ကူးသူများကြောင့်လည်းကောင်း၊ လမ်းကြောင့်လည်းကောင်း၊ ရာသီဥတုကြောင့်လည်းကောင်း စသည့် အကြောင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယနေ့ နံနက် ၆ နာရီ ၁၅ မိနစ်ကလည်း ဒက္ခိဏသီရိမြို့နယ် ပလွေး အမြန်လမ်းမကြီးအပိုင်း မိုင်တိုင်အမှတ် (၂၀၃/၃)နှင့် (၂၀၄/၄)အကြားတွင် ရန်ကုန်ဘက်သို့ ယာဉ်မောင်းမြင့်မြတ်အောင် မောင်းနှင်လာသော CALDINA မော်တော်ယာဉ်မှာ ဝဲဘက်ရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကပ်တုံးတိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ ခြောက်ဦးမှာ ထိခိုက်မှုမရှိသော်လည်း ယာဉ်မှာ အနည်းငယ်ပျက်စီးသွားခဲ့သည်။ သို့ပါ၍ ယာဉ်မောင်းအား သက်ဆိုင်ရာက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# မိုးနဲမြို့ မြို့မဈေးအရှေ့ဘက်တိုက်တန်းအထည်ဆိုင်ခန်း မီးလောင်

**မိုးနဲ အောက်တိုဘာ ၈**

ရှမ်းပြည်နယ် လင်းခေးခရိုင် မိုးနဲမြို့နယ် မြို့မဈေးအရှေ့ဘက်တိုက်တန်း အထည်ဆိုင်ခန်းနေရာ၌ ယမန်နေ့ ည ၆ နာရီ ၄၅ မိနစ်ခန့်က မီးပုံးပျံပြုတ်ကျရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးနဲမြို့ မြို့မဈေး အရှေ့ဘက်ဆိုင်ခန်း အထည်ဆိုင်အမိုးပေါ်သို့ မီးပုံးပျံကျရာမှ တစ်ဆင့် စတင်မီးကူးခဲ့ပြီး ဆိုင်ခန်းအတွင်းရှိ အထည်များသို့ ဆက်လက်မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများက မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

**မြို့နယ် ( ပြန်/ဆက်)**



**✻ ရှေ့ဖုံးမှ**

ညနေ ၄ နာရီခွဲအထိ ပါဝင်ရေးဆွဲခဲ့ကြသည်။ ထိုသို့ရေးဆွဲရာတွင် အောက်စဖို့ဒ်တက္ကသိုလ်၌ ဖယ်ရှားခံခဲ့ရသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူပန်းချီကားကဲ့သို့ ပုံစံတူပန်းချီကားများလည်းပါဝင်ကြောင်း သိရသည်။

"နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့ဘဝတစ်ခုလုံးကို ကျွန်တော်တို့နိုင်ငံအတွက် ပေးဆပ်ထားတယ်။ ကျွန်တော်တို့နိုင်ငံအပေါ်မှာထားတဲ့ သူ့ရဲ့မေတ္တာ၊ စေတနာတွေကို လေးစားတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ အတူရှိနေတယ်။ လုပ်ဆောင်ချက်တွေအပေါ်ကိုလည်း ထောက်ခံတယ်။ လေးစားဂုဏ်ပြုတယ်။ ဒါကြောင့် ကျွန်တော်တို့ နှလုံးသားထဲမှာရှိနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ထုတ်ပြတဲ့အနေနဲ့ အခုလိုပွဲမှာ ပါဝင်ရေးဆွဲခဲ့တာပါ" ဟု မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံး(ဗဟို)၏အတိုင်ပင်ခံအကြံပေးပုဂ္ဂိုလ် ဦးအောင်လင်းက ဆိုသည်။

အဆိုပါပွဲသို့ ပန်းချီပန်းပု ပညာရှင်များနှင့်အတူ ဝါသနာရှင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး တက်ရောက်လာကြသူများအား လက်တွေ့ရေးဆွဲထားသော ပန်းချီကားများကို အမှတ်တရ လက်ဆောင်ပေးအပ်ကြသည့်အပြင် ပန်းချီဆရာများကလည်း ကိုယ်တိုင်ရေးဆွဲထားသောပန်းချီကားများကို အချင်းချင်း အမှတ်တရ လဲလှယ်ခဲ့ကြကြောင်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

အားကစား

# ပြင်သစ်နဲ့ ဆွီဒင်တို့ ထပ်ပြီး အားပြိုင်စေဦးမယ့် ဥရောပဇုန်ကမ္ဘာ့ဖလားခြေစစ်ပွဲများ



မေလွဲ့သင်း ရေးသားသည်



**ကမ္ဘာ့ဖလားခြေစစ်ပွဲရလဒ်များ**

| | | |
|---|---|---|
| ဆွီဒင် | ၈-၀ | လူဇင်ဘတ် |
| ဘော့စနီးယား | ၃-၄ | ဘယ်လ်ဂျီယံ |
| ဘူလ်ဂေးရီးယား | ၀-၁ | ပြင်သစ် |
| အန်ဒိုရာ | ၀-၂ | ပေါ်တူဂီ |
| ဖာရိုးကျွန်းစု | ၀-၀ | လက်ဗီးယား |
| ဘီလာရုစ် | ၁-၃ | နယ်သာလန် |
| ဆွစ်ဇာလန် | ၅-၂ | ဟန်ဂေရီ |
| ဆိုက်ပရပ်စ် | ၁-၂ | ဂရိ |

အောက်တိုဘာ ၈ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ခဲ့တဲ့ ဥရောပဇုန် ခြေစစ်ပွဲတွေမှာတော့ ပြင်သစ်၊ ဆွီဒင်၊ ပေါ်တူဂီ၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်နဲ့ ဆွစ်ဇာလန်တို့လို အသင်းကြီးတွေအားလုံး အနိုင်ရလဒ်ဖော်ဆောင်နိုင်ခဲ့ပါတယ်။ ဘော့စနီးယားနဲ့ ဘယ်လ်ဂျီယံတို့ရဲ့ ပွဲစဉ်ကတော့ ရသပေးနိုင်ခဲ့တယ်လို့ ဆိုရလောက်တဲ့အထိ အပြန်အလှန်သွင်းဂိုးတွေနဲ့ ကြည့်ကောင်းခဲ့ပါတယ်။ ဒါပေမယ့် နာမည်ကြီးအသင်းတွေထဲမှာ အခုထိ ခြေစစ်ပွဲမအောင်သေးတဲ့ ပြင်သစ်နဲ့ ပေါ်တူဂီတို့ကတော့ အုပ်စုတွင်း အနီးဆုံးဖိအားပေးနိုင်တဲ့ ဆွီဒင်နဲ့ ဆွစ်ဇာလန်တို့ဟာ ပြိုင်ဘက်တွေကို ဂိုးပြတ်အနိုင်ရအောင် ကစားနိုင်ခဲ့ကြတာကြောင့်လည်း နောက်ဆုံးပွဲအထိ တိုက်ပွဲဝင်သွားပြီးမှ ရုရှားမြေကို တိုက်ရိုက်ခြေချခွင့်ရမှာဖြစ်ပါတယ်။

**စံချိန်တင်နိုင်ပွဲရခဲ့တဲ့ ဒက်ချမ့်စ်အတွက် ပြီးပြည့်စုံတဲ့ အောင်ပွဲလား**

ဒီပွဲအနိုင်ရမှ တိုက်ရိုက်ခြေစစ်ပွဲအောင်မှာဖြစ်တဲ့ ပြင်သစ်အသင်းက ခင်းကျင်းနေကျ ပုံမှန်ကစားကွက် ၄-၃-၃ နဲ့ ပွဲထွက်လာကာ ဗဟိုတိုက်စစ်မှာ လာကာဇက်၊ တောင်ပံနှစ်ဖက်မှာတော့ ဂရစ်ဇ်မန်း၊ မက်ပီတို့ကို ထားကစားပြီး တိုက်စစ်ဦးစားပေးကစားသွားခဲ့ပါတယ်။ နိုင်ပွဲလိုအပ်နေတဲ့ ပြင်သစ်အသင်းဟာ ပွဲစတယ်ဆိုတာနဲ့ တရစပ်ထိုးဖောက်တိုက်စစ်ဆင်ခဲ့လို့ ပွဲအစ ၃ မိနစ်မှာပဲ ဦးဆောင်ဂိုးရသွားခဲ့ပါတယ်။

ကွင်းလယ်လူ မာတွီဒီက ဂရစ်ဇ်မန်း ဖန်တီးပေးခဲ့တာကို အဆုံးသတ်သွင်းယူသွားခဲ့တာဖြစ်ပါတယ်။ ဂိုးစောစောစီးစီးရခဲ့ပေမယ့် ပြင်သစ်အသင်းဟာ ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက်ခြိမ်းခြောက်နိုင်မှုတွေမှာ အိမ်ရှင် ဘူလ်ဂေးရီးယားထက် သိသိသာသာ အသာရခဲ့ခြင်းမရှိခဲ့တာကိုတွေ့ရပါတယ်။ ပြင်သစ်ရဲ့ နာမည်ကျော် တိုက်စစ်မှူးတွေဖြစ်တဲ့ မက်ပီ၊ ဂရစ်ဇ်မန်း၊ လာကာဇက်တို့ထဲမှာ ဂရစ်ဇ်မန်းတစ်ယောက်သာ သူ့ရဲ့ ပုံမှန်စွမ်းဆောင်ရည်ကို ပြနိုင်ခဲ့တာကလည်း ပြင်သစ်အတွက် ဂိုးပြတ်နိုင်ပွဲရဖို့ ခက်ခဲတာဖြစ်ပါတယ်။

ယခုလို အဝေးကွင်းနိုင်ပွဲ ရရှိခဲ့တာကြောင့် ပြင်သစ်အသင်းဟာ လာမယ့် အင်္ဂါနေ့ ဘီလာရုစ်နဲ့ပွဲကို အနိုင်ရမယ်ဆိုရင် တိုက်ရိုက်ခြေစစ်ပွဲအောင်တော့မှာပါ။ ဒါပေမယ့် အနီးစပ်ဆုံးပြိုင်ဘက် ဆွီဒင်က လူဇင်ဘတ်ကို ရှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ပြင်သစ်အနေနဲ့ ဘီလာရုစ်နဲ့ ပွဲမှာ မဖြစ်မနေအနိုင်ရအောင် အားထုတ်ပါမှ တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခွင့်ရရှိမှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ နောက်ဆုံးပွဲမှာ ပြင်သစ်က ဆွီဒင်ထက် ရမှတ်တစ်မှတ်ပိုပြီးအသာရထားသလို နယ်သာလန်ကို အဝေးကွင်းမှာ သွားရောက်ရင်ဆိုင်ရမယ့် ဆွီဒင်ထက်ဆို ဘီလာရုစ်ကို အိမ်ကွင်းမှာ ဧည့်ခံရမယ့် ပြင်သစ်အသင်းက အခြေအနေပိုပေးနေတာကတော့ အမှန်ပါပဲ။ ဒီနိုင်ပွဲဟာ ပြင်သစ်နည်းပြ ဒီဒီယာဒက်ချမ့်စ်အတွက်တော့ ၄၂ ပွဲမြောက် နိုင်ပွဲဖြစ်ကာ ပြင်သစ်နည်းပြတွေအားလုံးထဲမှာ နိုင်ပွဲအများဆုံး နည်းပြအဖြစ်ပါ မှတ်တမ်းဝင်သွားခဲ့ပေမယ့် ဆွီဒင်ရဲ့နိုင်ပွဲကြောင့် ဒက်ချမ့်စ်အတွက် လုံးဝပြီးပြည့်စုံတဲ့ နိုင်ပွဲမဖြစ်ခဲ့ပါဘူး။

**အရန်ခုံက ထလာပြီး နိုင်ပွဲရယူပေးတဲ့ စီရိုနယ်လ်ဒို**

စီရိုနယ်လ်ဒိုရဲ့ ပေါ်တူဂီအသင်းဟာ အန်ဒိုရာကို အဝေးကွင်းမှာ သွားရောက်ရင်ဆိုင်ခဲ့တဲ့ပွဲမှာ နိုင်ပွဲရခဲ့ပေမယ့် အုပ်စုတွင်းပြိုင်ဘက် ဆွစ်ဇာလန်ကလည်း နိုင်ပွဲရသွားခဲ့လို့ ပေါ်တူဂီဟာ အုပ်စုနောက်ဆုံးပွဲစဉ်မှာ ဆွစ်ဇာလန်ကို အနိုင်ကစားနိုင်မှသာ တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်တော့မှာ ဖြစ်ပါတယ်။ ပေါ်တူဂီနည်းပြ ဆန်းတို့စ်က အသင်းခေါင်းဆောင် စီရိုနယ်လ်ဒိုကို ပွဲအစမှာ ထည့်သုံးခဲ့ခြင်းမရှိဘဲ ဒုတိယပိုင်းအစမှသာ ဝင်ရောက်ကစားစေခဲ့ပါတယ်။ အရန်ခုံပေါ်ကထလာတဲ့ စီရိုနယ်လ်ဒိုဟာ ပွဲချိန် ၆၃ မိနစ်မှာပဲ ပေါ်တူဂီအသင်းအတွက် ကမ္ဘာ့ဖလားတိုက်ရိုက်ခြေစစ်ပွဲ အောင်ဖို့မျှော်လင့်ချက်ဖြစ်တဲ့ အဖိုးတန်အနိုင်ဂိုးကို သွင်းယူပေးခဲ့ပါတယ်။ အဲဒီနောက် ပွဲပြီးခါနီးအချိန်မှာ ဗယ်လ်လန်တီဆေးလ်ဗားက ဒုတိယဂိုးထပ်သွင်းပေးသွားခဲ့ပြီး ပေါ်တူဂီအတွက် အနိုင်သေချာခဲ့တာ ဖြစ်ပါတယ်။ ပေါ်တူဂီရဲ့ အုပ်စုတွင်းပြိုင်ဘက် ဆွစ်ဇာလန်ဟာ ဟန်ဂေရီကို ငါးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပေါ်တူဂီနဲ့ရင်ဆိုင်မယ့်ပွဲကို သုံးမှတ်အသာနဲ့ ခရီးနှင်ခွင့်ရတော့မှာဖြစ်ပါတယ်။ ပေါ်တူဂီအသင်းဟာ ဂိုးကွာခြားချက်မှာ ဆွစ်ဇာလန်ထက် အသာရထားတာကြောင့် အုပ်စုနောက်ဆုံးပွဲစဉ်မှာ အနိုင်ရမှသာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်မှာဖြစ်ပေမယ့် ဆွစ်ဇာလန်ကတော့ သရေကစားနိုင်ရုံနဲ့ ရုရှားသွားခွင့်လက်မှတ်ကို ဆုပ်ကိုင်ခွင့်ရတော့မှာ ဖြစ်ပါတယ်။

## ပေါ့ဂ်ဘာ နောက်ထပ် နှစ်လခန့် ထပ်မံနားရဦးမည်

မန်ယူကွင်းလယ်လူ ပေါလ်ပေါ့ဂ်ဘာမှာ အနည်းဆုံး နောက်ထပ်နှစ်လခန့်အနားယူရနိုင်ပြီး ခရစ္စမတ်ကာလအထိ အနားယူရနိုင်သည်ဟု မန်ယူဆေးအဖွဲ့က ခန့်မှန်းထားကြောင်း သိရသည်။ မန်ယူအသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေးရှင် ပေါ့ဂ်ဘာသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘေဆယ်လ်ကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်အတွင်း တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ မန်ယူဆေးအဖွဲ့က ပေါ့ဂ်ဘာအနေဖြင့် အခန့်မသင့်ပါက ခရစ္စမတ်ကာလအထိ အနားယူရနိုင်ဖွယ်ရှိပြီး ချယ်လ်ဆီး၊ စပါးတို့ကို ရင်ဆိုင်ရသည့်ပွဲအပြင် ဒီဇင်ဘာလဆန်းပိုင်းတွင်ယှဉ်ပြိုင်မည့် မန်ချက်စတာဒါဘီပွဲကိုပင် လွဲချော်နိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

မန်ယူပရိသတ်များက ပေါ့ဂ်ဘာ မပါဝင်နိုင်ခြင်းက မန်ယူအသင်းရရှိနေသည့် ရလဒ်ကောင်းများမှ သွေဖည်သွားနိုင်သည့် အကြောင်းအချက်ဖြစ်မည်ကို စိုးရိမ်နေကြသည်။

## အရည်အသွေးသက်သေပြရန် အင်္ဂလန်ကစားသမားများ စိတ်အားထက်သန်နေ



အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်က သူတို့အသင်းလူစာရင်းတွင် ထိပ်တန်းကစားသမားများ မပါဝင်သော်လည်း ကစားသမားများက သူတို့အရည်အသွေးပိုင်းကို သက်သေခံရန် စိတ်အားထက်သန်နေကြကြောင်း ဆိုခဲ့သည်။ ဆောက်ဂိတ်က အင်္ဂလန်လူစာရင်းတွင် ထိပ်တန်းကစားသမားကြီးများမပါဝင်ဟု ပြောကြားခြင်းမှာ ဥရောပတွင် အင်္ဂလန်ကစားသမားများ အောင်မြင်မှုနည်းပါးခြင်းကြောင့်ဟု ရှင်းချက်ပေးခဲ့သည်။ ဆောက်ဂိတ်က အင်္ဂလန်တွင် ဟယ်ရီကိန်းတို့လို နာမည်ကျော်ကစားသမားရှိနေသော်လည်း ထိပ်တန်းကစားသမားများမပါဝင်ဟု ပြောကြားခြင်းအကြောင်းကို "ကျွန်တော်တို့ပြောနေကြတဲ့ ထိပ်တန်းကစားသမားတွေဆိုတာ ပြောင်းရွှေ့ကြေးမြင့်မားတဲ့ သူတွေ၊ ချန်ပီယံလိဂ်မှာ ကစားနေရတဲ့သူတွေပေါ့ဗျာ။ ကျွန်တော်တို့တွေဟာ ဆီမီးဖိုင်နယ်၊ ဖိုင်နယ်ပွဲစဉ်တွေကစားရပြီး ဆုဖလားတွေရယူနိုင်မယ်ဆို ကျွန်တော်တို့က ထိပ်တန်းကစားသမားတွေပါ။ ဒီနေရာရောက်တဲ့အထိ ကျွန်တော်တို့ သက်သေပြရပါလိမ့်မယ်"ဟု ဆိုခဲ့သည်။

လက်ရှိ အင်္ဂလန်အသင်းလူစာရင်းတွင် ၂၀၁၂ ချန်ပီယံလိဂ်တွင် ဗိုလ်စွဲခဲ့သည့် ချယ်လ်ဆီးပွဲထွက်စာရင်းမှ ဂယ်ရီကာဟေးလ်နှင့် ဘားထရန့်တို့သာပါဝင်ပြီး အခြားကစားသမားများက ချန်ပီယံလိဂ်လိုဖလားမျိုးကို ကိုင်မြှောက်နိုင်ခြင်း မရှိကြသေးပေ။

# ပြည်တွင်းရေးရာ

**❍ မြန်မာ့ရိုးရာလက်ဝှေ့မှ**

စည်းမျဉ်းစည်းကမ်းများကို နိုင်ငံတကာက နှစ်ခြိုက်လက်ခံကြပြီး ဥရောပ၊ ဂျပန်၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံများအထိ ရောက်ရှိပျံ့နှံ့နေသည်ဖြစ်ခြင်းကြောင့် ယင်းအရှိန်အဟုန်ကို ပိုမိုခိုင်မာတိုးတက်စေရန် အဆိုပါသင်တန်းက အတိုင်းအတာတစ်ခုအထိ အထောက်အကူဖြစ်စေပြီး သင်တန်းသားများအနေဖြင့် သင်တန်းကရရှိသည့် ပညာရပ်အတွေ့အကြုံများကို လက်တွေ့အသုံးချခြင်း၊ ဆင့်ပွားမျှဝေ အသုံးချခြင်းဖြင့် လက်တွေ့နယ်ပယ်တွင် လိုက်နာကျင့်သုံးသွားကြရန်လိုအပ်ကြောင်း အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

သင်တန်းတွင် အားကစားနှင့်နီးနွယ်ဘာသာများဖြစ်သည့် နိုင်ငံတော်၏ အားကစားမူဝါဒ၊ ခေါင်းဆောင်မှုဘာသာရပ်၊ အဖွဲ့ချုပ်စည်းမျဉ်း၊ စည်းကမ်း၊ တားမြစ်ဆေးဝါး၊ အားကစားစိတ်ပညာ၊ အာဟာရပညာရပ်၊ လေ့ကျင့်ရေးသဘောတရားစသည့် ဘာသာရပ်များကို ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များက စက်တင်ဘာ ၁၈ ရက်မှ အောက်တိုဘာ ၈ ရက်အထိ သုံးပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

"အခုအချိန်မှာ မြန်မာ့ရိုးရာလက်ဝှေ့ကို နိုင်ငံတကာက သိရှိပြီးတော့ နိုင်ငံခြားသားတွေကပါ စိတ်ဝင်စားလာပြီဖြစ်တဲ့အတွက် နိုင်ငံခြားသားတစ်ယောက်က ဒီပညာကို သင်ယူမယ်ဆိုရင် သင်ပေးမယ့်ဆရာက ဆရာအဖြစ် တရားဝင်သင်တန်းဆင်းလက်မှတ်တွေရှိဖို့လိုပါတယ်။ ဒါကြောင့်လည်း ဒီသင်တန်းကို ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်" ဟု မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် နာယက ဦးစိုးထွန်းရှိန်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းပြသည်။

ဆက်လက်ပြီး ဦးစိုးထွန်းရှိန်က ရွှေသားအစစ်ဖြင့် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ "မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာ့အဆင့်မီဖြစ်အောင်သွားမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ ကျွန်တော်တို့ သင်တန်းဆင်းလက်မှတ်တွေကိုပါ နိုင်ငံတကာအဆင့်မီ ကိုးလေးလုံးရွှေအစစ်(ငါးမူးသား)နဲ့ မြန်မာ့ရိုးရာလက်ဝှေ့ ပုံစံရိုက်နှိပ်ပြီးတော့ ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင်တက်ရောက်ပြီး ချီးမြှင့်ပေးခဲ့တာပါ။ ဒါက မိုင်တစ်သန်းကို သွားဖို့ ခြေတစ်လှမ်းစလိုက်တဲ့ သဘောပါ။ ဒီသင်တန်းက ပထမဆုံးဖွင့်တာဖြစ်တဲ့အတွက် အားနည်းချက်တွေရှိကောင်းရှိနိုင်တယ်။ ဒီအားနည်းချက်တွေကို ပြုပြင်မွမ်းမံရင်း ဆက်လက်ပြီးတော့ နှစ်နှစ်အတွင်းမှာ မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာကသိအောင် အချိန်ကာလထားပြီး တိတိကျကျဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု ပြောသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-မီချိုကိုဟန်**

**ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့**

**WORLD SIGHT DAY**

**World Health Organization**

**အောက်တိုဘာလ(၁၂)ရက်၊ကြာသပတေးနေ့**

**" Make Vision Count"**

**"အမြင်အာရုံကောင်းစေဖို့ အရွယ်မရွေးမျက်စိ စမ်းသပ်လို့ ကာကွယ်ကုသကြပါစို့ "**

**❖ ကျောဖုံးမှ**

အမြင်မှာ မကောင်းဘူး။ ဒါတွေကို သေချာလေးဂရုတစိုက် လုပ်သွားသင့်တယ်" ဟု ပုဂံဒေသခံ စင်းလုံးငှားယာဉ်မောင်း ကိုမောင်မြင့်က ပြောသည်။

ပုဂံဒေသသို့ ပြည်တွင်းဘုရားဖူး အထူးများပြားခဲ့ခြင်းနှင့်အတူ ပုဂံစွယ်တော်လေးဆူ ဘုရားဖူးခရီးစဉ်များတွင်လည်း စံချိန်တင်များပြားခဲ့မှုကြောင့် တစ်ဖက်ကမ်းရှိ တန့်ကြည်တောင်စေတီသို့ ပို့ဆောင်ပေးသည့် စက်လှေများလည်း တိုးမြှင့်ပြေးဆွဲခဲ့ရသည့်အပြင် ဈေးနှုန်းများလည်း အဆမတန် မြင့်တက်မှုများ ရှိခဲ့ကြောင်း သိရသည်။ နံနက် ၂ နာရီခွဲမှစတင်ကာ တန့်ကြည်တောင်သို့ စက်လှေခရီးစဉ်များ စတင်ပြေးဆွဲနေပြီဖြစ်ပြီး စွယ်တော်လေးဆူကို မွန်းမတည့်မီ သွားရောက်ဖူးမြော်သူများ များပြားခြင်းကြောင့် နံနက်ပိုင်းတွင် ဘုရားဖူးပိုမိုများပြားကြောင်း စက်လှေပိုင်ရှင်များထံမှသိရသည်။

"ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများလာတာကတော့ ကောင်းပါတယ်။ ဒေသလည်းဖွံ့ဖြိုးပြီး စီးပွားရေးအဆင်ပြေတာပေါ့။ ဒါပေမယ့် ထိုင်းတို့၊ ဗီယက်နမ်တို့လို ခရီးသွားဆွဲဆောင်ရာ ဒေသတွေကို စနစ်တကျလေးနဲ့ စီမံနိုင်ရင်တော့ ပိုကောင်းတာပေါ့။ ဥပမာ ခရီးသွားများချိန်မို့ ဈေးတွေအဆမတန်တင်လိုက်တာမျိုးမဟုတ်ဘဲနဲ့ ဝန်ဆောင်မှုမှန်မှန်နဲ့ ဈေးမှန်မှန် သတ်မှတ်ပေးတာမျိုးပါ။ လူတအားများလို့ မနိုင်ဘူးဆိုတာထက် လူဘယ်လောက်များများ စနစ်တကျလေးဖြစ်ဖို့၊ အမှိုက်သရိုက်တွေစည်းကမ်းနဲ့ပစ်ဖို့လည်းလုပ်ဖို့လိုအပ်တယ်။ တကယ့်ရှေးဟောင်းအမွေအနှစ်ဒေသမှာ ခရီးသွားများလာတာတော့ ကောင်းပါတယ်။ ဒါပေမယ့် တစ်ဖက်ကလည်း ဒီအမွေအနှစ်တွေကို ထိန်းသိမ်းတာမျိုး၊ လာတဲ့ ဘုရားဖူးတိုင်းက အဲဒီအသိရှိတာမျိုးတွေ ဖြစ်စေချင်တယ်"ဟု ရန်ကုန်မြို့မှ ပုဂံဒေသသို့ ဘုရားဖူးလာရောက်သူ ဦးတင်ဝင်းက မှတ်ချက်ပြုသည်။

ယခုနှစ် သီတင်းကျွတ်ကာလတွင် ပုဂံဒေသသို့ ပြည်တွင်းခရီးသွားများ စံချိန်တင်လာရောက်ခဲ့သည့်နည်းတူ အခြားသောဘုရားဖူးနှင့် အပန်းဖြေခရီးစဉ်များတွင်လည်း ပြည်တွင်းခရီးသွားများ အထူးများပြားခဲ့ကြောင်း ဘုရားဖူးနှင့် အပန်းဖြေခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများထံမှ သိရသည်။ ဘုရားဖူးအဖွဲ့များ၏ ခရီးစဉ်များ၊ စင်းလုံးငှားခရီးစဉ်များအပြင် အဝေးပြေးကားလက်မှတ် ခရီးစဉ်များတွင်လည်း လက်မှတ်ဝယ်မရသည်အထိ ဖြစ်ပေါ်ခဲ့ပြီး သင်္ကြန်ကာလကဲ့သို့ပင် ခရီးသွားအထူးများပြားခဲ့ကြောင်း သိရသည်။ **(ဝဝ၁)**

## ရွှေပြည်သာ ရွှေရတနာ စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရှိ ရွှေရတနာ သီလရှင်စာသင်တိုက် စာကြည့်တိုက်သို့ စာအုပ်များ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) Community Center ရှိ ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ပြုလုပ်သည်။

စာအုပ်များလှူဒါန်းပွဲတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က စာအုပ်များ ပေးအပ်လှူဒါန်းရာ အကျိုးတော်ဆောင် ဒု-ဗိုလ်မှူးကြီးစိန်မောင်(အငြိမ်းစား)က လက်ခံရယူသည်။

ထို့နောက် အင်းစိန်မြို့နယ် ပြန်/ဆက်ဦးစီးဌာနက ကြီးမှူးပြုလုပ်သည့် စာဖတ်တမ်းကစားကြမယ်ပြိုင်ပွဲအတွက် ဆုခြောက်ဆု၊ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကြူအိုင်ကျေးရွာစာကြည့်တိုက်နှင့် စာပေတံခွန်အသင်းတို့အတွက် ဒေါက်တာဗိုလ်သံမဏိ(တောင်တွင်းကြီး)က အလှူငွေများပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ဉာဏ်ဟိန်း)**

## မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်းတို့၏ အာရှဖလားခြေစစ်ပွဲ သုဝဏ္ဏကွင်း၌ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

၂၀၁၉ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲစဉ်(၄)အဖြစ် မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်းတို့၏ပွဲကို ညနေ ၇ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် တစ်ကျော့ပြန်ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းလျက်ရှိပြီး ကာဂျစ္စတန်နှင့်ပွဲမှာ အရေးပါလျက်ရှိသည်။

မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်းတို့၏ ပထမအကျော့ပွဲကို လုံခြုံရေးအခြေအနေကြောင့် ရွှေ့ဆိုင်းထားရာ ဒုတိယအကျော့ပွဲကို စတင်ကစားရခြင်းဖြစ်ပြီး သုံးမှတ်စီရထားသည့်အတွက် ခြေစစ်ပွဲအောင်မြင်ရန် ယင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံသည့် ရလဒ်များမှာ အရေးပါလျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် ကာဂျစ္စတန်လက်ရွေးစင်အသင်းတို့၏ အာရှဖလားခြေစစ်ပွဲကို ဘာရိန်းနိုင်ငံမှ ဒိုင်လူကြီးများ တာဝန်ယူကိုင်တွယ်မည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အာရှဘောလုံးအဖွဲ့ချုပ်နှင့်ပူးပေါင်း၍ လုံခြုံရေးတင်းကျပ်သွားမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များတွင် နှစ်သင်းစလုံးမှာ မကာအိုအသင်းကို အနိုင်ရသော်လည်း အိန္ဒိယအသင်းကို ရှုံးနိမ့်ထားသောကြောင့် သုံးမှတ်စီသာ ရထားသည်။ မြန်မာအသင်းသည် သုံးမှတ်စီရထားသော်လည်း ဂိုးကွာခြားချက်တွင် ကာဂျစ္စတန်အသင်းကို အသာရထားသောကြောင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ ယခုကစားရမည့်ပွဲစဉ်မှာ အိမ်ကွင်းဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် အမှတ်ပြည့်ရယူနိုင်ရန် လိုအပ်နေပြီး အိမ်ကွင်းပွဲများတွင် ပထမဆုံးနိုင်ပွဲရယူနိုင်ရန်လည်း အရေးပါလျက်ရှိသည်။ မြန်မာအသင်းသည် ပထမဆုံးပွဲတွင် အိန္ဒိယအသင်းကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားပြီး ဒုတိယပွဲတွင် မကာအိုအသင်းကို အဝေးကွင်း၌ လေးဂိုးပြတ်အနိုင်ရထားသည်။ မြန်မာအသင်းသည် ယင်းခြေစစ်ပွဲအတွက် အောက်တိုဘာ ၁ ရက်မှစ၍ ပဏာမကစားသမား ၂၇ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်ခဲ့ပြီး အောက်တိုဘာ ၅ ရက်တွင် မန္တလေးမြို့၌ ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ယင်းပွဲတွင် လူစုံနီးပါးအသုံးပြုခဲ့သော်လည်း အမာခံကစားသမားအချို့ကို အနားပေးထားခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ထိုင်းနှင့် ခြေစမ်းပွဲအပြီးတွင် ရန်ကုန်မြို့၌ အာရှဖလားခြေစစ်ပွဲအတွက် ဆက်လက်ပြင်ဆင်လျက်ရှိသည်။ ကာဂျစ္စတန်နှင့် မြန်မာအသင်းတို့၏ ရွှေ့ဆိုင်းထားသည့် ပထမအကျော့ပြန်ကန်ပွဲကို နိုဝင်ဘာတွင် ကျင်းပဖွယ်ရှိနေပြီး အာရှဘောလုံးအဖွဲ့ချုပ်က ထပ်မံအတည်ပြုမည်ဖြစ်သည်။

ယင်းပွဲအတွက် ကြိုတင်လက်မှတ်များကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းမှစ၍ သုဝဏ္ဏကွင်း၊ အောင်ဆန်းကွင်းနှင့် လှည်းတန်းစင်တာတို့၌ ရောင်းချမည်ဖြစ်ကာ အထူးတန်းငွေကျပ် ၃၀၀၀၊ ရိုးရိုးတန်းငွေကျပ် ၂၀၀၀၊ ၁၀၀၀ သတ်မှတ်ထားသည်။ **(ရှိုင်းထက်ဇော်)**


**Boo Taw & Brothers** 09256223330, 0931036572
✣ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ (၃)ရက် Hotel Package- 75000
✣ မြဝတီ၊ မဲဆောက်၊ ဘားအံ (၃)ရက် Guest -65000 Hotel -100000
✣ ကျိုက်ထီးရိုး (နေ့စဉ်) (ကားမျိုးစုံစင်းလုံးငှား) Oct 13, 20, 27 Nov 1, 2 ထွက်ပါမည်။
Group Tour, Package Tour

**မင်္ဂလာဒီ** 09426669001, 09426669002
✣ ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်) Oct 13, 20, 27 Nov 1, 2 ထွက်ပါမည်။
✣ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ (၃)ရက် Hotel Package- 75000
✣ မြဝတီ၊ မဲဆောက်၊ ဘားအံ (၃)ရက် Guest-65000 Hotel-100000
✣ တောင်ကြီး၊ အင်းလေး (၄)ရက် Hotel-120000 Guest- 75000
✣ ဘားအံ(ဂူငါးဂူ)၊ ဆေးတခွန်းဆရာတော်ဖူး (နေ့ချင်းပြန်) 35000

**UNIQUE STAR** Travels & Tours Co.,Ltd

| | | | | | |
|---|---|---|---|---|---|
| Bangkok (4D) | Nov 10, 24 Dec 21 | (350 $) | America (13D) | Dec 7, Feb 1 , Apr 6 | (3500 $) |
| Halong Bay (4D) | Nov 1, 10 Dec 15, 22 | (350 $) | Europe (10D) | Dec 10, Feb 20, Apr 8 | (2999 $) |
| Munei-Dalat (5D) | Nov 9, 24 Dec 14, 21 | (350 $) | Austrial (7D) | Dec 12, Feb 23, Apr 10 | (1999 $) |
| Viet-Cambodia (6D) | Nov 8 , Dec 20 | (599 $) | Japan (6D) | Dec 10, Feb 20, Apr 11 | (1699 $) |
| Singapore (4D) | Nov 2, 10, Dec 15, 22 | (599 $) | Korea (6D) | Dec 13, Feb 22, Apr 11 | (1199 $) |
| HongKong (5D) | Nov 9, Dec 14, 29 | (1199 $) | Beijing (6D) | Nov 8, Dec 13, 28 | (1199 $) |

70/A,Kabaaye Pagoda Rd,Bahan Tsp,Ygn: 09 788 82 82 82 , 09 788 83 83 83 , 09 540 1568 , 09 540 1569
Mdy: Ph: 09 760 85 85 85, 09 766 85 85 85, 09 514 8079, Facebook : Unique Star Travels and Tours


## မြန်မာ့လက်ရွေးစင်အမျိုးသားဖူဆယ်အသင်း၏ ထိုင်းခြေစမ်းခရီးစဉ် ပြီးဆုံး

**ရန်ကုန် အောက်တိုဘာ ၈။** ။ ၂၀၁၇ အာဆီယံဖူဆယ်ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံသို့သွားရောက်၍ ခြေစမ်းပွဲလေးပွဲယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။

မြန်မာအမျိုးသားဖူဆယ်အသင်းသည် အောက်တိုဘာ ၁ ရက်မှ ၉ ရက်အထိ သွားရောက်လေ့ကျင့်ခြင်းဖြစ်ပြီး ထိုင်းကလပ်အသင်းများ၊ တက္ကသိုလ်အသင်းတို့နှင့် ခြေစမ်းပွဲကစားခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အောက်တိုဘာ ၃၊ ၄၊ ၅၊ ၈ ရက်တွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ပြီး ပထမနှစ်ပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့သော်လည်း နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည်။ မြန်မာအမျိုးသားဖူဆယ်အသင်းသည် ပထမဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ထိုင်းကလပ် High Way အသင်းနှင့်ပွဲတွင် ခြောက်ဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဒုတိယပွဲတွင် ထိုင်းဆိပ်ကမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ လေးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း တတိယပွဲတွင် Hong Yen Tah Kam အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ နောက်ဆုံးပွဲတွင် ကန်ဆမ်ဘန်ဒစ်တက္ကသိုလ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာဖူဆယ်အသင်းသည် ယင်းခြေစမ်းခရီးစဉ်ကို ကစားသမား ၂၀ ခေါ်ဆောင်သွားခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပါက အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။ မြန်မာအသင်းဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၇ အာဆီယံဖူဆယ်ပြိုင်ပွဲကို အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု(က)တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ဖိလစ်ပိုင်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ **(ရဲရင့်ရှိုင်း)**

# ဆည်တမံတွေကြောင့် ရေဘေးအန္တရာယ်ဆိုး မကြုံစေရပါ

ဘုန်းတင်လှိုင်

မြန်မာနိုင်ငံ၌ ဥတုသုံးလီရှိပြီး မိုးရာသီတွင်လည်း ကာလသုံးပါးရှိလေသည်။ မိုးဦး၊ မိုးလယ်နှင့် မိုးနှောင်းကာလတို့ဖြစ်ကြပါသည်။ အထူးသဖြင့် မိုးဦးနှင့် မိုးနှောင်းကာလတို့တွင် မုန်တိုင်းများ ဝင်ရောက်တတ်ကြပါသည်။ မုန်တိုင်းတို့သည် ဘင်္ဂလားပင်လယ်အော်နှင့် တောင်တရုတ်ပင်လယ်တို့မှ တိုက်ခတ်လာလေ့ရှိပါသည်။ မုန်တိုင်းမိုးများသည် ကောင်းကျိုးပြုသလို ဆိုးကျိုးများလည်း ပေးနိုင်ပါသည်။

ယခုနှစ် စက်တင်ဘာလလယ်ပိုင်းလောက်တွင် တောင်တရုတ်ပင်လယ်ပြင်၌ ဒေါ့ဆူရီ အပူပိုင်းမုန်တိုင်း ဖြစ်ပေါ်ခဲ့ပါသည်။ မုန်တိုင်းအရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေးမြို့နှင့် ကလေးလွင်ပြင်ဒေသတို့အပြင် သဖန်းဆိပ်ရေလှောင်တမံဧရိယာတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှု ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ပါသည်။ ဆောင်းပါးရှင်သည် ရေကြီးမှုဖြစ်စဉ်အလုံးစုံကို သိရှိနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ကျွမ်းကျင်ပညာရှင်များထံ ဆက်သွယ်တွေ့ဆုံမေးမြန်းစုံစမ်းခဲ့ပါသည်။ မိမိသိရှိထားသမျှ အတွေ့အကြုံဗဟုသုတများနှင့် ပေါင်းစပ်ပြီး ကလေးမြို့နှင့် ကလေးလွင်ပြင်ဒေသ ရေကြီးနစ်မြုပ်မှုဖြစ်စဉ်ကို သိရှိနားလည် သဘောပေါက်စေရန်အလို့ငှာ ဤဆောင်းပါးဖြင့် မီးမောင်းထိုး (High Light) တင်ပြပါမည်။

**ကိုမန်ဆိုင်ကလုန်းမုန်တိုင်း**

၂၀၁၅ ခုနှစ် ဇူလိုင်လကုန်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သော ကိုမန်ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော်မှ တိုက်ခတ်လာပါသည်။ အဆိုပါမုန်တိုင်း၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် သဖန်းဆိပ်ရေလှောင်တမံ၊ မင်းမြင်ရေလှောင်တမံနှင့် ရာဇဂြိုဟ်ရေလှောင်တမံ၊ မကွေးတိုင်းဒေသကြီးအတွင်းတွင် မုန်းရေလှောင်တမံ၊ မန်းရေလှောင်တမံနှင့် ကြီးအုံကြီးဝ ရေလှောင်တမံတို့တွင် ရေကြီးမှုဖြစ်စဉ်တို့ ကြုံတွေ့ခဲ့ရပါသည်။ ချင်းပြည်နယ်တောင်ပေါ်ဒေသများတွင် တစ်ပတ်အတွင်း မိုးရေချိန်လက်မ ၃၀ ခန့် ရွာသွန်းခဲ့သဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင်းရှိ ရာဇဂြိုဟ်ရေလှောင်တမံတွင် ရေပိုလွှဲမှအမြင့်ဆုံး ၁၃ ဒသမ ၆ ပေ ရေကျော်စီးဆင်းခဲ့ပါသည်။ ယင်းသို့ အချိန်တိုကာလအတွင်း မိုးရေချိန်လက်မများစွာ ရွာသွန်းမှုများကြောင့် တောင်ပြိုခြင်း၊ မြေပြိုခြင်းတို့ ဖြစ်ပေါ်စေခဲ့ပြီး ရာဇဂြိုဟ်ရေလှောင်တမံအထက်ဘက် ၃၂ မိုင်ခန့်အကွာ ချင်းပြည်နယ် တွန်းဇံမြို့နယ် ဟန်ကင်ကျေးရွာအနီး နေရဥ္စရာချောင်း၏ လက်တက်တွီလွီချောင်းပေါ်တွင် သဘာဝ တောင်ပြိုရေကန်ကြီး (Natural Landslide-dam) ဖြစ်ပေါ်ခဲ့ပါသည်။ ထို့ပြင် ကလေးမြို့အဝင် မြို့ဦး ဆိုင်းဘုတ်၏ နဖူးစည်းသာ ကျန်ရှိပြီး တစ်မြို့လုံး ရေကြီး နစ်မြုပ်ခဲ့သည်။

ထိုနည်းတူ ယခု ၂၀၁၇ ခုနှစ် စက်တင်ဘာလလယ်ပိုင်းတွင် တောင်တရုတ်ပင်လယ်ပြင်၌ ဒေါ့ဆူရီ အပူပိုင်းမုန်တိုင်းဖြစ်ပေါ်ခဲ့ပါသည်။ မုန်တိုင်းအရှိန်ကြောင့် စက်တင်ဘာ ၁၅ ရက်မှ စတင်ကာ မြစ်သာမြစ်၊ မဏိပူရမြစ်နှင့် နေရဥ္စရာချောင်းတို့၏ ရေဆင်းဧရိယာများတွင် မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းသဖြင့် မြစ်သာမြစ်အတွင်း စီးဝင်ရေများပြားခဲ့ပါသည်။ အထူးသဖြင့် စက်တင်ဘာ ၁၈ ရက်မှ စက်တင်ဘာ ၂၂ ရက်ထိ ကလေးမြို့နှင့် ကလေးလွင်ပြင်တို့တွင် ရေကြီးမှုဖြစ်စဉ်ပေါ်ပေါက်ခဲ့ပါသည်။ ယခုနှစ် ရေကြီးမှုဖြစ်စဉ်တွင် ကလေးမြို့အဝင် မြို့ဦးဆိုင်းဘုတ် ဖိနပ်ခုံအထက် သုံးပေခန့်သာ ရေနစ်မြုပ်ခဲ့ပါသည်။ မြေပြိုဆည် ဖြစ်ပေါ်ခဲ့ခြင်းမရှိပါ။ ၂၀၁၅ ခုနှစ် ရေကြီးမှုဖြစ်စဉ်လောက် မကြီးမားသော်လည်း နီးပါးဖြစ်ပေါ်ခဲ့ပါသည်။

**မြစ်သာမြစ်**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေးလွင်ပြင်အထက်တွင် မြစ်သာမြစ်တည်ရှိပြီး ၎င်း၏ အဓိကမြစ်လက်တက်များဖြစ်ကြသော မဏိပူရမြစ်နှင့် နေရဥ္စရာချောင်းတို့ ပေါင်းဆုံစီးဆင်းကာ ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်သွားပါသည်။ မြစ်သာမြစ်၏ ထူးခြားချက်မှာ တောင်မှမြောက်သို့ စီးဆင်းသော မြစ်တစ်စင်းဖြစ်ပါသည်။ မြစ်သာမြစ်သည် ချင်းတွင်းမြစ်နှင့် ပေါင်းဆုံရန် ကလေးမြို့အနီးတွင် အနောက်မှ အရှေ့သို့ ကျဉ်းမြောင်းသော တောင်ကြားကိုဖြတ်၍ စီးဆင်းပါသည်။ ဤကဲ့သို့ မြစ်သာမြစ်သည် အရှေ့ဘက်သို့ ကွေ့၍ စီးဆင်းသွားသောနေရာသည် ကလေးလွင်ပြင်၏ အနိမ့်ဆုံးနေရာဖြစ်ပြီး ကလေးမြို့နှင့် ခြောက်မိုင်ခန့် ကွာဝေးပါသည်။

မြစ်သာ မြစ်ရေကြီးမှုစတင်ဖြစ်ပေါ်ပါက မြစ်သာမြစ် ဘက်မှနေ၍ ကလေးမြို့အဝင် မော်တော်ကား လမ်းတာပေါင်ကို ရေစတင်ကျော်ပါသည်။ နေရဥ္စရာချောင်း ရေကြီးမှုစတင်ဖြစ်ပေါ်ပါက ကလေးမြို့အဝင်မော်တော်ကားလမ်းတာပေါင်ကို နေရဥ္စရာချောင်းဘက်မှ ရေစတင်ကျော်ပါသည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် ရေကြီးမှုဖြစ်စဉ်များတွင် မြစ်သာမြစ်ဘက်မှ ရေစတင်ကျော်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြစ်သာမြစ်ကြောင့်ဖြစ်စေ၊ နေရဥ္စရာချောင်းကြောင့်ဖြစ်စေ ရေကြီးမှုဖြစ်စဉ်ပေါ်ပေါက်တိုင်း ကလေးလွင်ပြင်၏ အနိမ့်ဆုံးနေရာ (ဥပမာ-ဒယ်အိုး၏ အနိမ့်ဆုံးအောက်ခြေနေရာ)တွင် ရေများစုဝင်လာပြီး တဖြည်းဖြည်း မြင့်တက်ကာ ခြောက်မိုင်ခန့်ကွာဝေးသော ကလေးမြို့ဧရိယာသို့ရောက်ရှိပြီး ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်စေပါသည်။

ကလေးလွင်ပြင်ရေကြီးမှု တာရှည်ရခြင်းမှာ မြစ်သာမြစ်သည် ကျဉ်းမြောင်းသော တောင်ကြားကို ဖြတ်သန်း၍ စီးဆင်းရခြင်းကြောင့် ဖြစ်ပါသည်။ နောက်တစ်ချက်မှာ မြစ်သာမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာ ကလေးဝမြို့တွင် ချင်းတွင်းမြစ်သည် စိုးရိမ်ရေမှတ်အထက်ကို ရောက်ရှိနေပြီး ရေထောက်နေ၍ ဖြစ်ပါသည်။ ယခု ၂၀၁၇ ခုနှစ် ကလေးလွင်ပြင် ရေကြီးမှုတွင် ချင်းတွင်းမြစ်သည် စိုးရိမ်ရေမှတ်အောက် ရောက်ရှိနေ၍ ဤမျှနှင့်သာ ရေကြီးမှုပြီးဆုံးခဲ့ရခြင်းဖြစ်ပါသည်။

**စိုးရိမ်အမှတ်ရောက်လုနီးပါး**

နေရဥ္စရာချောင်းပေါ်တွင် ရာဇဂြိုဟ်ရေလှောင်တမံကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ မြစ်သာမြစ်ပေါ်တွင် မြစ်သာရေလှောင်တမံကို ၂၀၁၆ ခုနှစ်တွင်လည်းကောင်း တည်ဆောက်ပြီးစီးခဲ့သည်။ မဏိပူရမြစ်ပေါ်တွင်ရှိ မဏိပူရရေလှောင်တမံစီမံကိန်းကို ဆောင်ရွက်ဆဲဖြစ်ပြီး လက်ရှိတွင် စီမံကိန်းအား ခေတ္တရပ်ဆိုင်းထားပါသည်။ အိန္ဒိယနိုင်ငံအတွင်းမှ မြစ်ဖျားခံစီးဆင်းလာသော မဏိပူရမြစ်သည် ရေဆင်းဧရိယာ အလွန်ကြီးမားကျယ်ပြန့်ပြီး စတုရန်းမိုင် ၄၅၀၀ ခန့်ရှိပါသည်။ မြစ်သာမြစ်တွင် မြစ်သာရေလှောင်တမံတည်ဆောက်ထားသည့် နေရာအထိ ရေဆင်းဧရိယာ စတုရန်းမိုင် ၇၀၀ ခန့်ရှိသည့်အပြင် တမံအောက်ဘက်တွင်ရှိသော ရေဆင်းဧရိယာမှာလည်း အလွန်ကျယ်ပြန့်စွာရှိပါသည်။ ထို့ပြင် မြစ်သာမြစ်စီးဝင်ရာဖြစ်သည့် ချင်းတွင်းမြစ်၏ ရေဆင်းဧရိယာများတွင်လည်း မိုးသည်းစွာရွာသွန်းခဲ့သဖြင့် မြစ်ရေအမှတ်မှာ စိုးရိမ်အမှတ်ရောက်လုနီးပါး မြင့်တက်ခဲ့ပါသည်။

ကလေးမြို့နှင့် ကလေးလွင်ပြင်ရေကြီးရခြင်းသည် မြစ်သာရေလှောင်တမံနှင့် ရာဇဂြိုဟ်ရေလှောင်တမံတို့၏ ရေပိုလွှဲများမှ ရေဖောက်ချလိုက်သဖြင့် ဖြစ်ရခြင်းဟု မီဒီယာအချို့နှင့် ပြည်သူအချို့က ထင်မြင်ယူဆနေကြပါသည်။ ထင်မြင်ချက်တွေသည် လုံးဝမှန်ကန်မှုမရှိဘဲ နားလည်မှုလွဲမှားခြင်းသာဖြစ်ပါသည်။ "ရေပိုလွှဲများကို သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားသဖြင့် ရေဖောက်ချ၍ရသည့် အရာမဟုတ်ပါ။ ကန်ရေပြည့်သိုလှောင်ပမာဏထက် ကျော်လွန်ပြီးစီးဝင်လာသောရေများ မူလမြစ်ချောင်းများအတွင်းသို့ စီးဆင်းထွက်သွားစေရန် ထည့်သွင်းတည်ဆောက်ထားသော သံကူကွန်ကရစ်ရေအား အဆောက်အအုံ (R.CC Permanent Hydraulic Structure) တစ်ခုဖြစ်ပါသည်။"

**ရေပိုလွှဲမှ စီးဆင်းလာသောရေကြောင့်မဟုတ်**

ရေကြီးမှုဖြစ်စဉ်သည် စက်တင်ဘာ ၁၈ မှ စတင်ပြီး စက်တင်ဘာ ၂၂ ရက်တွင် ပြီးဆုံးသွားပါသည်။ ထိုကာလအတွင်း ကွင်းဆင်းတိုင်းတာချက်များအရ ကလေးမြို့နှင့် ကလေးလွင်ပြင်ဒေသရေကြီးမှု အမြင့်ဆုံးရေမှတ်မှာ R.L – ၃၇၇ ဒသမ ၃၂ ပေ (R.L ၁၁၅ မီတာ) ရှိပါသည်။ ရေကြီးမှုထုထည်ပမာဏအနေဖြင့် ဧကပေ ၁၉၇၈၈၀၀ (ဧကပေသိန်း ၂၀ ခန့်) ဖြစ်ပါသည်။ အဆိုပါ ဖြစ်စဉ်တွင် ရာဇဂြိုဟ် ရေလှောင်တမံရေပိုလွှဲမှ ရေထုထည်ပမာဏ ၈၀၆၀၀ ဧကပေ ရေကျော်စီးဆင်းပြီး နေရဥ္စရာချောင်းအတွင်း စီးဝင်ပါသည်။ ရေကြီးမှုဖြစ်စဉ် ရေထုထည်ပမာဏနှင့် ရာဇဂြိုဟ်ရေပိုလွှဲမှ စီးဆင်းလာသော ရေထုထည် ပမာဏတို့ကို အချိုးချနှိုင်းယှဉ်လိုက်လျှင် ရေကြီးမှုဖြစ်စဉ်ပမာဏက ၂၄ ဒသမ ၆ ဆခွဲခန့်နှင့် ခြားနားလိုက်လျှင် ဧကပေ ၁၈၉၈၂၀၀ (ဧကပေ ၁၉ သိန်းခန့်) များပြားနေကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ရာဇဂြိုဟ်ရေလှောင်တမံ ရေပိုလွှဲမှ စီးဆင်းလာသော ရေကြောင့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခြင်း မဟုတ်သည်ကို တွေ့ရှိရပါမည်။

ထို့အတူ မြစ်သာရေလှောင်တမံဘက်က ကြည့်လျှင်လည်း မြစ်သာရေအားလျှပ်စစ်စက်ရုံမှ ထုတ်လွှတ်လိုက်သော ရေထုထည် ပမာဏသည် ၂၈၁၉၈ ဧကပေနှင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းလာသော ရေထုထည် ပမာဏသည် ၂၂၅၁၂၉ ဧကပေဖြစ်ပြီး နှစ်ရပ်ပေါင်း ရေထုထည်ပမာဏ ၂၅၃၃၂၇ ဧကပေသည် မြစ်သာမြစ်အတွင်း စီးဝင်ပါသည်။ ရေကြီးမှုဖြစ်စဉ်၏ ရေထုထည်ပမာဏနှင့် မြစ်သာ ရေလှောင်တမံမှ စီးဆင်းလာသော ရေထုထည် ပမာဏတို့ကို အချိုးချ နှိုင်းယှဉ်လိုက်လျှင် ရေကြီးမှုဖြစ်စဉ်ရေ ပမာဏက ၇ ဒသမ ၈ ဆခန့်နှင့် ခြားနားလိုက်လျှင် ၁၇၂၅၄၃၇ ဧကပေ (ဧကပေ ၁၇ ဒသမ ၃ သိန်းခန့်) များပြားနေကြောင်း တွေ့ရှိရပါသည်။ ထိုအချက်ကို ကြည့်လျှင် မြစ်သာရေလှောင်တမံမှ စီးဆင်းလာသော ရေကြောင့် ရေကြီးနစ်မြုပ်မှုမဖြစ်နိုင်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ထပ်မံပြီးရှင်းလင်းရမည်ဆိုလျှင် ရာဇဂြိုဟ်ရေလှောင်တမံနှင့် မြစ်သာရေလှောင်တမံတို့မှ စီးဆင်းလာသောရေထုထည်ပမာဏ နှစ်ရပ်ပေါင်းသည် ၃၃၃၉၂၇ ဧကပေ (ဧကပေ သုံးသိန်းသုံးသောင်းကျော်) ရှိသဖြင့် ရေကြီးမှု




ဖြစ်စဉ် ရေထုထည်ပမာဏနှင့် အချိုးချနှိုင်းယှဉ်လိုက်လျှင် ရေကြီးမှုဖြစ်စဉ်ပမာဏက ခြောက်ဆခန့်နှင့် ခြားနားလိုက်လျှင် ရေထုထည်ပမာဏ ၁၆၄၄၉၀၀ ဧကပေ (ဧကပေ ၁၆ သိန်းခွဲခန့်) ပိုမိုများပြားနေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ထို့ကြောင့် ရာဇဂြိုဟ်ရေလှောင်တမံမှ နေရဥ္စရာမြစ်အတိုင်း စီးဆင်းလာသော ရေထုထည်ပမာဏနှင့် မြစ်သာရေလှောင်တမံမှ မြစ်သာမြစ်အတိုင်း စီးဆင်းလာသော ရေထုထည်ပမာဏ နှစ်ရပ်ပေါင်းကြောင့် ရေကြီးနစ်မြုပ်မှုမဖြစ်နိုင်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။

**ကလေးလွင်ပြင်**

ကလေးမြို့နှင့် ကလေးလွင်ပြင်ဒေသ ရေကြီးရေလျှံ ရေလွှမ်းမိုးမှု ဖြစ်စဉ်ဖြစ်ရသည့် အကြောင်းကို ခြုံငုံသုံးသပ်ကြည့်လျှင် ရာဇဂြိုဟ်ရေလှောင်တမံ၏ ရေပိုလွှဲမှ ရေကျော်စီးဆင်းလာသည့် ရေထုထည် ပမာဏသည်လည်းကောင်း၊ မြစ်သာရေလှောင်တမံ၏ ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လွှတ်မှု ရေပမာဏနှင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းလာသည့် ရေပမာဏတို့သည်လည်းကောင်း ရေကြီးမှုဖြစ်စဉ် ရေထုထည်ပမာဏနှင့် နှိုင်းယှဉ်လျှင် ပြောပလောက်အောင် မရှိပေ။ သို့ဖြစ်လျှင် ရေကြီးမှုဖြစ်စဉ်မှ ရေထုထည်ပမာဏများသည် ဘယ်ကလာသနည်း၊ ရှင်းပါသည်။ အိန္ဒိယနိုင်ငံတွင် မြစ်ဖျားခံပြီး ရေဆင်းဧရိယာ ၄၅၀၀ စတုရန်းမိုင်ရှိသော ရေဆင်းဧရိယာကြီးမားကျယ်ပြန့်သော မဏိပူရမြစ်မှ စီးဝင်လာသော ရေထုထည်ပမာဏများကြောင့် ဖြစ်ပါသည်။ ထို့ပြင် မြစ်သာရေလှောင်တမံအောက်ဘက်တွင်ရှိ မြစ်သာမြစ်အတွင်း စီးဝင်သော ချောင်းလက်တက်ပေါင်း ၃၄ ချောင်းတို့မှ စီးဝင်လာသော ရေထုထည်ပမာဏများနှင့် ရာဇဂြိုဟ်ရေလှောင်တမံအောက်ဘက်တွင်ရှိ နေရဥ္စရာ ချောင်းအတွင်း စီးဝင်သော ချောင်းလက်တက်ပေါင်း ၁၄ ချောင်းတို့မှ စီးဝင်လာသော ရေထုထည်ပမာဏပေါင်းတို့ကြောင့်လည်း ကလေးမြို့နှင့် ကလေးလွင်ပြင်ဒေသ ရေကြီးရခြင်းဖြစ်ကြောင်းကို တွေ့ရှိရပါသည်။

ဤသို့ဆိုလျှင် မည်သို့ဆောင်ရွက်မည်နည်း။ အဖြေက ရှိပြီး ဖြစ်ပါသည်။ မြစ်သာမြစ်၏ အကြီးဆုံး မြစ်လက်တက်ဖြစ်သည့် မဏိပူရမြစ်ပေါ်တွင် ဆောင်ရွက်ဆဲဖြစ်ပြီး ခေတ္တရပ်ဆိုင်းထားသည့် မဏိပူရရေလှောင်တမံဘက်စုံစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်နေပြီဆိုတာ ပြသနေခြင်းဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်း တစ်ခုလုံး၏ ၁၉ ဒသမ ၅၇ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီးဖြစ်သဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်လျှင် ဧကပေ ၁၂၆၀၀၀၀ (ဧကပေ တစ်ဆယ့်နှစ်သိန်းခြောက်သောင်း) သိုလှောင်နိုင်မည်ဖြစ်၍ ရေကြီးရေလျှံမှု လျော့နည်းသက်သာစေပါမည်။ ရေလှောင်တမံမှလယ်မြေ ဧရိယာဧက ၅၀၀၀၀ (ဧက ငါးသောင်း) အား စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် ရေအား လျှပ်စစ်ဓာတ်အား ၃၈၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည် ဖြစ်သဖြင့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့ လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိနိုင်မည့် အကျိုးကျေးဇူးများ မြောက်မြားစွာ ရရှိနိုင်မည်ဖြစ်ပါသည်။

**ရေကြီးရေလျှံမှုလျော့ပါး**

မိုးတွင်းကာလမှာ ရေစီးဆင်းမှုပမာဏ များပြားသည့်မြစ်၊ ချောင်းများကြောင့် ဒေသတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်သည့်အခါတွင် အဆိုပါမြစ်ချောင်းများ၏ စီးဝင်ရေ တစ်စိတ်တစ်ပိုင်းကို ရေလှောင်တမံများက သိုလှောင်နိုင်သည့် ရေပမာဏအတိုင်း ထိန်းသိမ်းသိုလှောင်ထားပါသည်။ ထိုသို့ သိုလှောင်ထားသဖြင့် ရေကြီးရေလျှံမှုမှ အတိုင်းအတာပမာဏတစ်ခုအထိ လျော့ပါးသက်သာစေနိုင်ပါသည်။

စာမျက်နှာ ၁၈ သို့

# ဆောမြို့တွင် သနပ်ခါးပါးတို့ပွဲ ကျင်းပ



**ဆော အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး ယောအရပ်ဒေသ ဂန့်ဂေါခရိုင် ဆောမြို့ ဘုရားကွင်းပြင်ရှိ ရတနာလူငယ် ဝက်ပါတွင် အောက်တိုဘာ ၅ ရက် (သီတင်းကျွတ်လပြည့်ည)က ယောဓလေ့ ပွဲတော်တစ်ခုဖြစ်သော သနပ်ခါးပါးတို့ပွဲကျင်းပရာ ရတနာလူငယ်မောင်မယ်များ၊ ဇေယျာရပ်ကွက် လူငယ်မောင်မယ်များ၊ အနီးပတ်ဝန်းကျင်ကျေးရွာများမှ လူငယ်မောင်မယ်များ ပါဝင်ဆင်နွှဲကြသည်။

ယောဒေသ၏သနပ်ခါးပါးတို့ပွဲမှာ ဆီမီးပူဇော်ရန် မီးကြာခွက်များ ကိုင်ဆောင်ကာ စီတန်းရောက်ရှိလာကြသည့် အမျိုးသမီးများအား ဒေသခံအမျိုးသမီးများက ရင်းရင်းနှီးနှီး ဆီးကြိုနှုတ်ဆက်၍ ပါးပြင်သို့ သနပ်ခါးဖြင့် ထိတို့ ပေးခြင်းဖြစ်သည်။ ထိုသို့တို့ထားသည့် သနပ်ခါးများ လှပစွာ မျက်နှာချေညှိနိုင်ရန် လုလင်ပျိုနှစ်ဦးတို့က မှန်ကိုင်ထောင်၍ပေးသည်။ မျက်နှာချေညှိပြီးသည့်အခါ မှန်ကိုင်အမျိုးသားများက မှန်ကိုမြှောက်ပေးရာ လုံမပျိုက ရှေ့ဆက်သွားနိုင်သည်။ မှန်တန်းတစ်ခုကို ကျော်ဖြတ်ပြီးသည့်အခါ နောက်ထပ်တွေ့ရှိသည့်ဒေသခံအမျိုးသမီးနှစ်ဦးက သနပ်ခါးဖြင့် ပါးကို ထိတို့လိုက်ရာ နောက်ထပ်မျက်နှာချေညှိရပြီး ယခုနှစ်တွင် မှန်တန်း ၅၀ ရှိကြောင်းသိရသည်။

ဤနည်းဖြင့် တစ်ဦး၏ ဝတ်စားဆင်ယင်မှု၊ အလှအပတို့ကို အနီးကပ်အကဲခတ်၍ရပြီး နှစ်ဦးနှစ်ဖက်ပီတိဖုံး၍ မဆုံးနိုင်သော ပွဲတစ်ပွဲဖြစ်သည်ဟု စာရေးဆရာတစ်ဦးက ရေးသားဖော်ပြသည်။

အဆိုပါ ပွဲတော်ကို မီးကြာ လှူည့်ပွဲနှင့် တွဲဖက်၍ကျင်းပလေ့ရှိပြီး ယခုနှစ် ဆောမြို့တွင် အောက်တိုဘာ ၄ ရက် ည၌ မီးကြာလှူည့်ပွဲနှင့် ဆီမီးပူဇော်ပွဲကိုလည်းကောင်း၊ အောက်တိုဘာ ၅ ရက်တွင် မီးကြာလှူည့်ပွဲနှင့် သနပ်ခါးပါးတို့ပွဲဖြင့် ဆီမီးပူဇော်ပွဲကိုလည်းကောင်း ကျင်းပကာ အိုးစည်၊ ဒိုးပတ် အဆိုအကများဖြင့် စည်ကားစွာ ကျင်းပကြောင်း သိရသည်။

(၄၆၅)

# အမေ့ရင်ခွင်မူလတန်းကြိုကျောင်း၌ ရတနာပြည့်ကျောင်းဆောင်သစ်ဖွင့်

**ငါန်းဇွန် အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် လက်ပန်ကျင်းတောင်ကျေးရွာ၌ လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြု ကိုယ့်အားကိုယ်ကိုး အမေ့ရင်ခွင်မူလတန်းကြိုကျောင်း၌ ရတနာပြည့်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကိုယ့်အားကိုယ်ကိုး အမေ့ရင်ခွင်မူလတန်းကြိုကျောင်း ရတနာပြည့်ကျောင်းဆောင်သစ်ရှေ့၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနိုင်နှင့် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရတနာပြည့်ကျောင်းဆောင်အတွင်း၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနိုင်နှင့် ညွှန်ကြားရေးမှူး ဦးကျော်ဝင်းတို့က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်ဖြစ်မြောက်ရေးအလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုလွှာများ အသီးသီးချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ကိုယ့်အားကိုယ်ကိုး အမေ့ရင်ခွင်မူလတန်းကြိုကျောင်း တာဝန်ခံ ဆရာမကြီးအား သင်ထောက်ကူပစ္စည်းများပေးအပ်ပြီး ဒေသခံပြည်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဝင်းမောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သက်နောင်ဦး(ငါန်းဇွန်)

# ဓာတ်အားစနစ်ပိုမိုစိတ်ချလုံခြုံပြီး စွမ်းအားအပြည့်သုံးစွဲနိုင်စေရန်ဆောင်ရွက်



**ကျောက်ဆည် အောက်တိုဘာ ၈**

ကျောက်ဆည်ခရိုင် အတွင်းရှိ စဉ့်ကိုင်မြို့နယ်အား အနာဂတ်ကာလများတွင်ဓာတ်အားစနစ်ပိုမိုစိတ်ချ လုံခြုံပြီး စွမ်းအားအပြည့်သုံးစွဲနိုင်ရန်အတွက် စဉ့်ကိုင်ဓာတ်အားခွဲရုံ အဝင်လိုင်းများအား ခရိုင်လျှပ်စစ်မန်နေဂျာရုံးမှ မန်နေဂျာဦးမင်းမင်း ဦးဆောင်ပြီး ဝန်ထမ်းနှင့်အတူအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ယခင်က 33/11KV စဉ့်ကိုင်ဓာတ်အားခွဲရုံအဝင် 33KV Over Head Line ACS 150 mmsq မှ SAC 185 mmsq double circus အစားထိုးလဲလှယ်ပေးခဲ့ခြင်းကြောင့် ယခုအခါ အဆိုပါဓာတ်အားခွဲရုံမှလျှပ်စစ်သုံးစွဲသော ပြည်သူများ ယခင်ကထက် လျှပ်စစ်ဓာတ်အားကို လုံခြုံစိတ်ချစွာဖြင့် စွမ်းအားပြည့်သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သက်မောင်

# တောင်တောကျေးရွာတွင် အလင်းတန်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

**ငါ့သရောက် အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ တောင်တောကျေးရွာတွင် ဒေသခံကျေးလက်နေပြည်သူများ စာပေလေ့လာဖတ်ရှုနိုင်ရေးအတွက် ကိုယ့်အားကိုယ်ကိုးဖြင့် ဆောက်လုပ်ပြီးစီးသည့် အလင်းတန်းစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်အနီး ယာယီမဏ္ဍပ်တွင် ကျင်းပရာ ငါ့သရောက်မြို့ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်း၊ ငါ့သရောက်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမိုး၊ တောင်တောကျေးရွာအုပ်ချုပ်ရေးမှူး ဦးမှတ်ကျော်၊ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစောထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ငါ့သရောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ငါ့သရောက်မြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးမိုးက ကျေးရွာစာကြည့်တိုက်အဆောက်အအုံ ရေရှည်တည်တံ့ခိုင်မြဲဖြစ်စေရေး စာကြည့်တိုက်ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် အသေးစိတ် ရှင်းလင်းဆွေးနွေးမှာကြားခဲ့ပြီး စာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်စာစောင်များကို စာကြည့်တိုက်ကော်မတီဝင်တစ်ဦးထံ ပေးအပ်လှူဒါန်းပေးခဲ့ရာ ကျေးရွာသူ ကျေးရွာသားများကိုယ်စား တောင်တောကျေးရွာအုပ်ချုပ်ရေးမှူး ဦးမှတ်ကျော်က ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့သည်။

ယင်းနောက် တောင်တောကျေးရွာ အလင်းတန်းစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစောထွန်းက စာကြည့်တိုက်အဆောက်အအုံသစ် ဖြစ်ပေါ်လာရခြင်းနှင့် စပ်လျဉ်း၍ ချပြရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး ကျောင်းသားကျောင်းသူလေးများက တက်ရောက်လာကြသူများအား တေးသီချင်း အကအလှများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ ငါ့သရောက်မြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်း၊ ငါ့သရောက်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမိုးနှင့် ဝန်ထမ်းများ၊ မြို့ပေါ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ စုံညီစွာ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# ဦးပိန်တံတားရောက်စာပေသမားများ အားထားသွားရောက်သည့် စာပေသူရဲကောင်းတို့အမှတ်တရနေရာ

**မန္တလေး အောက်တိုဘာ ၈**

မန္တလေးမြို့အနီး အမရပူရမြို့ရှိ ဦးပိန်တံတားရောက်စာပေသမားများ အားထားသွားရောက်သည့်နေရာကိုပြပါဆိုလျှင် ဦးပိန်တံတားအနောက်ထိပ်ရှိ တောင်လေးလုံးကျောင်းတိုက်ကိုပြသရမည်ဖြစ်သည်။ တောင်လေးလုံးကျောင်းတိုက်တွင် စာပေသူရဲကောင်းများ၊ စာပေပညာရှင်များ၏အမှတ်တရကျောက်တိုက်များ၊ အမှတ်တရ ကျောက်စာများ၊ အမှတ်တရသစ်ပင်များစိုက်ပျိုးထားပြီး စာရေးဆရာများစွာ အလေးထားသည့်နေရာပင်ဖြစ်သည်။ စာပေပညာရှင်တို့၏ အမှတ်တရပွဲများကို တောင်လေးလုံးကျောင်းတိုက်တွင်ပြုလုပ်လေ့ရှိသည်။

တောင်လေးလုံးကျောင်းတိုက်အတွင်း ဝင်လိုက်သည်နှင့် အပေါက်ဘေးဝဲဘက်၊ ယာဘက်တွင်စာရေးဆရာ အမှတ်တရရေအိုးစင်များကိုတွေ့ရှိရပြီး စိတ်ဝင်စားမှုများစွာကို ပေးလျက်ရှိသည်။ ဘုရားဘေးသို့ သွားလိုက်သည်နှင့် ဟံသာဝတီဦးဝင်းတင်ပုံပါသည့် အမှတ်တရကျောက်စာတိုင်ကိုစတင်တွေ့ရမည်ဖြစ်သည်။ အဓိပ္ပာယ်များစွာ၊ လက်ရာမြောက်စွာဖြင့် ထုဆစ်ထားသည်ကိုတွေ့မြင်ရသည်။ ခေတ်ဝန်ကိုထမ်း၍ခေတ်လမ်းကိုလျှောက်သူခေါင်းစဉ်ဖြင့်ရေးသားထားသောစာများမှစကာ စိတ်တက်ကြွမှုများစွာကိုပေးစွမ်းနေပေသည်။




အမှားနဲ့အမှန်ကိုခွဲခြားနိုင်ပါစေ။ အမှန်ဘက်ရပ်တည်နိုင်ပါစေ။ အမှားကိုတွန်းလှန်နိုင်ကြပါစေ။ ဟံသာဝတီဦးဝင်းတင်ဆိုသောစာတန်းနှင့်အတူ သံကြိုးပုံအောက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ သိက္ခာ၊ နိုင်ငံရေး သိက္ခာ၊ နိုင်ငံရဲ့သိက္ခာ၊ လူသားများသိက္ခာတို့ကို မြှင့်တင်ပေးတဲ့ ဆရာဦးဝင်းတင်ကိုဦးညွှတ်ဂါရဝပြုပါတယ်" ဆိုသောစာတန်းများကို ဖတ်ရှုနိုင်သည့်နေရာပင်ဖြစ်သည်။ စာပေသူရဲကောင်းတို့၏နေရာဟုတင်စားသည့်နေရာဖြစ်သလို အမှတ်တရရေးထိုးထားသောစာ၊ ကဗျာများသည် လေ့လာဖတ်ရှုသူနှလုံးသားကို ထိုးဖောက်သွားနိုင်သည်အထိ ဆွဲဆောင်မှုရှိလှပေသည်။

အကျဉ်းထောင်ထဲကအလင်းရောင် "ထောင်စခန်းဆိုတာ-အမှောင်လမ်းပါပဲ"။ ဒါပေမယ့်အောင်ပန်းဆွတ်တဲ့အာဇာနည်တို့ရဲ့ တာရှည်စံမြန်းရာ သစ္စာမဖောက်ဒူးမထောက်ဆိုသောကဗျာနှင့်အတူ စစ်မဲ့ကမ္ဘာကဗျာ၊ လမင်းတရာ သည်ကမ္ဘာဝယ် သာလျက်ထိန်ကြည် ငြိမ်းအံ့ရည်၍ တိုင်းပြည်ကိုကျူး နယ်ချဲ့ရူးကို တပ်ဦးဖွင့်ကာ တော်လှန်သည်။ နယ်ချဲ့ကင်းမှ လမင်းလည်းသာ ကမ္ဘာလည်းအေး တေးလည်းအန္တံ ပန်းသင့်ပျံ့လိမ့်နိုင်ငံ ပြည်သူနိုးကြားသည်။ နယ်ချဲ့ကင်း၍ လမင်းတရာသာသည့်ခါ့ဝယ်၊ ကမ္ဘာငြိမ်းချမ်းလာလိမ့်တကားဆိုသော ဆရာကြည်အောင်ကဗျာ၊ စာရေးခြင်း အလုပ်ဆိုတာ ခဏတဖြုတ် လမ်းကြုံလို့ဝင်လုပ်ရမယ့် အလုပ်မျိုးမဟုတ်ဘူး။ အားအားယားယားရှိလို့ဝင်လုပ်ရမယ့် အလုပ်မျိုးမဟုတ်ဘူး။ တကယ်ကိုစွဲစွဲမြဲမြဲလုပ်ရမယ့်အလုပ်၊ အချိန်မရွေး လုပ်နေရမယ့်အလုပ်၊ တစ်သက်လုံးလုပ်နေရမယ့်အလုပ်လို့မြင်တယ်ဆိုသောဆရာမြသန်းတင့်စကား၊ ဘဝမှာ လေး၊ ငါး၊ ခြောက်ခု မလိုပါဘူး။ နှစ်ခုပဲ ချစ်သူစစ်စစ်နဲ့ ရန်သူစစ်စစ် ဒီနှစ်ခုပဲဆိုသော ဆရာမောင်ချောနွယ်ကဗျာမှအစ တက်ကြွမှုများနှင့်အတူ ရသများစွာ ပေးသောစာပေများကိုကျောက်စာအဖြစ်ဖတ်ရှုနိုင်သည်။ လက်ရှိကာလတွင် တောင်လေးလုံးကျောင်းတိုက်နေရာကို တက်ကြွမှုနှင့်တကွရသများစွာကိုပေးနေသောစာပေသူရဲကောင်းတို့နေရာဟုပင် တင်စားထားလျက်ရှိသည်။

နွေနဒီ၊မြစ်ငယ်၊



## ပုလဲသရဖူ စာကြည့်တိုက် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်

**ပုလဲ အောက်တိုဘာ ၈**

ရန်ကုန်မြို့နေ ဦးကျော်ဝဏ္ဏ-ဒေါ်လဲ့ရည်ဝင်းမိသားစုက ကျေးလက်နေပြည်သူများ စာပေဖတ်ရှုလေ့လာမှုမှသည် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးကိုရည်ရွယ်၍ ဆောက်လုပ်လှူဒါန်းသည့် ပုလဲသရဖူ စာကြည့်တိုက်အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာ၌ အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးချစ်ဝင်းက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးက စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်မြို့နေ ဦးကျော်ဝဏ္ဏက ပုလဲသရဖူစာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး စာကြည့်တိုက်အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးချစ်ဝင်းက လက်ခံရယူခဲ့သည်။

ထို့နောက် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာနေ ဦးချစ်မြိုင်မိသားစုက သုတရသစာအုပ်မျိုးစုံ ၅၀၀ အုပ်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးက သုတရသစာအုပ်မျိုးစုံ အအုပ် ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးချစ်ဝင်းကလက်ခံရယူခဲ့ပြီး ရပ်မိရပ်ဖ ဦးကျော်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါ ပုလဲသရဖူ စာကြည့်တိုက် အဆောက်အအုံသည် အလျား ၂၂ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၄ ပေရှိ သွပ်မိုး၊ နံရံကပ်၊ သမံတလင်းခင်း တစ်ထပ် အမျိုးအစားဖြစ်ပြီးအလှူရှင်မိသားစုက ကျေးလက်နေပြည်သူများ စာပေဖတ်ရှုလေ့လာမှုမှသည် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်၍ ငွေကျပ်သိန်း ၅၀ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းပေးခြင်းဖြစ်သည်။ **မင်းခန့်စိုး(ဧယျာမြေ)**

## ကလေးမြို့နယ်မှ ရေတိုက်စားမှုကြောင့်ပေါ်ထွက်လာခဲ့သော ရှေးဟောင်းအုတ်ရိုးတန်းကို စနစ်တကျတူးဖော်လေ့လာသွားမည်

**ကလေး အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် တောင်ဦးကျေးရွာတွင်ပြီးခဲ့သည့် စက်တင်ဘာ ၁၃ ရက်က မိုးရွာသွန်းမှုများပြားကာမြစ်သာမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုကျရာမှ ပေါ်ထွက်လာသော ရှေးဟောင်းအုတ်ရိုးတန်းကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် သုတေသနပညာရှင်များ ပူးပေါင်း၍ စနစ်တကျတူးဖော်လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကလေးတက္ကသိုလ်သမိုင်းဌာနမှ သိရသည်။

အဆိုပါမြစ်သာမြစ်ကမ်းနံဘေးတွင်ပေါ်နေသောအုတ်ရိုးတန်းမှာ အလျားပေ ၃၀ ခန့်၊ အနံ ၅ ပေခွဲနှင့် အုတ်ရိုးတွင်စီထားသည့် အုတ်တစ်ချပ်လျှင် အလျား ၁၅ လက်မ၊ အနံ ၇ လက်မရှိပြီး လက်ရှိတွင် မိုးတွင်းကာလဖြစ်သောကြောင့်တူးဖော်ရန် အခက်အခဲများရှိနေကာ မိမိတို့ဘာသာဆက်လက်တူးဖော်မည်ဆိုပါကလည်း ရှေးဟောင်းပစ္စည်းများအား ထိခိုက်ကျိုးပြတ်စေမည်စိုးရိမ်သောကြောင့်ကျွမ်းကျင်ပညာရှင်များကို ဆက်သွယ်အကူအညီတောင်းခံ၍ တဖြည်းဖြည်းချင်း ဆက်လက်လုပ်ဆောင်သွားမည်ဟု သမိုင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အဲဒီရှေးဟောင်းအုတ်ရိုးတန်းကိုလွန်ခဲ့တဲ့လပိုင်းတွေကတည်းကစတွေ့နေရတာပါ။ ဒီရွာမှာနေပြီး သက်ကြီးပိုင်းဝါရင့်တဲ့ ဒေသခံလူကြီးကတောင်ဒီနေရာမှာ အရင်ကဘာရှိတယ်။ ဘယ်လိုကြားဖူးတယ်ဆိုတာကို မပြောပြနိုင်ဘူး။ မြစ်သာ မြစ်ရေတက်လာတော့ တချို့အုတ်ရိုးတွေပြိုကျပျက်စီးသွားပါတယ်"ဟု တောင်ဦးကျေးရွာဒေသခံတစ်ဦးက ပြောသည်။

ယင်းသို့ရေတိုက်စားမှုကြောင့် ပေါ်လာသည့်တောင်ဦးကျေးရွာမှအုတ်ရိုးတန်းကို ကလေးတက္ကသိုလ်သမိုင်းဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာတင်မောင်ထွေးနှင့် ကလေးမြို့ရှေးဟောင်းအမွေအနှစ်လေ့လာရေးအဖွဲ့တို့မှ ကွင်းဆင်းစစ်ဆေးခဲ့ပြီး အုတ်ရိုးအနီးတွင်တွေ့ရှိရသည့် ရေသွန်းကရားနှုတ်ခမ်းများနှင့် အိုးပဲ့အပိုင်းအစများကို လေ့လာကြည့်ခြင်းအားဖြင့် ပုဂံခေတ်လွန်ပိုင်း၊ အင်းဝခေတ်ဟု ယူဆရသည့်အတွက် လွန်ခဲ့သောရှေးနှစ်ပေါင်း ၇၀၀ နှင့် နှစ်ပေါင်း ၁၀၀၀ အကြားတွင် တည်ဆောက်ခဲ့သော ဘုရားစေတီတစ်ဆူ၏ အောက်ခြေအုတ်ဖိနပ်တော်(သို့မဟုတ်)အုတ်တံတိုင်း တစ်ခုဖြစ်မည်ဟု သုံးသပ်ခန့်မှန်းခဲ့ကြကြောင်း၊ ကလေးမြို့တည် သက်တမ်းနှင့်ပတ်သက်၍ နှစ်ပေါင်း ၁၀၅၀ ကျော်ပြီဟူသော ပါးစပ်ရာဇဝင်နှင့်အငြင်းပွားဖွယ်တချို့ရှိနေပြီး ယခုကဲ့သို့တွေ့ရှိမှုကလည်းအငြင်းပွားမှုများကို ထောက်ပြနိုင်မည့်အထောက်အထားတစ်ခုဖြစ်စေနိုင်မည်ဖြစ်ကြောင်း ကလေးမြို့ဒေသခံသမိုင်းဝင်ပစ္စည်းစုဆောင်းသူတစ်ဦးက ပြောသည်။

အလားတူ ကလေးမြို့နယ် စခန်းကြီးကျေးရွာအနီးနေရဥ္စရာမြစ်ကမ်းပါး၌လည်းပြီးခဲ့သည့် ၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းက အမြင့် ၄ ပေ၊ အလျားပေ ၁၀၀ခန့်ရှိ ရှေးဟောင်းအုတ်ရိုးတစ်ခုပေါ်ပေါက်ခဲ့ဖူး၍ ပညာရှင်များ၏လေ့လာသုံးသပ်ခြင်းအားဖြင့် လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀၀ ကျော်ခန့် ပုဂံခေတ်ကတည်ဆောက်ခဲ့သည်ဟု ယူဆကြပြီး ယင်းအုတ်ရိုးကိုထိန်းသိမ်းမှုမပြုလုပ်နိုင်ခဲ့သည့်အတွက် ယခုနှစ်မိုးရာသီကာလ ချောင်းရေများသည့်အခါအားလုံးနီးပါးချောင်းအတွင်းပြိုကျသွားကာ ပျောက်ပျက်ကုန်ပြီဖြစ်ကြောင်း ဒေသခံများ၏ပြောဆိုချက်အရ သိရသည်။

**ချင်းတွင်းသား**



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အားထောက်ခံပွဲ မကွေးမြို့တွင်ကျင်းပ

**မကွေး အောက်တိုဘာ ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံပွဲကို မကွေးမြို့ ကန်သာရပ်ကွက် အေးစေတီဘုရားဝင်းအတွင်း၌ အောက်တိုဘာ ၇ ရက် ညနေပိုင်းက ကျင်းပခဲ့ပြီး ယင်းထောက်ခံပွဲကို နိုင်ငံရေးပါတီ၏ အရောင်လွှမ်းမိုးမှုများမပါဘဲ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၁၉ ရက်က နိုင်ငံတော်အခြေပြမိန့်ခွန်းအပေါ် နိုင်ငံတကာမှဖိအားပေးနေသည့်အချိန်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပြည်သူတစ်ရပ်လုံးရှိသည်ဆိုသော အဓိပ္ပာယ်မျိုးကိုဖော်ဆောင်ချင်သည့်အတွက် ပါတီတစ်ခု၊ အဖွဲ့အစည်းတစ်ခုကို ကိုယ်စားပြုလုပ်ဆောင်သည့်ပုံရိပ်မျိုးမဟုတ်ဘဲ ပြည်သူ့အားဖြင့် ဝိုင်းဝန်းထောက်ခံသည့်ပွဲဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးဦးဆောင်ခဲ့သူ ဒေါ်စီစီမိုးကဆိုသည်။

ထောက်ခံပွဲတက်ရောက်လာသူ ကိုနေမိုးဆွေကျော်က "ထောက်ခံပွဲလုပ်တာနဲ့ပတ်သက်ပြီး တချို့ဝေဖန်တာတွေရှိတယ်။ ကျွန်တော့်ရဲ့ ပုဂ္ဂိုလ်ရေးအမြင်အရ ပြောရရင် ပြည်တွင်း၊ ပြည်ပ ဖိအားတွေဝင်နေတဲ့အချိန်မှာ ပြည်သူတစ်ရပ်လုံးက အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့အတူ တစ်သဘောတည်းရှိနေတယ်ဆိုတာ နိုင်ငံတကာကလည်း သိဖို့လိုပါတယ်။ လိုလို့လုပ်ရတဲ့ ထောက်ခံပွဲဆိုတာ သိစေချင်ပါတယ်" ဟု ပြောသည်။

ထောက်ခံပွဲတွင် စည်ဖြိုးသူအဖွဲ့မှ တေးဂီတဝိုင်းဖြင့် ဖျော်ဖြေခြင်း၊ ဗီနိုင်းပေါ်တွင် အမှတ်တရစာစုများ ရေးသားခြင်း၊ အခမဲ့တံဆိပ်ရိုက်အလှူရှင်ကိုနိုင်က အင်္ကျီမရလိုက်သူများ၏အင်္ကျီများအား အတိုင်ပင်ခံ၏ မျက်နှာပုံပါတံဆိပ်များရိုက်ပေးခြင်း၊ လူမှုရေးအဖွဲ့အစည်း ၂၈ ဖွဲ့မှ ထောက်ခံပွဲပြီး အမှိုက်သိမ်းခြင်းများ လုပ်ဆောင်ခဲ့ကြသည်။

**ဇေယျာတု(မကွေး)**




## Google ကင်းတို့၏စမတ်ဖုန်းသစ် Pixel 2 နှင့် Pixel 2XL တို့ကို စတင်မိတ်ဆက်

အဆင့်မြင့်စမတ်ဖုန်းသစ်များ ဈေးကွက်အတွင်းတစ်မျိုးပြီးတစ်မျိုးတိုးဝင်လာချိန်တွင် Google ကလည်း ၎င်းတို့၏ နည်းပညာမြင့်စမတ်ဖုန်းနှစ်မျိုးကို ဈေးကွက်အတွင်း စတင်ပို့ဆောင်လိုက်ပြီဖြစ်သည်။ Pixel 2 နှင့် Pixel 2XL ဟုအမည်ပေးထားသော စမတ်ဖုန်းနှစ်မျိုးကို အောက်တိုဘာလဆန်းပိုင်းတွင် မိတ်ဆက်ပြသပေးလိုက်ပြီး ကြိုတင်မှာကြားမှုများကြောင့် စတင်ရောင်းချရန်ထုတ်လုပ်ထားသည့် အရေအတွက်များကုန်သွားသည်အထိဖြစ်ခဲ့သည်ဟု သိရသည်။

ရိုးရှင်းလှပြီး တည်ငြိမ်သည့်ကိုယ်ထည်ဒီဇိုင်းနှင့် မျက်နှာပြင်အကျယ်မှာ Pixel 2 တွင် ၅ လက်မနှင့် Pixel 2XL တွင် ၆ လက်မအကျယ်ပါဝင်ပြီး ဖုန်းအမျိုးအစားနှစ်မျိုးလုံးကို Corning Gorilla Glass 5 ဖြင့်ကာကွယ်ထားသည်။ Qcta-Core Qualcomm MSM8998 Snapdragon 835 ပရိုဆက်ဆာကို ဖုန်းနှစ်မျိုးစလုံးတွင် အသုံးပြုထားပြီး ရုပ်ထွက် အရည်အသွေးအတွက် Adreno 540 ကိုအသုံးပြုတပ်ဆင်ပေးထားသည်။

ထူးခြားချက်အနေဖြင့် CDMA ကွန်ရက်အမျိုးအစား SIM ကတ် အသုံးပြုနိုင်မည်ဖြစ်ပြီး GSM, HSPA, EVDO, LTE စနစ်များကိုလည်း ပုံမှန်အသုံးပြုနိုင်မည်ဖြစ်သည်။ RAM ပါဝင်မှု 4GB ရှိပြီး သိုလှောင်သိမ်းဆည်းမှုအတွက် 64 GB နှင့် 128 GB ဟူ၍ နှစ်မျိုးရရှိနိုင်ပြီး Micro SD တပ်ဆင်အသုံးပြုနိုင်ခြင်းမရှိပေ။

ယခုကာလတွင် အပြိုင်အဆိုင်ဖြစ်နေသော ကျောဘက်၊ အရှေ့ဘက် ကင်မရာနှစ်လုံးတပ်ဆင်ပါဝင်ခြင်းမျိုးမရှိဘဲ ပုံမှန် ကင်မရာတစ်လုံးစီသာပါဝင်ကာ ကျောဘက်ကင်မရာ 12.2 MP နှင့် Flash နှစ်လုံးပါဝင်ပြီး 8 MP အရှေ့ဘက်ကင်မရာ ပါဝင်ပြီး ကင်မရာနှစ်လုံးတပ်ဆင်ထားသောဖုန်းများထက် အရည်အသွေးမနိမ့်သော ပုံရိပ်နှင့်ဗီဒီယိုများရိုက်ကူးရှိသည်ဟု သိရသည်။

အရှေ့ဘက်တွင် လက်ဗွေဖတ်စနစ်ပါဝင်ပြီး Google ၏ တရားဝင်ဝန်ဆောင်မှုများကို အသစ်ထွက်ပေါ်လာသည့်အချိန်တိုင်းတွင် ရယူအသုံးပြုနိုင်မည်ဖြစ်သည်။ ဘက်ထရီစနစ်အတွက် Pixel 2 အတွက် 2700 mAh ပမာဏပါဝင်ကာ Pixel 2XL အတွက် 3250 mAh ပါဝင်မည်ဖြစ်ကာ ရရှိနိုင်သောအရောင်များမှာ Pixel 2 အမျိုးအစားတွင် Kinda Blue, Just Black, Clearly White သုံးမျိုးရရှိနိုင်ပြီး တန်ဖိုးမှာ ယူရို ၈၀၀ ဝန်းကျင်နှင့် Pixel 2XL အမျိုးအစားတွင် Just Black, Black & White ဟူ၍ရရှိနိုင်ပြီး တန်ဖိုးအားဖြင့် ယူရို ၉၅၀ ဝန်းကျင်တွင်ရရှိနိုင်ပြီဖြစ်သည်။ ALEX

# ဒီမိုကရေစီပြည်သူ့ဝန်ထမ်း(သို့မဟုတ်)သူလိုလူ

ကိုသောင်း(ပညာရေး)

ကျွန်မက အသက် (၆၀) ပြည့်လို့ ပူပူနွေးနွေး ပင်စင်ယူထားရတဲ့သူ။ ပြီးတော့အငြိမ်းစားပင်စင်လစာကို အခုလကစပြီး ခံစားရမယ့် အခြေခံပညာဦးစီးဌာနက အိုပယ်ကျောင်းဆရာမကြီး တစ်ယောက်ပေါ့။ လောလောဆယ် နိုင်ငံတော်က ချီးမြှင့်ပေးမယ့် လုပ်သက်ဆုကြေးငွေ (gratuity)ကိုထုတ်ဖို့ ကမာရွတ် မြန်မာ့စီးပွားရေးဘဏ်ကို ရောက်နေရပါရောလား။ ကိုယ်တွေက ကျောင်းဆရာမ တစ်ယောက်ဆိုတော့ စုဆောင်းထားတဲ့ အထုပ်အထည်က ဘာမှရှိတာမဟုတ်။ မရှိတာက သုံးလို့ဖြုန်းလို့ မချွေတာလို့ မဟုတ်ဘူးနော်။

သိတယ်မဟုတ်လား။ ကျောင်းဆရာမဆိုတော့ကာ လစာအပြင် ဘာအပိုဝင်ငွေမှ မရှိလေတော့။ အဲဒါကြောင့် အခုထုတ်ရမယ့် လုပ်သက်ဆုကြေးအပေါ်မှာပဲ လောလောလတ်လတ် အားထားရပေတော့မပေါ့။ ပြောရဦးမယ်။ အရင်ခေတ်နဲ့ မတူတာက ပင်စင်ယူပြီး အခက်အခဲမရှိ ရပ်တည်နိုင်အောင် တိုတောင်းတဲ့ အချိန်အတွင်းမှာ လုပ်သက်ဆုကြေး ထုတ်ယူခွင့်ချပေးတဲ့ ပင်စင်ဦးစီးဌာနက တာဝန်ရှိလူကြီးမင်းများကိုလည်း ကျေးဇူးတင်ပါရဲ့။

**ချိုလွင်လွင်အသံ**

ပြီးတော့ ကျွန်မက အခု အသက် (၆၀) ပြည့်တဲ့အထိ ဘဏ်ဆိုတာက ကိုယ်နဲ့မဆိုင်သလို ခပ်ဝေးဝေးနေခဲ့ရတာမို့ ငွေထုတ်ရမယ့်အရေး တွေးလို့ပူပန်နေမိသေးတယ်။ တော်ကြာ လုပ်မှားကိုင်မှားဖြစ်လို့ ဘဏ်ဝန်ထမ်းတွေက ငေါက်ငန်းခဲ့ရင် အသက်ကြီးခါမှ အရှက်ရနေဦးမယ် ဆိုတဲ့အတွေးနဲ့ စိုးရိမ်စိတ်ကအပြည့်။ ကလိုနဲ့ ကိုယ်တွေလိုပဲ လုပ်သက်ဆုကြေးထုတ်မယ့် ပင်စင်စားတွေက ကိုယ့်ရှေ့မှာ အရင်ရောက်နေတာက သုံး၊ လေးယောက်။ ခဏကြာတော့ ကိုယ်တွေရဲ့အလှည့်ကို ရောက်လာတယ်။ ပင်စင်ငွေထုတ်ပေးတဲ့ ကောင်တာရှေ့မှာ ရပ်လိုက်တယ်ဆိုရင်ပဲ ကျွန်မရဲ့ပူပန်စိတ်တွေ လျော့ကျသွားလေရဲ့။ ဘာကြောင့်လဲဆိုတော့ ဘာအကူအညီပေးရမလဲအမေဆိုတဲ့ နားထဲကို စီးဝင်လာတဲ့ ပျားရည်လို ချိုလွင်လွင် အသံလေးကြောင့်ပါပဲ။

**ကြည်လင်တဲ့မျက်နှာ**

သူ့ကိုကြည့်ရတာ လက်ထောက်မန်နေဂျာ လောက်တော့ ဖြစ်ဟန်တူရဲ့။ ဖြူစင်ဝင်းမွတ်ပြီး ကြည်လင်နေတဲ့ မျက်နှာလေးပေါ်မှာ ဟန်မပါတဲ့ ရောင်စုံအပြုံးလေးတွေ လွှမ်းခြုံထားတာကို တွေ့ရတယ်။ အသက်က လေးဆယ်ကျော်လောက်ရှိမယ်လို့ ခန့်မှန်းမိပါရဲ့။ စကားပြောတော့လည်း လေယူလေသိမ်းနဲ့ အသံက ပွင့်ကာစ ဝါဂွမ်းဖတ်လေးလို နူးညံ့လို့နေတယ်။ သူ့ရုံးခန်းထဲကို ဝင်လာခဲ့ဖို့ ကျွန်မကို ဖိတ်ခေါ်လိုက်တယ်။ သူ့စားပွဲ အရှေ့ကိုလည်း ရောက်ရော မျက်နှာချင်းဆိုင်မှာရှိနေတဲ့ ကုလားထိုင်မှာ ထိုင်ခိုင်းလိုက်တယ်။

ပြီးတော့ ကျွန်မကို နေကောင်းရဲ့လားအမေ၊ ပင်စင်ယူတာ ဘယ်လောက်ကြာပြီလဲ၊ အမေက ခြောက်ဆယ်ကျော်ပေမယ့် နုပျိုနေတုန်းပဲနော်၊ အမေ့ငွေထုတ်ဖို့ သမီး ပုံစံလေးတွေ ဖြည့်လိုက်ဦးမယ်နော်၊ ခဏလေးစောင့်ပေးပါနော် စသဖြင့် ကျွန်မ မပျင်းရအောင် စကားတွေ စီကာစဉ်ကာနဲ့ ဖောင်ဖွဲ့ပြီး ပြောတော့တာပဲ။ ကျွန်မဖြင့် အမေလို့ ခေါ်တဲ့အသံမကြားရတာ ကြာလှပေါ့။ ကြည်နူးလိုက်တာ။ နောက်ဆယ်မိနစ်လောက် အကြာမတော့ ကျွန်မ ငွေထုတ်ဖို့ အဆင်သင့်ဖြစ်နေပြီလေ။

အဲဒါက သူနဲ့ ကျွန်မ ပထမဦးဆုံး ထိတွေ့ဆက်ဆံရတဲ့ အတွေ့အကြုံပေါ့။ အဲ့ဒီနောက် လတိုင်းပင်စင်ထုတ်ယူလို့ရမယ့် စမတ်ကတ် (e-pension card) ကိုလုပ်ပေးပါတယ်။ စမတ်ကတ်လုပ်ရာမှာ ချက်ချင်းတော့ မရခဲ့ဘူး။ ငွေထုတ်ပြီး ဘဏ်က အပြန်မတော့ ကျွန်မရင်ထဲမှာ ကျေနပ်မှုတွေနဲ့စိတ်ချမ်းသာမှုတွေက ဖြိုးဖြိုးမောက်မောက်နဲ့ လျှံကျလို့ နေသလိုပဲ။

စမတ်ကတ်လုပ်တာ သုံးလလောက် ကြာသွားတယ်။ ကြာပေမယ့် ပြဿနာတော့ မရှိပါဘူး။ အစောက လက်ထောက်မန်နေဂျာမလေးက ကူညီပေးလို့ ပင်စင်လစာကို လတိုင်းလိုလို အလွယ်တကူ ရနေတာပဲ။ အဲဒီကလေးမလေးကို ကျေးဇူးလည်းတင်တယ်။ သူ့အပေါ်မှာ လေးစားတဲ့ ချဉ်ခြင်းတပ်မှုလည်း ဖြစ်မိတယ်။ သူနဲ့တွေ့ရတာ ရင်ထဲကို ရေခဲမြစ်တစ်စင်း ဖြတ်စီးသွားလို ခံစားရတယ်။

ဒီလိုနဲ့ နောက်လတွေမှာလည်း ပင်စင်သွားထုတ်တိုင်း သူနဲ့တွေ့ဖြစ်တယ်။ ဆက်ဆံတဲ့ ပုံစံက ပြောင်းမသွားဘူး။ အရင်လိုပဲ သူ့ဆက်ဆံရေးနဲ့ အပြုံးလေးတွေက ကတ္တီပါစလေးလို ချောမွေ့နေတာကို တွေ့ရတယ်။ ဒါဆိုရင်သူ့ရဲ့ အပြုအမူနဲ့ အပြောအဆိုတွေက ဟန်ဆောင်ပန်ဆောင် လုပ်တာမဟုတ်ဘဲ ထာဝရ အလေ့အကျင့်ကောင်းတွေ ဖြစ်နေပေလိမ့်မယ်လို့ သုံးသပ်မိတယ်။

ကိုယ်တစ်ယောက်တည်းကိုသာ ဒီလိုဆက်ဆံတာလားဆိုတော့ မဟုတ်ပြန်ဘူး။ ဘဏ်ကိုလာတဲ့ သူတိုင်းကို ဒီလိုပဲဆက်ဆံနေတာတွေ့ရတယ်။ ချီးကျူးစရာကောင်းတာက အသက်ခြောက်ဆယ်ကျော် ပင်စင်စားတွေကို ဆက်ဆံရာမှာ အဘိုး၊ အဘွား၊ ဦးလေး၊ အဒေါ်၊ အဖေ၊ အမေ စသဖြင့် ရိုသေသမှုရှိတာက သူ့အပေါ်မှာ မေတ္တာထားချင်စရာပါပဲ။ သူဟာ စိတ်အဆင့်အတန်းမြင့်တဲ့ မိဘတွေက မွေးဖွားလာသူဖြစ်ပြီး သူ့မိဘတွေက ကောင်းကောင်း လေ့ကျင့်ပေးခဲ့ဟန်တူပါရဲ့။

**ပြည်သူကိုလေးစား**

ဆိုရရင် အခုလို ခေတ်ပြောင်းစနစ်ပြောင်းနေတဲ့ အချိန်မှာ ကျွန်မကြုံခဲ့ရတဲ့ မန်နေဂျာမလေးလို ပြည်သူတွေရဲ့ မျက်နှာကို ကြည့်တတ်တဲ့ ကိုယ်ချင်းစာနာတတ်တဲ့ ပြည်သူတွေကို လေးစားတတ်တဲ့ ဝန်းထမ်းကောင်းတွေ အများကြီး လိုအပ်နေတယ်လို့ ပြောချင်တာပါ။ ဌာနအသီးသီးမှာ အဲသလိုဝန်ထမ်းတွေ အများကြီးရှိနေရင် သိပ်ကောင်းမှာပဲလို့ တွေးမိတယ်။ သူတို့လို ဝန်ထမ်းတွေနဲ့ဆိုရင် ကျွန်မတို့ ပြည်သူတွေ မျှော်မှန်းနေတဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကိုရောက်ဖို့ ထင်သလောက် မကြာဘဲ အချိန်တိုတိုနဲ့ ရောက်နိုင်ကောင်းပါရဲ့။

ဟိုး လွန်ခဲ့တဲ့ နှစ်အစိတ်လောက်က ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်တက်စဉ် အများမြင်သာအောင် ရေးသားထားတဲ့ ဆောင်ပုဒ်စာတန်းတစ်ခုကို မြင်ယောင်နေမိသေးတယ်။ အဲဒီဆောင်ပုဒ်စာတန်းက အခုလည်းရှိနေသေးတယ်။ နောင်လည်းရှိနေဦးမှာပါ။ အဲဒီ စာတန်းက ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်တဲ့လေ။ ကျွန်မကတော့ ကိုယ်တစ်ဦးတည်းရဲ့ သဘောနဲ့ စာတန်းတစ်ခုလောက် ထပ်ဖြည့်ပြီးရေးပြရရင် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်၊ ဝန်ထမ်းကောင်းမှ ပြည်သူကောင်းစားမည်လို့ပေါ့။ ကျွန်မတို့နိုင်ငံမှာ စာနာခြင်းဝိညာဉ်တွေ ပူးကပ်နေတဲ့ ဒီမိုကရေစီပြည်သူ့ဝန်ထမ်း (သို့မဟုတ်) သူလိုလူမျိုးအများကြီးရှိဖို့ လိုအပ်နေတယ်လို့ ပြောပါရစေလားရှင်။ ။

စာမျက်နှာ ၁၅ မှ

မြန်မာနိုင်ငံမှာသာမက ကမ္ဘာနှင့်အဝှမ်း နိုင်ငံများတွင် ရေဘေးကာကွယ်ရေး ရေလှောင်တမံများကို တည်ဆောက်လျက်ရှိပါသည်။ ကမ္ဘာ့နိုင်ငံကြီးအချို့တွင် ဆည်တမံကျိုးပေါက်မှု သာဓကများကြောင့် စိုးရိမ်ပူပန်စိတ်များရှိကြပါသည်။ ကျိုးပေါက်မှုဖြစ်စဉ်ရှိခဲ့သည့် နိုင်ငံများသည် မည်သည့်စံချိန်စံညွှန်းဖြင့် တည်ဆောက်ခဲ့သည်၊ မည်သည့်စံချိန်စံညွှန်းများဖြင့် လည်ပတ်ထိန်းသိမ်းကြသည်ကို မသိရှိရသော်လည်း မြန်မာနိုင်ငံတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် ဆည်၊ ရေလှောင်တမံများ တည်ဆောက်ရာတွင် နိုင်ငံတကာကလိုက်နာကျင့်သုံးနေသည့် စံချိန်စံညွှန်းများဖြင့် တည်ဆောက်ထားပြီး လည်ပတ်ထိန်းသိမ်းရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။

**စံချိန်စံညွှန်းအတိုင်းဆောင်ရွက်**

ဥပမာအားဖြင့်ပြရလျှင် ၂၀၁၅ ခုနှစ် ရေကြီးမှုဖြစ်စဉ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မင်းမြင် ရေလှောင်တမံထိပ်ပြင်ပေါ်မှ ရေကျော်စီးဆင်းသော်လည်း တမံထိခိုက်ပျက်စီးမှု၊ ပြိုကျမှုမဖြစ်ခြင်း၊ ရာဇဂြိုဟ် ရေလှောင်တမံ၏ အထက်ဘက်တောင်ပြိုဆည်၊ မြေပြိုဆည် (Landslide – dam) ကြောင့် တမံအတွင်း နုန်းမြေများ စီးဝင်လာမှုကို ဖမ်းထားသဖြင့် တမံအောက်ပိုင်း နေရွာရာချောင်းတစ်လျှောက် လယ်မြေများ စိုက်ပျိုးမရအောင် ပျက်စီးမှုမရှိခြင်း၊ ရာဇဂြိုဟ်ရေလှောင်တမံမရှိခဲ့လျှင် နေရွာရာချောင်းတစ်လျှောက်ရှိ လယ်မြေများ စိုက်ပျိုးမရအောင် ပျက်စီးနိုင်ခြင်း၊ တမံထိခိုက်မှုမရှိခြင်း၊ ရေပိုလွှဲအပေါ်မှ ရေကျော်စီးဆင်းမှုကို အနှောင့်အယှက်ဖြစ်စေသော သစ်တုံးကြီးများ၊ သစ်ကိုင်းသစ်ခက်များ အဆမတန်များပြားသော်လည်း အချိန်မီဖယ်ထုတ်နိုင်သဖြင့် ရေပိုလွှဲနှင့် ရေပိုလဲတံတားပျက်စီးထိခိုက်မှုမရှိခြင်း၊ ထိုစဉ်က မြစ်သာရေလှောင်တမံ မပြီးစီးသေးသဖြင့် မြစ်သာမြစ်တစ်လျှောက်ရှိ လယ်မြေများပေါ်တွင် နုန်းမြေနှင့် ကျောက်တုံးကျောက်ခဲများ တင်ကျန်ရစ်ကာ လယ်ယာမြေများ စိုက်ပျိုးမရဖြစ်ခြင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝ ရေလှောင်တမံတို့၏ ရေပိုလွှဲအသီးသီးပေါ်မှ ရေကျော်စီးဆင်းမှုသည် ဒီဇိုင်းပမာဏထက်များစွာ ကျော်လွန်သော်လည်း ထိခိုက်ပျက်စီးမှုမရှိခြင်း စသည်တို့သည် နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားသည့် သက်သေသာဓကများပင်ဖြစ်ပါသည်။

အထူးသဖြင့် ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုများအရ ရေဆင်းဧရိယာအတွင်း မိုးသည်းထန်စွာရွာသွန်း၍ အများဆုံးဖြစ်ပေါ်လာနိုင်သည့် ရေကြီးချိန်ရေစီးနှုန်းများကို ခန့်မှန်းတွက်ချက်ကာ ရေလှောင်တမံ၏ အမြင့်၊ တမံထိပ်ပြင်နှင့် ရေပိုလွှဲထိပ်ပြင် အကြား ရေလွတ်အမြင့် (Free Board) နှင့် ရေပိုလွှဲအကျယ်တို့ကို လုံခြုံစိတ်ချနိုင်သည့် အခြေအနေအထိ မျှော်မှန်းတွက်ချက်တည်ဆောက်ရခြင်းဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် တမံတည်ဆောက်စဉ်က တွက်ချက်ဒီဇိုင်းပြု တည်ဆောက်ခဲ့သော ရေပိုလွှဲအချို့ကို ထပ်မံတိုးချဲ့ခြင်း၊ အကူရေပိုလွှဲနှင့် အရေးပေါ်ရေပိုလဲတို့ ထပ်မံတည်ဆောက်ရခြင်းမျိုးလည်း ရှိခဲ့ပါသည်။

**ရေပိုလွှဲမှ အကန့်အသတ်ဖြင့်စီးဆင်း**

ဒေသခံပြည်သူလူထုတို့၏ စိုးရိမ်ပူပန်စိတ်များ ဖြေလျှော့ရန်အလို့ငှာ ထပ်မံရှင်းလင်းတင်ပြလိုပါသည်။ ရေလှောင်တမံတစ်ခု၏ ရေဆင်းဧရိယာအတွင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အချိန်တိုအတွင်း အလုံးအရင်းဖြင့် တစ်ဟုန်ထိုးစီးဆင်းလာသောရေများကို ရေလှောင်တမံအတွင်းမှာ သိုလှောင်ထိန်းသိမ်းထားပြီးနောက် ကန်ရေပြည့် သိုလှောင်ထိန်းသိမ်းထားသော ပမာဏနှင့် အမြင့်ပေထက် ကျော်လွန်လာမှသာ ရေပိုလွှဲမှ အကန့်အသတ်ဖြင့် မူလမြစ်ချောင်းများအတိုင်း ဖြည်းဖြည်းချင်း စီးထွက်စေခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ရေလှောင်တမံဖြင့် တားဆီးထိန်းသိမ်းနိုင်၍သာ ရေလှောင်တမံအောက်ဘက်ရှိ ဒေသများတွင် အချိန်တိုအတွင်း ရေကြီးနစ်မြုပ်စေနိုင်မှု ဘေးအန္တရာယ်မှ လျော့ပါးသက်သာစေနိုင်ခြင်းဖြစ်ပါသည်။ ရေလှောင်တမံသာမရှိပါက တောင်ကျချောင်းရေများသည် အတားအဆီးမဲ့ အရှိန်အဟုန်ပြင်းပြင်းဖြင့် စီးဆင်းလာပြီး ရေတိုက်စားမှုဒဏ်ကို ခံရမည့်အပြင် အချိန်တိုအတွင်းရေကြီးရေလျှံ နစ်မြုပ်စေနိုင်မှာ ဖြစ်ပါသည်။

**ရေရှည်တည်တံ့ကြံ့ခိုင်**

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနသည် ရေလှောင်တမံများကို တည်ဆောက်ခဲ့ရာတွင် နောင်ရေရှည်တည်တံ့ကြံ့ခိုင်စိတ်ချလုံခြုံနိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးထိန်းချုပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ကျိုးပေါက်ပျက်စီးဆုံးရှုံးနိုင်မည့် အခြေအနေမျိုးမရှိကြောင်းနှင့် တာဝန်ယူမှုလည်းရှိသလို တာဝန်ခံမှုလည်းရှိပါသည်။ ရေလှောင်တမံများ ကျိုးပေါက်မည်ကို စိုးရိမ်သောကြောင့် ရေများဖောက်ချနေသည့် လွဲမှားသော ထင်မြင်ယူဆချက်များနှင့် ကောလာဟလများကို ဒေသခံပြည်သူများ အနေဖြင့် လည်းကောင်း၊ မီဒီယာများအနေဖြင့်လည်းကောင်း မှန်ကန်စွာဝေဖန် ပိုင်းခြားသိမြင်ကြစေလိုပါသည်။

ပုံပြင်တစ်ပုဒ်ကို ပမာပြရလျှင် ထန်းပင်ခြေရင်းရှိ ထန်းရွက်ခြောက်အောက်တွင် အိပ်ပျော်နေသော ယုန်သူငယ်နေရာပေါ်သို့ ထန်းသီးကြွေကျသည့်အခါ ယုန်သူငယ်က မိုးပြိုသည်ဟုထင်မှတ်ပြီး ကယောင်ချောက်ချား၊ သွေးရူးသွေးတမ်းဖြင့် အော်ဟစ်ပြောဆိုသွားသံကို ကြားသိရသော တောရိုင်းတိရစ္ဆာန်အပေါင်းတို့လို ဖြစ်မှာစိုးရိမ်ပါသည်။ ခြေခြေမြစ်မြစ်၊ ဂဃဏနသိရှိအောင် မစူးစမ်းမလေ့လာ မမေးမြန်းဘဲ ကောလာဟလကို ယုံကြည်မိ၍ဖြစ်ပါသည်။ သက်ဆိုင်ရာ ဒေသခံများနှင့် မီဒီယာတို့သည် နီးစပ်သည့် သက်ဆိုင်ရာတာဝန်ရှိသူများကို သင့်လျော်သည့် ဆက်သွယ်မှုနည်းလမ်းမျိုးဖြင့် စုံစမ်းမေးမြန်းရန် လိုအပ်ပါမည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန အနေဖြင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ကြိုတင်သတိပေးထုတ်ပြန်လျက်ရှိသော ရာသီဥတုအခြေအနေ နှင့် အချက်အလက်များအား ဒေသခံပြည်သူ လူထုကြိုတင်သိရှိနိုင်ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အစည်းများမှတစ်ဆင့် လိုအပ်လျှင် လိုအပ်သလို ထပ်ဆင့်ဖြန့်ဝေ အသိပေးဆောင်ရွက်လျက်ရှိပါသည်။

**ဘေးအန္တရာယ်ကင်းရှင်း**

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများသည် မိုးရာသီမတိုင်မီကတည်းက ရေဘေးကာကွယ်ရေးဆိုင်ရာ တည်ဆောက်ရေးပစ္စည်းများ ကြိုတင်စုဆောင်းထားရှိခြင်း၊ စက်ယန္တရားယာဉ်နှင့်လုပ်သားများ အဆင်သင့်ဖွဲ့စည်းထားရှိခြင်း၊ စီမံချက်ရေးဆွဲထားခြင်းနှင့် ရေကင်းဂျူတီတာဝန်ချထားခြင်းများအပြင် ပုံမှန်ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ (Rules and Regulations) အတိုင်း ဆောင်ရွက်ကြပါသည်။ အကယ်၍ ရေလှောင်တမံ၏ ရေဆင်းဧရိယာများတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် စီးဝင်ရေအလွန်များပြားပြီး ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုကို နာရီစဉ်ရေမှတ် မှတ်သားကာ ရေတိုးလာမှုသည် တမံထိပ်ပြင်သို့ ရောက်ရှိလာနိုင်မည့် အခြေအနေမျိုး ရောက်ရှိလာနိုင်လျှင် ဒေသခံပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အနိမ့်ပိုင်းဒေသတွေမှာ နေထိုင်ခြင်းမပြုဘဲ ရေလွတ်ရာ ကုန်းမြင့်ဒေသများဆီသို့ ပြောင်းရွှေ့နေထိုင်ရန် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူများအား ကြိုတင်အသိပေး အကြောင်းကြားသွားမည်ဖြစ်ပါသည်။

**အချိန်နှင့်တစ်ပြေးညီ သိရှိစေရန်**

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံ ၂၃၅ ခုအနက် အခု ၂၀ မှာ ကန်ရေပြည့်အမှတ်ကို ကျော်လွန်နေသည့်အတွက် ရေပိုလွှဲများမှ ရေကျော်စီးဆင်းလျက်ရှိသော်လည်း တမံအားလုံး၏ အခြေအနေမှာ ကောင်းမွန်လျက်ရှိသည့်အတွက် စိုးရိမ်ရန်မရှိပါ။ ထိန်းသိမ်းထားသည့် ရေလှောင်တမံများ၏ ရေပိုလွှဲများမှ ရေကျော်စီးဆင်းမှု အခြေအနေများ၊ ရေဘေးကာကွယ်ရေးတာများနှင့် ပတ်သက်သည့် ထိန်းသိမ်းပြုပြင်ဆောင်ရွက်မည့် အခြေအနေများကို ပြည်သူလူထု၊ အချိန်နှင့်တစ်ပြေးညီ သိရှိစေနိုင်ရန် မြန်မာ့ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများမှ နေ့စဉ်ဖော်ပြပေးလျက်ရှိပါသည်။ ထို့အပြင် သတင်းဂျာနယ်များက မေးမြန်းလာမှုများကိုလည်း ဖြေကြားပေးလျက်ရှိပါသည်။ ထူးခြားဖြစ်စဉ်များ ရှိခဲ့လျှင်လည်း နိုင်ငံပိုင်သတင်းစာ၊ ပုဂ္ဂလိကဂျာနယ်များနှင့် လူမှုကွန်ရက်စာမျက်နှာများမှလည်း ပြည်သူလူထုအား အခြေအနေမှန်များ သိရှိနိုင်ရန် အချိန်နှင့်တစ်ပြေးညီအသိပေးတင်ပြလျက်ရှိပါသည်။

**လုံခြုံစိတ်ချရ**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တည်ဆောက်ပြီး ဆည်၊ တမံများနှင့် ရေဘေးအန္တရာယ် ကာကွယ်ထားသော တာပေါင်များကို လုံခြုံစိတ်ချရအောင် ဆောင်ရွက်ထားသည့်အပြင် ကောင်းမွန်စွာ လည်ပတ်ထိန်းသိမ်းထားသဖြင့် ဒေသခံပြည်သူလူထုအပေါင်း ရေဘေးအန္တရာယ်ဆိုးမကြုံစေရပါကြောင်း စေတနာထားတင်ပြလိုက်ရပါသည်။ ။




# မြန်မာ၊ မြန်မာလို့အော်ဟစ်အားပေးတဲ့အခါ အဲဒီခံစားချက်ကို ဘာနဲ့မှမလဲနိုင်ဘူး

## အလှမယ် မြတ်နိုးချစ် နှင့် တွေ့ဆုံခြင်း

**မေး။ ။Miss Cosmopolitan World 2017 ပြိုင်ပွဲမှာ ညီမလေးက ဘယ်လိုဆုတွေ ရရှိခဲ့တယ်ဆိုတာ ပရိသတ်ကြီးသိအောင် ပြောပြပေးပါလား။**

ဖြေ။ ။ အဲဒီပြိုင်ပွဲမှာ winner ဆုကိုတော့ အင်ဒိုနီးရှားအလှမယ်က ရရှိခဲ့ပါတယ်။ မြတ်နိုးကတော့ 1st Runner Up၊ ဒုတိယပါ။ နောက် အကောင်းဆုံးညနေခင်းဝတ်စုံဆုနဲ့ Diamond Sponsor အဖြစ် Pearl International Hotel မှပေးအပ်တဲ့ Miss Pearl Award ဆု စတဲ့ ဆုသုံးဆုကိုရရှိခဲ့တာပါ။

**မေး။ ။မလေးရှားနိုင်ငံမှာပြုလုပ်တဲ့ Miss Cosmopolitan World 2017 ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့ပုံလေး အရင်ပြောပြပေးပါဦး။**

ဖြေ။ ။ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့တာက တီချယ် လှနုက Miss Cosmopolitan World 2017 ပွဲအတွက် လျှောက်လွှာခေါ်တယ်။ သမီးက လျှောက်လွှာသွားတင်ဖြစ်တာပါ။ တီချယ်က သဘောကျပြီး ရွေးခဲ့တာပါ။ အဲဒီကစပြီး တီချယ်နဲ့က သင်တန်းတွေပေးခဲ့တယ်။ သမီးလည်း တီချယ်စကားနားထောင်တယ်။ ပြိုင်ပွဲမှာ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။

**မေး။ ။ပြိုင်ပွဲကရခဲ့တဲ့အတွေ့အကြုံလေးတွေ၊ အမှတ်တရလေးတွေရှိရင် ပြန်ပြောပြပေးပါလား။**

ဖြေ။ ။ပြိုင်ပွဲက နိုင်ငံပေါင်း ၃၀ က ပြိုင်တာဖြစ်တဲ့အတွက် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ယှဉ်ကျေးမှုနဲ့ Cat Walk လျှောက်ပုံကအစ မတူတဲ့အတွက် လေ့လာခွင့်ရခဲ့တယ်။

အမှတ်တရအနေနဲ့က မြန်မာနိုင်ငံမှာ သတင်းစာရှင်းလင်းပွဲလုပ်ခဲ့ကတည်းက ရခဲ့တဲ့ ဒဏ်ရာကြောင့် ပြိုင်ပွဲမှာ တောက်လျှောက်အတိုမဝတ်ခဲ့ရဘူး။ အရှည်ပဲ ဝတ်ခဲ့ရတယ်။ ဘယ်သူမှမသိခဲ့ဘူး။ ဒါပေမယ့် ကိုယ်ပိုင်အရည်အချင်းပိုင်းလုပ်မယ့်အခြေအနေမှာ ဒါက အသိမခံလို့မရတော့ဘူး။ မြတ်နိုးပြမယ့် ကိုယ်ပိုင်အရည်အချင်းမှာ ဒီဒဏ်ရာကပေါ်နေပြီဖြစ်တဲ့အတွက် သူတို့ကိုအသိပေးခဲ့တယ်။ အဲဒီနေ့က မျက်ရည်ပေါက်ပေါက်ကျတဲ့အထိ ကြိုးစားခဲ့တယ်။ အနာခံပြီး အကြောလျှော့ပြခဲ့တယ်။ စင်ပေါ်မှာ အပြုံးမပျက်နေခဲ့ပေမယ့် စင်အောက်ဆင်းတော့ မြတ်နိုး နာလွန်းလို့ ပစ်တောင်လဲတယ်။ အစကတော့ ဆုကိုမှန်းတယ်။ ဒီဒဏ်ရာကြောင့် မမှန်းတော့ဘူး။ အဲဒီနေ့က အစစအရာရာ အဆင်ပြေအောင် နိုင်ငံတော်အလံကို ကန်တော့ခဲ့တယ်။ အကောင်းဆုံးကြိုးစားလုပ်ဆောင်ခဲ့တဲ့အတွက် ဒိုင်တွေရဲ့ ချီးကျူး စကားသံတွေကို ရရှိခဲ့ပါတယ်။ အဲဒီအတွက် အလွန်ပျော်ခဲ့ရပါတယ်။

**မေး။ ။ ဆုရရှိခဲ့တဲ့အပေါ်မှာ ဖြစ်ပေါ်လာတဲ့ ခံစားချက်ကိုလည်းပြောပြပေးပါဦး။**

ဖြေ။ ။ မလေးရှားနိုင်ငံမှာ ဒီလိုမျိုး ကိုယ့်နိုင်ငံအတွက် ဆုတွေ ယူလာပေးနိုင်တဲ့အတွက် အများကြီးဝမ်းသာမိပါတယ်။ နောက်ပြီး မြန်မာ၊ မြန်မာလို့ အော်ဟစ်အားပေးတဲ့အခါကျတော့ အဲဒီခံစားချက်က ဘာနဲ့မှမလဲနိုင်ဘူး။ အားပေးတဲ့ပရိသတ်က မြန်မာတွေမဟုတ်တဲ့အခါကျတော့ ကိုယ့်နိုင်ငံအတွက် ပိုပြီး ဂုဏ်ယူတယ်။ စင်ပေါ်မှာ ပြိုင်ပွဲဝင်နေတယ်လို့တောင်မထင်မိဘူး။ စိတ်ကပေ့ါပါးပြီး ကိုယ့်ကိုယ်ကိုယ် ရှိုးလျှောက်နေတယ်လို့တောင်ထင်နေခဲ့တာ။

**မေး။ ။ လတ်တလော အနုပညာလှုပ်ရှားမှုအနေနဲ့ ဘာတွေလုပ်သွားဖို့ရှိပါသလဲ။**

ဖြေ။ ။ လောလောဆယ် အခုလုပ်တဲ့ပွဲအတွက် ပြင်ဆင်နေခဲ့တယ်။ အောက်တိုဘာ ၁၀ ရက်မှာတော့ မလေးရှားကို ပြန်သွားပြီး Diamond ဆု ရထားတဲ့အတွက် Pearl ဟိုတယ်ရဲ့ အကြိမ် (၂၀)မြောက် နှစ်ပတ်လည်တက်ဖို့ရှိတယ်။ ဒါပေမယ့် ဗီဇာကြောင့် သိပ်တော့မသေချာသေးပါဘူး။ MINISO Myanmar နဲ့လည်း လုပ်ငန်းတွေဆက်လုပ်ဖို့ရှိပါတယ်။ မဂ္ဂဇင်းဓာတ်ပုံရိုက်ဖို့ ကမ်းလှမ်းတာတွေရှိတယ်။ ဒါကိုလည်း MINISO ရဲ့ခွင့်ပြုချက်တောင်းပြီး လက်ခံမှာပါ။ အခု အသက်က မပြည့်သေးတဲ့အတွက် ပွဲကြီးတွေ ဝင်လို့မရသေးတဲ့အချိန်မှာ အင်္ဂလိပ်၊ တရုတ်၊ ဂျပန် စတဲ့ စကားပြောကအစ သင်မယ်။ ပြီးရင် ပွဲကြီးတွေမှာ ဝင်ရောက်ယှဉ်ပြိုင်သွားဖို့အစီအစဉ်တွေရှိပါတယ်။

**မေး။ ။ ကြေးမုံကနေတစ်ဆင့် ပရိသတ်ကြီးအတွက် အမှတ်တရစကားလက်ဆောင်ပြောပေးပါဦး။**

ဖြေ။ ။ ကြေးမုံကနေပြောချင်တာက ပရိသတ်ကြီးအားလုံး မင်္ဂလာပါလို့။ မြတ်နိုးက မြန်မာနိုင်ငံအတွက် နောက်တစ်ခါ ဂုဏ်ဆောင်နိုင်တဲ့သူဖြစ်အောင် ကြိုးစားနေပါတယ်။ မြတ်နိုးကိုချစ်တဲ့ ပရိသတ်ကြီးရဲ့အားပေးမှုကြောင့် မြတ်နိုးအခုလို အောင်မြင်မှုတွေရတာပါ။ ဆက်လက်ပြီး အားပေးကြပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်လို့ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း-သီသီမင်း၊ ဓာတ်ပုံ- ဇာနည်မောင်**



# Star Wars စက်ရုပ်အသွင်နဲ့ ဖျော်ဖြေခဲ့တဲ့ ကတ်တီပါရီ

အမေရိကန်ပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ကတ်တီပါရီဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာတော့ ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့ စိတ်ကူးယဉ်သိပ္ပံရုပ်ရှင်တစ်ကားဖြစ်တဲ့ "Star Wars"ဇာတ်လမ်းတွဲရုပ်ရှင်တွေထဲက ဇာတ်ကောင်တစ်ဦးဖြစ်တဲ့ C-3PO စက်ရုပ်နဲ့ဆင်တူတဲ့ ဝတ်စုံကိုဖန်တီးဝတ်ဆင်ပြီး ဖျော်ဖြေခဲ့တာကို တွေ့ရကြောင်း မစ်ရာဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက်(၃၂)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကတ်တီပါရီဟာ ပြီးခဲ့တဲ့ အောက်တိုဘာ ၆ ရက် ညပိုင်းက နယူးယော့ခ်မှာ ပြုလုပ်ခဲ့တဲ့ တေးဂီတဖျော်ဖြေပွဲတစ်ခုမှာ ယခုလိုဝတ်ဆင်ဖျော်ဖြေခဲ့တာဖြစ်ပါတယ်။ ယင်းဖျော်ဖြေပွဲရဲ့ စင်မြင့်ထက်မှာ ရွှေရောင်စက်ရုပ်ဝတ်စုံကို ဝတ်ဆင်ဖျော်ဖြေခဲ့တဲ့ ကတ်တီပါရီဟာ "Star Wars"ရုပ်ရှင်ထဲက ဇာတ်ဆောင် C-3PO နဲ့ အတော်လေးဆင်တူနေတာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်အတွင်း လတ်စ်ဗီးဂတ်စ်က ကန်းထရီးတေးဂီတဖျော်ဖြေပွဲတစ်ခုမှာ သေနတ်နဲ့ပစ်ခတ်ခဲ့တာကြောင့် လူပေါင်း ၆၀ နီးပါး သေဆုံးခဲ့ရကာ ၅၀၀ ကျော်ဒဏ်ရာရခဲ့ပါတယ်။ ဒီလိုတိုက်ခိုက်ခံခဲ့ရတဲ့အတွက် တေးသံရှင်တော်တော်များများက သူတို့ရဲ့တေးဂီတဖျော်ဖြေပွဲတွေကို ရွှေ့ဆိုင်းခဲ့ကြပေမယ့် ကတ်တီပါရီကတော့ သူ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲကို ရွှေ့ဆိုင်းခြင်းမရှိဘဲ ကျင်းပခဲ့တာဖြစ်ပါတယ်။ ကတ်တီပါရီက သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Witness"အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကို ပြုလုပ်နေတာဖြစ်ပြီး ပြီးခဲ့တဲ့သောကြာနေ့က နယူးယော့ခ်မှာ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ယင်းဖျော်ဖြေပွဲအတွင်း ကတ်တီပါရီက "ပျော်ရွှင်မှုဆိုတာကို ဘယ်သူကမှ ခိုးယူလို့မရဘူး"လို့ စင်မြင့်ထက်ကနေပြောကြားခဲ့ပြီး သူ့အနေနဲ့ ဒီလိုအချိန်မှာ ဖျော်ဖြေပွဲပြုလုပ်ရတဲ့အကြောင်းကို လှစ်ဟခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

"Witness: The Tour"လို့အမည်ပေးထားတဲ့ ကတ်တီပါရီရဲ့ နယ်လှည့်ဖျော်ဖြေရေးအစီအစဉ်တွေအနက် နယူးယော့ခ်မှာ ကျင်းပခဲ့တဲ့ပွဲမှာတော့ ပေ့ါပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ မိုင်လီဆိုင်းရပ်စ်ရဲ့ ညီမဖြစ်သူ နော့ဗ်ဆိုင်းရပ်စ်က ဖခင်ဖြစ်တဲ့ ဘီလီရေးဆိုင်းရပ်စ်နဲ့အတူ ဖျော်ဖြေကာ ပွဲကိုစတင်ဖွင့်လှစ်ပေးခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် မိုင်လီဆိုင်းရပ်စ်ကလည်း ညီမဖြစ်သူနဲ့တွဲဖက်ဖျော်ဖြေခဲ့ကြောင်းလည်း သိရပါတယ်။

**အေးပြည့် စုစည်းသည်**

# ဆောင်းဆန်ဟွန်းနဲ့ ဂိုအာရာတို့ရဲ့ရုပ်ရှင်သစ် Black

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဆောင်းဆန်ဟွန်းနဲ့ တက်သစ်စမင်းသမီးတစ်ဦးဖြစ်တဲ့ ဂိုအာရာတို့ရဲ့ရုပ်ရှင်သစ် "Black" အတွက် အစမ်းရုပ်ရှင်ကို လတ်တလောမှာ ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာ ဆောင်းဆန်ဟွန်းဟာ ယခင်ပါဝင်သရုပ်ဆောင်နေကျ ဇာတ်ကောင်တွေနဲ့မတူ ထူးခြားစွာ သေမင်းအဖြစ် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်တာကြောင့် ဒီရုပ်ရှင်မှာတော့ ဆောင်းဆန်ဟွန်းကို အေးစက်တဲ့ နှလုံးသားပိုင်ရှင်တစ်ဦးအဖြစ် တွေ့မြင်ရမှာဖြစ်ပါတယ်။ ဂိုအာရာကတော့ သေခြင်းတရားတွေကို ကြိုတင်သိမြင်နေတဲ့သူတစ်ဦးနေရာက ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါရုပ်ရှင်ဟာ သဘာဝလွန်ဖြစ်ရပ်တွေ လွှမ်းခြုံနေမယ့် ရုပ်ရှင်တစ်ကားလို့ ဆိုရမှာပဲဖြစ်ပါတယ်။

"Black"ဟာ ဇာတ်လမ်းတွဲရုပ်ရှင်အမျိုးအစားဖြစ်ပြီး လာမယ့် အောက်တိုဘာ ၁၄ ရက်မှစတင်ကာ အပတ်စဉ် စနေနေ့၊ တနင်္ဂနွေနေ့တွေမှာ ထုတ်လွှင့်သွားဖို့အတွက် ရည်ရွယ်ထားတာဖြစ်ပါတယ်။ ယင်းဇာတ်လမ်းတွဲရုပ်ရှင်မှာတော့ ဆောင်းဆန်ဟွန်းနဲ့ ဂိုအာရာတို့ရဲ့ဇာတ်ကောင်တွေဟာ သေခြင်းတရားနဲ့ ရှင်သန်ခြင်းအတွက် အားပြိုင်ကြိုးပမ်းကြပုံတွေကိုလည်း ရှုမြင်ကြရမှာဖြစ်ပါတယ်။

လတ်တလောအချိန်အထိ ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ အစမ်းရုပ်ရှင်တွေမှာတော့ ဇာတ်ဆောင်တွေရဲ့အချစ်ဇာတ်လမ်းကို တွေ့မြင်ခဲ့ရခြင်းမရှိပါဘူး။ အစမ်းရုပ်ရှင်တွေမှာ ထုတ်ဖော်ပြသခဲ့တဲ့ဇာတ်ဝင်ခန်းတွေဟာ လျှို့ဝှက်ဆန်းကြယ်မှုတွေနဲ့ ရာဇဝတ်မှုတွေပေါ်မှာသာ အလေးထားဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဇာတ်ကောင်တွေအကြားက အချစ်ဇာတ်လမ်းဟာ ဇာတ်လမ်းဖန်တီးသူတွေ ဦးစားပေးထည့်သွင်းလေ့ရှိတဲ့အရာတစ်ခုဖြစ်တာကြောင့် ဒီရုပ်ရှင်မှာလည်း ပါဝင်နိုင်တယ်လို့ မျှော်လင့်ရပါတယ်။

ယင်းရုပ်သံဇာတ်လမ်းတွဲကို တောင်ကိုရီးယားရုပ်သံလိုင်းတစ်ခုဖြစ်တဲ့ အိုစီအန်ကနေတစ်ဆင့် သတ်မှတ်ရက်တွေမှာ ထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး နောက်ပိုင်းမှာတော့ နိုင်ငံတကာမှာပါ ပြသနိုင်ဖို့ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။ "Black"ကို ကမ်ဟွန်ဆွန်းက ဒါရိုက်တာအဖြစ်တာဝန်ယူရိုက်ကူးပေးထားကာ ချိုင်ရမ်က ဇာတ်ညွှန်းရေးသားပေးထားတာဖြစ်ပါတယ်။ ပါဝင်သရုပ်ဆောင်ကြမယ့် ဇာတ်ဆောင်တွေကတော့ ဆောင်းဆန်ဟွန်း၊ ဂိုအာရာတို့နဲ့အတူ လီအယ်လ်နဲ့ ကမ်ဒေါက်ဂျန်တို့ အဓိကပါဝင်ထားတာဖြစ်ကြောင်း သိရပါတယ်။



# မြိတ်တက္ကသိုလ်၌ ဓမ္မာရုံ ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပ

**မြိတ် အောက်တိုဘာ ၈**
ပညာပြည့်ဝနှလုံးလှသည့် သားကောင်း၊ သမီးမွန်များပြုစုပျိုးထောင်နိုင်ရေးအတွက် လောကနီတိနှင့် စာရိတ္တမြင့်မားရေး၊ ယဉ်ကျေးလိမ္မာသင်တန်းများ၊ ဘာသာရေးဆိုင်ရာ အခမ်းအနားများကို ကျောင်းသား ကျောင်းသူ အမြောက်အမြားပါဝင်တက်ရောက်နိုင်စေရန်ရည်ရွယ်၍ အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အထက် ရေပုန်းရပ်ရှိ မြိတ်တက္ကသိုလ်၌ ဓမ္မာရုံ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပခဲ့သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း/ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူးနှင့် တာဝန်ရှိသူများက အသစ်တည်ဆောက်မည့် မြိတ်တက္ကသိုလ်ဓမ္မာရုံနေရာ၌ ပန္နက်ရိုက်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်းသိရသည်။

မြိတ်တက္ကသိုလ်ကြီးသည် ပညာအရာတွင် ထူးချွန်ရုံမက ဘာသာတရားကိုင်းရှိုင်းသော လူတော်လူကောင်းများ မွေးထုတ်ပေးနိုင်ရန် အစဉ်ကြိုးပမ်းအားထုတ်လျက်ရှိသည့်အားလျော်စွာ ဝါတွင်းဥပုသ်ကာလများ၌ ပရိတ်၊ ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်းများ၊ ဥပုသ်သီလဆောက်တည်ခြင်းများ၊ ယဉ်ကျေးလိမ္မာသင်တန်းပို့ချခြင်း၊ ကထိန်တရားတော်နာကြားခြင်းများစသည့် ဘာသာရေးလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် မြိတ်တက္ကသိုလ်၌ ဓမ္မာရုံလိုအပ်လျက်ရှိကြောင်း သိရသည်။

သို့ပါ၍ မြိတ်တက္ကသိုလ်၌ အလျား ၁၃၈ ပေ × အနံ ၄၆ ပေရှိ ဓမ္မာရုံအသစ်တည်ဆောက်နိုင်ရေးအတွက် စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းငွေများဖြင့်တည်ဆောက်သွားမည်ဖြစ်ပြီး လက်ရှိတွင် စေတနာရှင်၊ အလှူရှင်များ၏ ထည့်ဝင်ငွေကျပ် သိန်း ၃၀၀ လက်ခံရရှိပြီး ဓမ္မာရုံတည်ဆောက်ရေးအတွက် ခန့်မှန်းကုန်ကျငွေ စုစုပေါင်း ငွေကျပ်သိန်း ၁၈၀၀ ကုန်ကျမည်ဖြစ်ကြောင်း မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူး၏ ပြောကြားချက်အရ သိရသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကို၊ တိုင်း/ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာသဇင်၊ ပါမောက္ခဌာနမှူးများ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



## မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး နှင့် သံရုံးမိသားစုဝင်များ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ အလှူငွေများပေးအပ်လှူဒါန်း

**ကျိုက်ထို အောက်တိုဘာ ၈**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား အောက်တိုဘာ ၇ ရက် ညနေ ၅ မိနစ် ၂၀ ခန့်က မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်မိသားစုဝင်များ၊ သံရုံးမိသားစုဝင်များ စုစုပေါင်း ၁၅ ဦးသည် စေတီတော်ရင်ပြင်တော်သို့ရောက်ရှိပြီး ရင်ပြင်တော်မှန်လုံဆောင်မှ ဆံတော်ရှင်စေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် ဆီမီး၊ ရေချမ်း၊ ပန်းများ ကပ်လှူပူဇော်၍ စေတီတော်ဘက်စုံမွမ်းမံပြင်ဆင်ရန်အတွက် အလှူငွေကျပ်ငါးသိန်းကို သံအမတ်ကြီးကပေးအပ်လှူဒါန်းခဲ့ရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး သံအမတ်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်အတွင်း ရှေးဟောင်းကျွန်းတိုင်များပြသထား

**ပဲခူး အောက်တိုဘာ ၈**
ဘုရင့်နောင်မင်းတရားကြီး တည်ဆောက်ခဲ့သော ကမ္ဘောဇသာဒီနန်းတော် မြေနန်းပြာသာဒ်ဆောင် ပြန်လည်တူးဖော်စဉ်တွေ့ရှိခဲ့သော ရှေးဟောင်းကျွန်းတိုင်လုံးများအား အများပြည်သူလေ့လာသိရှိနိုင်ရန် ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော် မြေနန်းပြာသာဒ်ဆောင်၌ ပြသထားရှိသည်။



အဆိုပါ ကျွန်းတိုင်များသည် သက္ကရာဇ် ၁၅၅၃ ခုနှစ် ဘုရင့်နောင်မင်းတရားကြီးလက်ထက် ကမ္ဘောဇသာဒီနန်းတော် တည်ဆောက်စဉ်က အသုံးပြုခဲ့သော ကျွန်းတိုင်ကြီးများဖြစ်သည်။ သက္ကရာဇ် ၁၅၉၉ ခုနှစ်တွင် ဤနန်းတော်ကြီး မီးလောင်ဖျက်ဆီးခံခဲ့ရပြီးနောက် နှစ်ပေါင်းလေးရာကျော် မြေအောက်၌ ကြွင်းကျန်နေခဲ့သည်။

၁၉၉၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ကမ္ဘောဇသာဒီနန်းတော် မြေနန်းပြာသာဒ်တော်ဆောင် ပြန်လည်တူးဖော်ရာမှတွေ့ရှိခဲ့သော ကျွန်းတိုင် ၁၇၆ တိုင်နှင့် ကျွန်းတိုင်ရာများအပါအဝင် စုစုပေါင်း ကျွန်းတိုင် ၂၂၂ တိုင်ဖြစ်သည်။ ဘုရင့်နောင်မင်းတရားကြီး၏ စည်းရုံးမှုကြောင့် ကြီးမားကျယ်ဝန်း သည့်နိုင်ငံတော်၏ နယ်ပယ်ဒေသအသီးသီးမှ ပေးပို့ဆက်သခဲ့သောကျွန်းတိုင်များဖြစ်ကြောင်းကျွန်းတိုင်အောက်ခြေရှိ စာများအရသိရသည်။

အဆိုပါကျွန်းတိုင် ၁၇၆ တိုင်အနက် ၁၃၆ တိုင်တွင် မွန်၊မြန်မာ နှစ်ဘာသာဖြင့် ရေးထိုးထားသော စာများပါရှိပြီး မော်လမြိုင်သစ်၊ မိုးကောင်းသစ်၊ ပြည်သစ်၊ သာယာဝတီသစ်စသည့်မြို့အမည်များနှင့် နေမျိုးကျော်ထင်၊ လက်ယာရန္တသူစသော မှူးမတ်များ၏ အမည်များကိုလည်းရေးသားထားသည်ကို တွေ့ရှိရသည့်အပြင် ထိုကျွန်းတိုင်နှင့် ကျွန်းပြားကြီးများကိုမူလတူးဖော်တွေ့ရှိစဉ်ကအနေအထားအတိုင်း အများပြည်သူ လေ့လာနိုင်ရန် ခင်းကျင်းပြသထားရှိသည်။

ကမ္ဘောဇသာဒီနန်းတော် တည်ဆောက်စဉ်က လက်အောက်ခံမြို့များမှ နယ်စားစော်ဘွားများသည် နန်းတော်ဆောက်ရန် ကျွန်းလုံးများကိုဆက်သကြရာ ပေးပို့သောမြို့အမည်နှင့် ပေးပို့သူနယ်စား၊ စော်ဘွားတို့၏အမည်များကို ကျွန်းတိုင်များ၌ အမှတ်အသားပြုထားကြကြောင်း သမိုင်းအထောက်အထားများနှင့် တူးဖော်ရရှိသောကျွန်းတိုင်များအားလေ့လာချက်အရ သိရသည်။

အဆိုပါ ကျွန်းတိုင်များအားပညာရှင်များက သစ်ရစ်များရေတွက်၍သစ်ပင်၏သက်တမ်းကိုတွက်ချက်ခြင်း၊ သစ်ပင်ပင်စည်၏ သစ်ရစ်များကိုရေတွက်၍ သက်တမ်းပိုင်းခြားနည်းဖြင့် စိစစ်ကြည့်ကြရာတွင် အလယ်ခေါင်အူတိုင်ဖြစ်ပေါ်ရန်ကာလ ခုနစ်နှစ်၊ သစ်ရစ်များ၏သက်တမ်းနှစ် ၁၇၀၊ အကာ၏သက်တမ်း သုံးနှစ်၊ မခုတ်လှဲမီကျွန်းတိုင်၏သက်တမ်း စုစုပေါင်း နှစ် ၁၈၀ ဖြစ်ကြောင်းသိရသည်။

အနယ်နယ်အရပ်ရပ်မှရဟန်း၊ ရှင်လူပြည်သူများ ပဲခူးမြို့သို့ လေ့လာရေးလာရောက်မည်ဆိုပါက ရွှေမော်ဓောဘုရားကြီး၏တောင်ဘက် နန်းတော်ရာ ရပ်ကွက်အတွင်းရှိ ဘုရင့်နောင်မင်းတရားကြီး ထီးနန်းစိုးစံခဲ့သော ကမ္ဘောဇသာဒီနန်းတော်ကြီးသို့ လာရောက်လေ့လာရန် အထူးသင့်တော်သောနေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# နယ်မြေဒေသလုံခြုံရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေး ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေး

**မြိတ် အောက်တိုဘာ ၈**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ပသောင်းကျေးရွာတွင် ဒေသအတွင်း တည်ငြိမ်အေးချမ်းလျက်ရှိပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်စွာဖြင့် လူမျိုးဘာသာခွဲခြားခြင်းမရှိဘဲ ရင်းနှီးချစ်ခင်စွာဖြင့် အတူယှဉ်တွဲ နေထိုင်နိုင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများအား အောက်တိုဘာ ၆ ရက် ညနေ ၃ နာရီက ပသောင်းကျေးရွာ မီးသတ်အဆောက်အအုံ၌ တွေ့ဆုံ၍ နယ်မြေဒေသလုံခြုံရေးနှင့် လူမျိုးဘာသာခွဲခြားခြင်းမရှိဘဲ ရင်းနှီးချစ်ခင်စွာဖြင့်အတူယှဉ်တွဲနေထိုင်ရေး ဆွေးနွေးတိုက်တွန်းခဲ့ကြောင်း သိရသည်။

မြိတ်ခရိုင်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့နာယက ဦးသင်းမောင်က လူမျိုးရေး/ဘာသာရေး ပဋိပက္ခမဖြစ်စေရေးနှင့် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်စွာ အေးအေးချမ်းချမ်းချစ်ချစ်ခင်ခင် နေထိုင်နိုင်ရေးနှင့် ဘာသာရေး အဆုံးအမတရားနှင့်အညီ နေထိုင်ရန် ဆုံးမဩဝါဒစကားများပြောကြားခဲ့သည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးက တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် တည်ငြိမ်အေးချမ်းမှုရှိကြောင်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်စွာဖြင့် လူမျိုးဘာသာခွဲခြားခြင်းမရှိဘဲ ရင်းနှီးချစ်ခင်စွာဖြင့် အတူယှဉ်တွဲနေထိုင်နိုင်ရေးနှင့် ရခိုင်ဒေသအတွင်းဖြစ်ပွားခဲ့သည့် ပဋိပက္ခဖြစ်စဉ်များနှင့် ပတ်သက်၍ မိမိတို့ဒေသအတွင်း ကူးစက်ပျံ့နှံ့ခြင်းမရှိစေဘဲ တည်ငြိမ်အေးချမ်းစေရေးအတွက် ဘာသာတစ်ခုနှင့်တစ်ခု ယုံကြည်မှုရှိရန် အထူးလိုအပ်သဖြင့် အခုလိုလာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုရှိပါက ဘယ်လိုအဖျက်အမှောင့်မျိုးကိုမဆို ကာကွယ်နိုင်မည်ဖြစ်ကြောင်း အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက ဒေသတွင်းတည်ငြိမ်အေးချမ်းမှု အခြေအနေများအား ဆွေးနွေးတင်ပြခဲ့ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ဒေသခံများအနေဖြင့် မိမိတို့ဒေသတည်ငြိမ်အေးချမ်းစေရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်း၍ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို စည်းစည်းလုံးလုံး ယုံကြည်မှုရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းဖြည့်စွက် ပြောကြားခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီး တင်ထွန်း၊ မြိတ်ခရိုင်/မြို့နယ်အတွင်းရှိ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ၊ အစ္စလာမ်ဘာသာရေးခေါင်းဆောင်များ၊ ပသောင်း/မဇော/တုံးဗျော ကျေးရွာအုပ်စုအတွင်းရှိ ဗလီဆရာများ၊ ဂေါပကအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများ၊ ရပ်မိ ရပ်ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြိတ်(ပြန်/ဆက်)**



# အရန်မီးသတ်လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဆင်းပွဲ ကျင်းပ

**ခရမ်း အောက်တိုဘာ ၈**
ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် မီးသတ်ဦးစီးဌာနမှ အရန်မီးသတ် လေ့ကျင့်ရေးမွမ်းမံ သင်တန်းဆင်းပွဲကို အောက်တိုဘာ ၆ ရက် နံနက် ၁၁ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်မီးသတ်တပ်ရင်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်မီးဘေးတားဆီးရေးကော်မတီဝင်များက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းသားများက မီးလောင်ပြင် လူနာကယ်ဆယ်နည်းပြုစုနည်းများ လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ခရမ်းမြို့နယ် အရန်မီးသတ်တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့ရဲမှူး စိုးအောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မီးဘေးတားဆီးရေးကော်မတီဝင်များ၊ မီးသတ်စခန်းမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**ကိုမင်း(ခရမ်း)**

# 5BB BROADBAND
Global Technology Company

## သိတင်းကျွတ် in yangon အထူးအစီအစဉ်

**Zero Initial ~~(300,000)~~ ks**

| 5 Mbps ~ 7.5 Mbps | 10 Mbps ~ 15 Mbps | 20 Mbps ~ 30 Mbps |
|---|---|---|
| **M** | **L** | **XL** |
| 149,500 ks | 249,500 ks | 449,500 ks |

- ဈေးအတန်ဆုံးအင်တာနက်
- လိုင်းအကောင်းဆုံးအငြိမ်ဆုံး
- အကန့်အသတ်မရှိ (Unlimited Data Download)
- 24x7 Call Center
- Lifetime warranty for Equipments

**Promotion Period 9th - 20th October 2017**

### Available Areas




1- Ahlon
2- Bahan
3- Botataung
4- Dagon
5- Dawbon
6- Hlaing
7- Insein
8- Kamayut
9- Kyauktada
10- Kyimyindaing
11- Lanmadaw
12- Latha
13- Mayangon
14- Mingalar Taung Nyunt
15- Mingalardon
16- North Dagon
17- North Okklapa
18- Pabedan
19- Pazundaung
20- Sanchaung
21- Shwe Pyi Thar
22- South Okkalapa
23- Tamwe
24- Thaketa
25- Thingangyun
26- Yankin

5BB FTTH သည် Global Technology Company ၏ဝန်ဆောင်မှုဖြစ်ပါသည်။
Global Technology Company ကို ၂၀၀၂ ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပြီး ပုဂ္ဂလိက အင်တာနက်ဝန်ဆောင်မှု လုပ်ငန်းများအကြား သက်တမ်းအကြာဆုံးနှင့် အယုံကြည်ရဆုံးဖြစ်ပါသည်။

**The Biggest Fiber Network Operator in Yangon**

471, Pyay Road, Kamayut Township, Yangon
Phone : 01524978, 0949208223, 0949208224 Call Center : 012305425
5BBbroadband www.5BB.com.mm






## ဗီအားရ အိမ်၊ခြံ၊မြေ
ကုမ္ပဏီလီမိတက်

## လုံးချင်း/မြေ အမြန်ငှားမည်။

| | | | |
|---|---|---|---|
| 1.တက္ကသိုလ်ရိပ်သာလမ်း၊ဗဟ | (85×120)M3,S2,RC1 | | $-3000 |
| 2.လောကနတ်အိမ်ရာ၊လှိုင် | (75×75)M1,S2,RC1 | | $-2200 |
| 3.ဝေဇယန္တာလမ်းမ၊တ/ဥ | (30×80)M1,S1,AC,RC2 | | 38L |
| 4.မာလာမြိုင်ရိပ်သာ၊ကမရ | (100×70)M2,S2,AC3,RC2 | | 35L |
| 5.သစ္စာလမ်းမ၊တ/ဥ | (50×60)M3,S1,AC3,RC2 | | 30L |
| 6.သံသုမာလမ်းမ၊သဃက | (50×120)သုဝ်ဝန်းကောင်း,RC2 | | 30L |
| 7.သုဝဏ္ဏ VIP-I ၊သဃက | (70×90)M2,S2,AC7,RC2 | | 25L |
| 8.ပါရမီရိပ်သာ၊ရကဗ | (40×60)M4,AC4,RC2 | | 25L |
| 9.ပါရမီရိပ်သာ၊ရက | (70×40)M2,S2,AC5,RC2 | | 22L |
| 10.သီရိရတနာရိပ်သာ၊သဃက | (60×90)M3,S1,AC6,RC2 | | 21L |
| 11.8မိုင်(Junction-8အနီး)၊မရက | (45×70)M3,S1,AC4,RC2 | | 20L |
| 12.9မိုင်(မစိုးရိမ်လမ်း)၊မရက | (60×60)M4,S1,AC6,RC2 | | 20L |
| 13.ငွေကြာရံ၊တ/ဥ | (40×60)M2,S1,AC4,RC2 | | 19L |
| 14.ကျိုက်ဝိုင်းဘုရားလမ်း၊မရက | (60×140)M1,S3,AC5,RC2 | | 18L |
| 15.ရွှေပင်လုံအိမ်ရာ၊မ/ဒဂုံ | (80×60)M3,S1,AC3,RC2 | | 15L |
| 16.ခရေပင်ရိပ်မွန်၊မင်္ဂလာဒုံ | (40×60)M2,S1,AC2,RC2 | | 10.5L |

☎ - 09799991090, 09799991092, 09799991095

လုံးချင်း/မြေကွက်များအပ်နှံပေးပါရန်ဖိတ်ခေါ်အပ်ပါသည်။



ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်၊
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ၊
09-43117680, 09-5059821



**ရွှေနှင်းဆီ**
အိမ်ပြောင်း/
ရုံးပြောင်းဝန်ဆောင်မှု
မြို့တွင်း/နယ်ဝေး
၀၉ ၇၇၀၆၃၉၁၅၅
၀၉ ၄၂၅၃၀၈၇၇၇
၀၉ ၇၇၃၇၃၃၁၆၃



# Myanmar THAMES International
(စီးပွားရေး စီမံခန့်ခွဲမှုသင်တန်း)
## Business Management

- Introduction to Management Function
- Decision Making
- Organizing And Coordination
- Motivation
- Leadership
- Communication
- Management Control
- Time Management
- Change Management

သင်တန်းဖွင့်လှစ်မည့်ရက်၊အချိန် - ၁၅. ၁၀. ၂၀၁၇ - တနင်္ဂနွေနေ့ (၁၀း၃၀ မှ ၁း၃၀)

2nd Fl, Myaynigone Plaza. Ph: 525971, 501450, 0973147379



မာ်
**SEVEN စံ**
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644



အမြန်ရောင်းမည်
ရန်ကုန်မြို့၊ မြောက်ဒဂုံ ၁၆/B ရပ်ကွက်၊ မောင်းမကန်ကမ်းသာ လမ်းမကြီး ဝှတ်ခြံ၊ ပေ ၄၀ x ပေ ၆၀ မြေပိုင်၊ ဘောလီ တံတားမှ ကားဖြင့် ၁၅ မိနစ်ခန့်၊ မြေဖို့ပြီး ဆောက်ရန် အသင့်၊ ၆၉၉ သိန်း (ညှိနှိုင်း)
ဆက်သွယ်ရန် - 09787260620, 09972959518



Condo Pool Side-

**အထူးဈေးဖြင့် ရောင်းရန်ရှိ**

အသစ်တည်ဆောက်မည့် စီးပွားရေးဇုန် ပရောဂျက် (ဧက၇၀၀ခန့်) အနီးရှိ မင်္ဂလာဒုံစွယ်တော် City တွင် Pool Side (ရေကန်)ဘက်သို့ မျက်နှာမူထားသော ထပ်မရနိုင်သောအခန်း။

**"အထူးဈေး"-110,000ကျပ်/sqft**

**ရုံးချိန်အတွင်း-09788200769**



**အမြန်ရောင်းမည်။**
**ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို၊**
**(၁၆၅၀)စတုရန်းပေ အမြန်ရောင်းမည်။**
**ဖုန်း 09967 999888, 0943 999888**



## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်( ၁၀၉၅/က )၊ အကျယ်အဝန်း(အလျား၂၀ × အနံ၆၀)ပေ၊ ဧရိယာ(၀.၀၂၇၅)ဧက၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ယခုရောင်းချသူ ဒေါ်စန္ဒာဝင်း (၁၂/ဗတထ(နိုင်)၀၃၁၉၅၀)မှ အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေက ရောင်းချသည့် တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင် ခိုင်လုံ ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေများ | | |
|---|---|---|---|
| ဒေါ်ဇင်မီမီစိုး | ဒေါ်နန်းဆင့်ဆင့်ထွန်း | ဒေါ်မိုးမိုးအေး | ဒေါ်တင်ဇာနည်နေဝင်း |
| (LL.B,D.M.L)(စဉ် ၄၁၄၀၀) | (LL.B)(စဉ် ၁၂၆၃၉) | (LL.B,D.B.L,D.M.L,D.I.L) WIPO,DL.101Switzerland(စဉ် ၈၅၅၈) | (LL.B,D.I.L)(စဉ် ၉၅၇၃) DL-101(WIPO)Geneva |

အမှတ်(၄၇-က)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
☎ - 09799991090, 09799991092, 09799991095
Email :rabbitfamilyrealestate@gmail.com



# ကျားကမ္ဘာ
佳葛巴　男性补药

## အမျိုးသား အားဆေး

အိမ်ထောင်ရှင် အမျိုးသားများ အကြောနှင့် ပတ်သက်၍ ထုံခြင်း၊ ကျင်ခြင်း၊ ကိုက်ခြင်း၊ ညိုးခြင်း၊ သေခြင်း၊ မြန်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောတက်ခြင်း၊ လေဖြတ်ပြီးသူများ လေမပြန်နိုင်ခြင်း၊ အိပ်မပျော်၊ စားမဝင်ခြင်း၊ ကျောက်ကပ်၊ နှလုံးအားနည်း၍ နှလုံးတုန်ခြင်းစသည့် ရောဂါများအတွက် ဆေးတစ်ဘူးမျှ ပုံမှန် သုံးစွဲခြင်းဖြင့် ထူးခြားသော ဆေးအာနိသင်ကို သိရှိရ ပါလိမ့်မည်။

**စိတ်သွားတိုင်းကိုယ်ပါ လိုအင်ဆန္ဒပြည့်ဝပါစေ**

တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - TMR011424(0615) ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စာနယ်ဇင်း)၀၅၆/ ၀၉၁၂

အမြို့မြို့ဆိုင်တိုင်းတွင်ရပါသည်။

ပင်ရင်း-ကျားကမ္ဘာတာယဆေးဆိုင် - ၄၀၂(ဘေ)ရုံး ကုန်ဈေးတန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၉ ၅၅၀၆၁၀၉၊ ၀၉ ၂၅၀၅၀၉၀၆၁၊ ၀၁-၃၇၁၀၂၂(လိုင်းခွဲ)၅၅၃



JES Driver Academy

အထူးယာဉ်မောင်းသင်တန်း

ထူးခြားသောနည်းစနစ်များဖြင့်သင်ကြားပေးမည့်ယာဉ်မောင်း အထူးသင်တန်းကို (၂၃ -၁၀ -၂၀၁၇) တနင်္လာနေ့တွင် ဖွင့်လှစ်ပါမည်။ လူဦးရေကန့် သတ်ထားပါသည်။

(ခ) လိုင်စင်ရသည်အထိ ဆောင်ရွက်ပေးမည်။ (အမောင်းသင် လိုင်စင်လက်ဝယ်ရှိသူများ အမြန်လိုင်စင်ရမည်။)တက်ရောက် လိုသူများအောက်ပါဖုန်းနံပါတ်များတွင်စုံစမ်းနိုင်ပါသည်။

09 797815723, 09 32173735, 09 428581144
09 263145979, 09 767272088, 09 780636377
www.facebook.com/jesdriveracademy




KING STAR ဖုန်း- 09 264723535, 09 263113229
အောက်ပါဘာသာရပ်များလည်းအဆင့်ဆင့်သင်ကြားနိုင်ပါသည်။
ကွန်ပျူတာအတတ်သင် 35000Ks
သင်တန်းကာလ(တစ်လခွဲ)
✔Internet-12000Ks
✔i-Office 2010
✔D.T.P
✔Graphic Design
✔A+ Hardware
အချိန်ညှိနိုင်းပေးပါသည်။
အမှတ်(၁၁၈)၊(၃၈)လမ်း၊ မြေညီ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ကျွမ်းကျင်မှုကို အလေးထား သင်ကြားပေးပါသည်။

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၃၅၊၃၃၊ ၂၄၊၁၈၊၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

လှထု Steel Structure
သံပန်း၊ သံတံခါး၊ လိပ်တံခါး၊ အလူမီနီယံ စတီးလုပ်ငန်း
အမှတ်(၁၄)၊ ၁၆၇-လမ်း၊ တာမွေ။
Ph:09-5031107, 09-5028986, 09-5008411

1.အလုံ၊ငုဝါလမ်း၊(15x55)2B,PK,ပြင်ငြိမ်း,3F 770Ls
2.စမ်းချောင်း၊သီရိမင်္ဂလာလမ်း၊(25x50)ပြင်ငြိမ်း4F,1200Ls
3.ဗဟန်း၊လမ်း(၅၀)၊(600Sqft)တိုက်သစ်၊Lift1100Ls
4.မင်္ဂလာဒုံ၊ကာယလမ်းသွယ်100x100,ဂရန်မြေ1800Ls
09254507375,09253690527







## တညင်းကုန်း သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်အဆင့်မြင့် လက်ကားဈေးကြီးတွင် ဆိုင်ခန်းများ စတင်ငှားရမ်းနိုင်ကြောင်း အသိပေးကြေညာခြင်း

မြန်မာအက်ဂရိုအိတ်(စ်)ချိန်းပတ်ဘလစ်လီမိတက် (MAEX)နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီတို့ အကျိုးတူပူးပေါင်း တည်ဆောက် အကောင်အထည် ဖော်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွှေပြည်သာတံတား နှင့် ပုလဲလမ်းထောင့်ရှိ တညင်းကုန်းလက်ကားဈေးကြီးတွင် သစ်သီးလက်ကားဈေးရုံ၊ ဟင်းသီးဟင်းရွက်၊ စားဖိုဆောင်သုံး ဝလံပစ္စည်းလက်ကားဈေးရုံနှင့် တောင်သူလက်လီရောင်း (Ground Market) ဈေးရုံကြီး (၃)ရုံရှိ ဆိုင်ခန်းပေါင်း (၅၆၀၀) တည်ဆောက်ပြီးစီးပြီး၊ မကြာမီဈေးစတင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ဈေးသစ်ကြီးတွင် ဆိုင်ခန်းများ ငှားရမ်း၍ လက်ကား ရောင်းချလိုသူများ (၉ - ၁၀ - ၂၀၁၇) ရက်နေ့မှ စတင်၍ မည်သူမဆိုလာရောက် လျှောက်ထား နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

အောက်တိုဘာလအတွင်း ဆိုင်ခန်းငှားရမ်းခွင့် လာရောက် လျှောက်ထားသူများအား ဈေးစတင်ဖွင့်လှစ်သည်မှ (၈) လ အထိ ဆိုင်ခန်းငှားရမ်းခ တစ်ဝက်နှုန်းဖြင့် လည်းကောင်း၊ အောက်တိုဘာလကုန်နောက်ပိုင်း ဆိုင်ခန်း ငှားရမ်းခွင့် လာရောက် လျှောက်ထား သူများအတွက် ဈေးစတင်ဖွင့်လှစ်သည်မှ (၆) လ အထိ ဆိုင်ခန်းငှားရမ်းခ တစ်ဝက်နှုန်းဖြင့် လည်းကောင်း အထူးလျှော့ဈေးဖြင့် ငှားရမ်းပေးသွားမည် ဖြစ်ပါသည်။

ဆိုင်ခန်းငှားရမ်းခြင်း အဆိုပြုလွှာလျှောက်လွှာများအား အောက်ဖော်ပြပါ နေရာများတွင် ဆက်သွယ်စုံစမ်း မေးမြန်း၍ လာရောက်ထုတ်ယူနိုင်ပါသည်။

(၁) မြန်မာအက်ဂရိုအိတ်(စ်)ချိန်းပတ်ဘလစ်လီမိတက်(MAEX)၊ ရုံးခန်းလိပ်စာ-အမှတ် ၂၆၂/၂၆၄၊ပြည်လမ်း၊ အခန်း (၀၄-၀၃)၊ ၄လွှာ၊ ဘလောက်(အေ)၊ ဒဂုန်စင်တာ(၁)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
တယ်လီဖုန်း -၀၁-၅၀၃၉၂၈၊ ၅၀၃၉၂၉

(၂) တညင်းကုန်းသစ်သီးဝလံ၊ဟင်းသီးဟင်းရွက်နှင့်ပန်းမန်အဆင့်မြင့်လက်ကားဈေးကြီး တည်ဆောက်ရေး လုပ်ငန်းစီမံကိန်းရုံး၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်း ထောင့်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

မှတ်ချက်။ ။အရင်ဦးစွာ ဆိုင်ခန်း လာရောက်လျှောက်ထားသည့် အစီအစဉ်ပေါ်မူတည်၍ ဆိုင်ခန်းနေရာများ ဦးစားပေး ချထားပေးပါမည်။

ဒါရိုက်တာအဖွဲ့
မြန်မာအက်ဂရိုအိတ်(စ်)ချိန်းပတ်ဘလစ် လီမိတက် (MAEX)

License No(661) သာကီနွယ် Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည့် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး

Hot Line - 01-200952

ဓါတ်တော်တိုက်ဖွင့်ပွဲအန်ဆောင်မှုနှင့်လပြည့်အထူး Promotion ခရီးစဉ်ထွက်ခွာမည့်ရက် - ၂၉.၁၀.၂၀၁၇

အထူးလျှော့ဈေးဝန်ဆောင်မှုအပြည့် ၁၂.၅ သိန်းအစား - အပိုငွေကြေး(လုံး၀)လုံးဝထပ်မကောက်ပါ
(၁၁.၂)သိန်း(၁၅) ရက်ခရီး ဘုရားဌာနအစုံ စရိတ်ငြိမ်း - ညအောင်းခရီးမပါ။ဟိုတယ်(၃)ည
(၉.၂) သိန်း (၈) ရက်ခရီး စရိတ်ငြိမ်းဗီဇာကြေးလျှော့ထားပြီး - စိတ်တိုင်းကျဆောင်ရွက်ပေးပါသည် - (၁၀)ဦးလျှင်(၁)ဦးအခမဲ့

ထွက်ခွာမည့်ရက်များ
Dec - 9,17 /Jan - 7,20,27
Feb - 4,10,17,24
Mar - 4,10,18,24,25

ရန်ကုန် - အခန်းနံပါတ်(2Y)၊ ၂ လွှာ၊ ၀၂၈ လမ်းအပေါ်ထိပ်၊ Shine Tower (Golden View Condo)မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း - ၀၉- ၇၇၈၈၂၂၂၆၀ မန္တလေးရုံးဖုန်း - ၀၉-၇၇၈၈၂၂၂၅၀ တောင်ကြီးရုံးဖုန်း - ၀၉- ၇၇၈၈၂၂၂၇၀

မြဝတီ ASIA KING
ချောင်းသာ (နေ့စဉ်) 12000
ငွေဆောင် (ညကြို) 15000
ကျိုက်ထီးရိုး (နေ့စဉ်) 10000
09-77 85 85 912, 09-43 11 43 01

သုံးရာသီ-မွှေးပံ့
20 - 10 - 2017
AirCom: Express
420144148, 421153797

ချမ်းသာ ဝါကျွတ်ပွဲတော်အထူးဒါနခရီးစဉ်များ
ကျိုက်ထီးရိုး(နေ့စဉ်)10000, ချောင်းသာ(နေ့စဉ်)12000
Ph:09425334456,0925023599,0949323965

ခေတ်ရွှေဆောင်
09 449250191
Nov-2, 10/Dec-22

ကလေးနာမည်ပေးဆရာကြီး
ရာဇာဇော်ဝင်း
01-394727, 01-399426, 09-73009994(LL.B.)
09-5152521

DM TRAVELS
ချောင်းသာ - ၁၀၀၀၀ ကျပ်
ငွေဆောင် - ၁၃၀၀၀ ကျပ်
09- 25710 3030
09- 25254 5050








SKL Travel
ရွှေခင်းလမ်းခရီးသွားလုပ်ငန်း
- ရန်ကုန် ၀၁ ၅၂၄ ၈၄၁၊ ၀၉ ၇၈၈ ၉၉၉၉ ၈၁၀ မှ ၈၆၀
- မန္တလေး ၀၉ ၇၇၁၄ ၇၇၁၄၁ မှ ၁၄၆

**မန္တလေးအတွက် ခရီးစဉ်များ**

| | | |
|---|---|---|
| မန္တလေး–ဘန်ကောက် | ၁ ~ ၅ ဒိုဝင်ဘာ | (USD 590) |
| မန္တလေး–စင်ကာပူ | ၁ ~ ၅ ဒိုဝင်ဘာ | (USD 940) |
| မန္တလေး–ဘန်ကောက်(ဆေးစစ်) | ၁၁ ~ ၁၃ ဒိုဝင်ဘာ | (USD 399+Baht 5000) |

**ရန်ကုန်အတွက် ခရီးစဉ်များ**

| | | |
|---|---|---|
| ဘန်ကောက် (ဆေးစစ်) | ၁၁ ~ ၁၃ ဒိုဝင်ဘာ | (USD 288+Baht 5000) |
| ကမ္ဘောဒီးယား | ၂ ~ ၅ ဒိုဝင်ဘာ | (USD 450) |
| ဟိုချီမင်း–မွေနဲ–ဒါလတ် | ၁ ~ ၅ ဒိုဝင်ဘာ | (USD 360) |
| ဟန်နွိုင်း–ဟလောင်း–နင်းဘင်–ထရမ်အန်း | ၁ ~ ၅ ဒိုဝင်ဘာ | (USD 399) |
| စင်ကာပူ | ၂ ~ ၅ ဒိုဝင်ဘာ | (USD 680) |
| ဗုဒ္ဓဂယာ +ဟိုတယ် | ၁၅ ~ ၂၂ ဒိုဝင်ဘာ | (USD 1000) |
| ဟောင်ကောင်–မကာအို | ၁၀ ~ ၁၄ ဒိုဝင်ဘာ | (USD 1385) |
| ဘေဂျင်း–ရှန်ဟိုင်း | ၁၂ ~ ၁၇ ဒိုဝင်ဘာ | (USD 1420) |


WORLD POST DAY 9 OCTOBER

ပြည်ထောင်စုမြန်မာနိုင်ငံ ဆက်သွယ်ရေးပို့ဆောင်ရေး Myanmar Post မြန်မာ့စာတိုက်လုပ်ငန်း

OK$

**၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့တွင် ကျရောက်မည့် (၁၄၃)နှစ်မြောက် ကမ္ဘာ့စာတိုက်နေ့အား ဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆိုပါသည်။**

**မြန်မာ့စာတိုက်လုပ်ငန်း အဓွန့်ရှည် တည်တံ့အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။**


**ဆရာကျော်** "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"
ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။
Ph : 09-512-1284, 09-420-707802, 09-250-066210

23 မဆလာ (ဖခင်ဘိုးအမွေ အကြိုက်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆

GLOBAL PHOENIX
အိမ်ခြံမြေ အကျိုးဆောင်
အဆင့်မြင့် လုံးချင်းအိမ်များ၊ ကွန်ဒိုခန်းများကို ငှားလိုသော နိုင်ငံခြားသား ဧည့်သည်များ ရှိနေပါသဖြင့် အိမ်ပိုင်ရှင်များ အမြန်ဆုံး ဆက်သွယ်ပေးပါ။
09-260 2600 29 / 59


ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှု ပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင် အောက်တိုဘာလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

"Human Resource Management Course for Entrepreneurs"

စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၁၁-၁၀-၂၀၁၇ မှ ၂၀-၁၀-၂၀၁၇
(ညနေပိုင်း ၈ ရက်သင်တန်း)

သင်တန်းကြေး - ၄၀၀၀၀(ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

သင်တန်းစုံစမ်းရန် - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)

ဖုန်း-၀၁-၅၂၂၈၇၆၊ ၀၁-၅၂၂၈၇၅၊ ၀၉-၇၇၇၂၃၀၁၈၁


Home Since 1996
Think of House, think of Home
ပါကေးအစားထိုး ကြမ်းခင်း
သီတင်းကျွတ် အထူး ကျင်းပုံလက်ဆောင်
Floor ၂ ကျင်း ဝယ်လျှင် → Floor (ဂိုဒေါင်ရှင်း) ၁ ကျင်း လက်ဆောင်
*Terms & Conditions Applied
Grade & Quality စစ်မှန်မှုကို စက်ဖြင့် အခမဲ့ လက်တွေ့ စစ်ဆေးပေးသည်။
အမှတ် F(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း(မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
အမှတ် (E-11A) လေးဒေါင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သယ်န်းကျွန်း၊ ရန်ကုန်မြို့။
☎09-79 700 70 70 ☎09-79 700 70 80

FAME Mangosteen
Natural antibiotics
မင်းကွတ်သီးဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 013084 (0118)
၂/၂၀၁၅ တဆထလ (တိုး) ဝ၆၅၇
09-965559860

FAME Chamomile
Apigenin 50 mg
ချာမိုမိုင်းဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 013104 (0118)
၂/၂၀၁၅ တဆထလ (တိုး) ဝ၆၅၇
09-73142216

MYANMARWATER
Myanmar's Leading International Water Supply, Sanitation, Water Resources, Industrial Wastewater Treatment and Purification, Renewable Energy and Energy Efficiency Exhibition Event
RENEWABLE ENERGY / RE MYANMAR
ENERGY EFFICIENCY / EE MYANMAR
26 - 28 OCTOBER 2017
TATMADAW EXHIBITION HALL, YANGON
26 – 27 October : 9.00am to 5.00pm
28 October : 9.00am to 4.00pm
OPENS IN 3 WEEKS
Pre-register online to get FREE ENTRANCE PASS and exciting freebies!
BUSINESS MATCHING with over 180 EXHIBITING COMPANIES
NETWORKING OPPORTUNITIES with 5,000 QUALITY TRADE VISITORS
8 INTERNATIONAL PAVILIONS from China, Germany, Israel, Japan, Malaysia, Singapore, Taiwan and Thailand
Attend the high-level MyanmarWater 2017 CONFERENCE and TECHNOLOGY SYMPOSIUM - for FREE!
+95 1 378 975 (Ext. 102)
yeemon.chen@ubm.com



Organised by UBM | Endorsed by | Co Organised by
Supported by: Myanmar Engineering Society
Tema
Gold Sponsor: TSS Tokyo Water Co., Ltd.
Silver Sponsor: Supreme Group of Companies, Supreme Water Doctor Group
Media Partners: Asian Water, BizClik, Greenplus, QWi, Water & Wastewater, Myanmar Energy Monitor
www.myanwater.com | www.renewableenergymyanmar.com

# ပုဂံ စွယ်တော်လေးဆူနှင့် ဘုရားပုထိုးများတွင် သီတင်းကျွတ်ပိတ်ရက်၌ ပြည်တွင်းဘုရားဖူးများ အထူးစည်ကားခဲ့



ဖူးဘုရားလှေဆိပ်မြင်ကွင်းကို တွေ့ရစဉ်။

**ညောင်ဦး အောက်တိုဘာ ၈**

ယခုနှစ် သီတင်းကျွတ်ပိတ်ရက် ငါးရက်တာကာလတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စွယ်တော်လေးဆူနှင့် ဘုရားပုထိုးများတွင် ပြည်တွင်းဘုရားဖူးများဖြင့် အထူးစည်ကားများပြားခဲ့ပြီး ယခင်နှစ်များထက် စံချိန်တင်များပြားခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများမှ တာဝန်ရှိသူများနှင့် ပုဂံဒေသခံများက ပြောသည်။

သီတင်းကျွတ်ကာလသည် နှစ်စဉ်ဘုရားဖူးများပြားလေ့ရှိသည့် ကာလဖြစ်သော်လည်း ယခုနှစ်တွင် တရားဝင်ရုံးပိတ်ရက် သုံးရက်နှင့် စနေ၊ တနင်္ဂနွေဆက်၍ စုစုပေါင်း ငါးရက်တာရရှိခဲ့ခြင်းနှင့်အတူ ပုဂံဒေသသို့ လာရောက်ခဲ့သည့် ပြည်တွင်းခရီးသွားအရေအတွက်မှာ စံချိန်တင်များပြား ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံလုပ်ငန်းရှင်များက ပြောသည်။

"အခုနှစ်ကတော့ စံချိန်တင်ပဲဗျ။ ဟိုတယ်တွေ၊ တည်းခိုခန်းတွေ ပြည့်ရုံတင်မဟုတ်ဘူး။ ဘုန်းကြီးကျောင်းတွေလည်း အပြည့်ပဲ။ အခုက ပြည်တွင်းခရီးသွား တအားများတယ်။ နေရာတိုင်း ကားတွေ ပြည့်ကျပ်တဲ့အထိဖြစ်ကုန်တယ်။ ဘုရားဖူး တအားများတော့ ယာဉ်ကြောပိတ်တာကို သေချာလေး စီမံနိုင်ရင် ပိုကောင်းမယ်။ နောက်ပြီး အမှိုက်စွန့်ပစ်မှုတွေရောပေါ့။ လူများပြီး အမှိုက်တွေပစ်ထားကြတော့ နိုင်ငံခြားသားတွေ

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ❖

# မြန်မာ့ရိုးရာလက်ဝှေ့သင်တန်းဆင်းလက်မှတ်များကို ရွှေအစစ်ဖြင့် ချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ပူးပေါင်း၍ ပထမဆုံးအကြိမ် ဖွင့်လှစ်သည့် ၂၀၁၇ ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့ အဆင့်မြင့်နည်းပြဆရာသင်တန်းဆင်းပွဲနှင့် အောင်ပွဲရ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ထောက်ကြန့်မြို့နယ်ရှိ မြန်မာ့အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်ရုံးချုပ် မြန်မာ့ရိုးရာလက်ဝှေ့သင်တန်းခန်းမ၌ ကျင်းပရာ ရွှေအစစ်ဖြင့် ပြုလုပ်ထားသော မြန်မာ့ရိုးရာလက်ဝှေ့ပုံစံ တံဆိပ်ပြားများကပ်နှိပ်၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မြန်မာပြည်ချန်ပီယံ၊ ရွှေခါးပတ်ချန်ပီယံ၊ ဒဂုံရွှေအောင်လံဆုရရှိပြီးသူများနှင့် လက်ရှိနိုင်ငံကိုယ်စားပြု နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ထိုးသတ်နေသော ရိုးရာလက်ဝှေ့သမားများကို လေ့ကျင့်ပေးနေသည့် ကလပ်များမှ နည်းပြဆရာ ၃၁ ဦး တက်ရောက်သင်ယူခဲ့ပြီး သင်တန်းပြီးဆုံးချိန်တွင် ဖော်ပြပါ ရွှေတံဆိပ်ပါလက်မှတ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ချီးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

အခမ်းအနား တွင် ပြည်ထောင်စု ဝန်ကြီးက အဆိုပါသင်တန်းဖွင့်လှစ်ချိန်သည် မြန်မာ့ရိုးရာလက်ဝှေ့ အားကစား နိုင်ငံတကာသို့အရှိန်အဟုန်ဖြင့် ထိုးဖောက်ရောက်ရှိနေသည့်အချိန်နှင့် တိုက်ဆိုင်နေချိန်ဖြစ်ကြောင်း၊ ယင်းအပြင် နိုင်ငံတကာရှိ ကိုယ်ခံပညာများနှင့် မတူကွဲပြားသည့် နည်းစနစ်၊

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ○

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေ

**နေပြည်တော် အောက်တိုဘာ ၈**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

## အနောက်တောင်မုတ်သုံလေဆုတ်ခွာ

**နေပြည်တော် အောက်တိုဘာ ၈**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

